မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၆၈)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကသမ္မတဟောင်း မစ္စတာနယ်ဆင်မန်ဒဲလ်လား ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာပို့

နေပြည်တော် ဒီဇင်ဘာ ၆

ဒီဇင်ဘာ ၅ ရက်တွင် တောင်အာဖရိကသမ္မတနိုင်ငံ၏ သမ္မတဟောင်း မစ္စတာ နယ်ဆင်မန်ဒဲလ်လား ကွယ်လွန်သွားခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျေးကော့ဘ်ဇူးမားထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

အာဆီယံမိသားစုစင်အချင်းချင်း စည်းလုံးညီညွတ်မှုကို ပြသရန် မိမိကိုယ်တိုင်လာရောက်

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မနီလာမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဆီဘူးမြို့ (MACTAN CEBU) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ပြည်နယ်အုပ်ချုပ်ရေးမှူး Hilario P. Davide (III) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရဟတ်ယာဉ်များဖြင့် ဘန်တာရန်ကျွန်းသို့ ဆက်လက်ထွက်ခွာပြီး မုန်တိုင်းဒဏ်သင့်ဒေသများအား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် Santa Fe လေဆိပ်သို့ရောက်ရှိပြီး လေဆိပ်၌ မုန်တိုင်းဒဏ်ခံဒေသများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက မုန်တိုင်းဒဏ်ခံရမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံပြည်သူများနှင့် အစိုးရအဖွဲ့က မုန်တိုင်းဒဏ်ခံ ဖိလစ်ပိုင်ပြည်သူများအပေါ် စာနာမှုကို ပြသရန်အတွက်လည်းကောင်း၊ အာဆီယံ မိသားစုဝင်အချင်းချင်း စည်းလုံးညီညွတ်မှုကိုပြသရန်အတွက် လည်းကောင်း၊ မိမိကိုယ်တိုင်လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိနှင့်အတူ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ငွေကြေး၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများပါ တစ်ပါတည်း ယူဆောင်လှူဒါန်းခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တစ်ဖွဲ့လည်း ဖိလစ်ပိုင်နိုင်ငံတွင် အခြေပြုပြီး သဘာဝဘေးဒဏ်

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ Santa Fe လေဆိပ်သို့ရောက်ရှိပြီး လေဆိပ်၌ မုန်တိုင်းဒဏ်ခံဒေသများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒီဇင်ဘာ ၆ ရက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီး event 1 ခြင်းလုံးခတ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားနေသည်ကို တွေ့ရစဉ်။

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ယနေ့ မာတိကာ

တရုတ်နှင့် အမေရိကန်ပူးပေါင်းဆောင်ရွက်မှုတိုမြှင့်ရန် တရုတ်ဝန်ကြီးချုပ် လီကေ့ချန်း တိုက်တွန်း ၈-၄

ဆီးဂိမ်းပွဲတော်ကို ဂုဏ်ပြု ၃၁၉ မိုင်ခရီး စက်ဘီးစီးနှင်း ၈-၁၁

Oramin-G

ခန္ဓာထန်ရှမ်းစိတ်ရွှင်လန်းဖို့ 'ဇော်ရာမင်-ဂျီ' ထိုးထောက်ပြုပါရှိ ...

DAEWON PHARM. CO., LTD.

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ယုံကြည်ချက်

ကြိုးစားအားထုတ်မှုတစ်ခု၏ အဆုံးစွန်တွင် အောင်မြင်မှုနှင့် မအောင်မြင်မှုနှစ်ခုသာ ရှိသည်။ အောင်မြင်လျှင် ပြုံးပျော်ရမည်။ မအောင်မြင်လျှင် ထပ်မံကြိုးစားရန်သာရှိသည်။ ကြိုးစား၍မအောင်မြင်လျှင် ကြိုးစားသည့်အတွေ့အကြုံကောင်းတစ်ခုခုတော့ရမည်သာဖြစ်၏။ မအောင်မြင်မှုသည် လုံးဝရှုံးနိမ့်သွားခြင်းမဟုတ်။ လုံးဝမကြိုးစားသူနှင့်စာလျှင် အောင်မြင်မှုရရှိရန် အနီးကပ်ဆုံးနေရာတွင် ရှိနေသည်သာဖြစ်၏။ ထပ်မံ၍ ကြိုးစားလိုက်မည်ဆိုလျှင် အောင်မြင်မှုရရှိစေမည်သာဖြစ်၏။

များသောအားဖြင့် အောင်မြင်မှုသည် တစ်ကြိမ်နှစ်ကြိမ်ကြိုးစားရုံဖြင့် မဖြစ်နိုင်ပါ။ ကြိမ်ဖန်များစွာ လေ့ကျင့်မှု၊ ပြင်ဆင်မှု၊ ကြိုးစားအားထုတ်မှုတို့ဖြင့်သာ အောင်မြင်မှုကို ရရှိစေနိုင်မည်သာဖြစ်ပါသည်။ ပုဆိန်ငယ်သည် သေးငယ်သော်လည်း ကြိမ်ဖန်များစွာ ခုတ်ထစ်မည်ဆိုပါက ကြီးမားသောသစ်ပင်ကြီးများကိုပင် ခုတ်လှဲနိုင်စွမ်းရှိ၏။ လောက၌ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်သည်ဟူသော စကားရှိ၏။ ကြိုးစားလျှင် အောင်မြင်မှုသည် အသေအချာရရှိမည်သာ ဖြစ်သည်။

အောင်မြင်မှု၏ ပထမဆုံးသောခြေလှမ်းသည် ယုံကြည်မှုပင်ဖြစ်၏။ ငါသည် ဤအရာကို ကောင်းစွာလုပ်နိုင်စွမ်းရှိသည်၊ လုပ်နိုင်သည်၊ လုပ်၍အောင်မြင်ရမည်ဟူသော ယုံကြည်ချက်သည် အရေးကြီးသောအချက်ဖြစ်ပါသည်။ ငါတို့ ဤတောင်ထိပ်သို့ အရောက်သွားမည်။ ခရီးမည်မျှခက်ခဲကြမ်းတမ်းစေကာမူ ငါတို့တတ်နိုင်စွမ်းရှိသည်။ တောင်ထိပ်သို့ရောက်ကို ရောက်ရမည်ဟူသော သန္နိဋ္ဌာန်သည် ယုံကြည်ချက်ပင်ဖြစ်၏။ ယုံကြည်ချက်၊ ခံယူချက်ကိုးသည် အောင်မြင်မှုအတွက် အရေးအကြီးဆုံးသော အစိတ်အပိုင်းများဖြစ်၏။

ခရစ္စတိုဖာကိုလံဘတ်စ်ဆိုသူသည် အာဖရိကကမ်းရိုးတန်းကနေဒီကျွန်းစုမှ အနောက်စူးစူးသို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ပြီး ရွက်လွှင့်သွားခြင်းဖြင့် လမ်းသစ်ရှာက ရနိုင်မည်ဟု သူကအခိုင်အမာယုံကြည်ခဲ့သည်။ သူယုံကြည်ထားသည်အတိုင်း အမေရိကတိုက်ကို စတင်တွေ့ရှိသူအဖြစ် ထင်ရှားခဲ့သည်။ ဤသည်မှာ ယုံကြည်ချက်ပင်ဖြစ်သည်။ အောင်မြင်မှုကိုရှာဖွေရာတွင် ယုံကြည်မှုသည် အရေးကြီးကြောင်း ဤအချက်က မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

သို့သော် အချို့သောသူများမှာ အလုပ်တစ်ခုခုကို လုပ်ကိုင်ရာတွင် မယုံမရဲလုပ်တတ်ကြသဖြင့် မျှော်လင့်ချက်နှင့်ကင်းဝေးသွားကြရသည်။ ယုံကြည်ချက်သည် မဆုတ်မနစ်လုပ်ကိုင်မည်ဟူသော စိတ်ဓာတ်ပင်ဖြစ်သည်။ သို့ရာတွင် မဖြစ်နိုင်သောအရာ၊ ဖြစ်နိုင်သောအရာဟူ၍ ဝေဖန်ပိုင်းခြားတတ်ဖို့လိုပါသည်။ မဖြစ်နိုင်သည့်အရာအပေါ် မျှော်လင့်ချက်ထားခြင်းသည် အချည်းနှီးသာဖြစ်၏။ အဂ္ဂိရတ်ထိုးခြင်းဖြင့် ရွှေဖြစ်လိမ့်မည်ဟူသော ယုံကြည်ချက်သည် မှားယွင်းသော ယုံကြည်ချက်ပင်ဖြစ်၏။ ဖြစ်နိုင်သော အရာများသာလျှင် အမှန်တကယ်ယုံကြည်ချက်ဖြင့် အောင်နိုင်၏။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ဖြစ်နိုင်သောအရာမှန်သမျှ ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်ကိုင်ကြိုးစားမည်ဆိုလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

အာရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

နေပြည်တော်၌ ကျင်းပမည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နည်းပညာဆိုင်ရာ တာဝန်အပ်နှင်းမှုအစီအစဉ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ကျင်းပရာ (၇)ကြိမ်မြောက် မသန်စွမ်းအားတစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နေလင်းနှင့် ကော်မတီဝင်များ၊ ကွန်ပျူတာနည်းပညာနှင့် အလင်း၊ အသံထိန်းညှိခြင်း၊ အရိပ်ချခြင်းလုပ်ငန်းရပ်များအတွက် စေတနာ့ဝန်ထမ်း Volunteer တာဝန်ယူဆောင်ရွက်မည့် Myanmar Computer Company မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဆောင်ရွက်မည့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအစီအစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် ပြိုင်ပွဲများ၌ ပြိုင်ပွဲဝင်အားကစားသမား ၁၂၀၀ ကို ချီးမြှင့်ရန်အတွက် ဦးမျိုးဝင်း၊ ဒေါက်တာယုန္ဒယ်ဝင်း၊ ပွင့်ဖြူ Jade & Jewerliery က လျှဒါန်းငွေကျပ်သိန်း ၁၀၀ ကို အလှူရှင်ကိုယ်စားဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်နေလင်းထံသို့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ဓါတ်ပုံ) (သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ယာဉ်ဝင်း အဝင် အထွက်လမ်းနှင့် ချိုင့်ခွက်များ ပြင်ပေးစေလို

ပဲခူးမြို့သည် မြန်မာပြည်အထက်အောက်ဆုံရာ လမ်းဆုံမြို့နှင့် ပဲခူးတိုင်းဒေသကြီး၏ မြို့တော်လည်းဖြစ်သည်အလျောက် အဝေးပြေးယာဉ်များနှင့် မြို့တွင်း ယာဉ်များအသွားအလာ အဝင်အထွက်ဖြစ်သော ယာဉ်ရပ်နားစခန်း၏ အဝင်နှင့်အထွက်တို့တွင် မြင်မကောင်းအောင် ချိုင့်ခွက်များဖြစ်ပေါ်နေရာ ပြင်မည်သူမရှိဘဲ ဖြစ်နေခြင်းမှာ အလွန်ရုပ်ဆိုးလှပါသဖြင့် တာဝန်ရှိသူများ အမြန်ဆုံးပြုပြင်ပေးရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ **သန့်စင်**

ယာဉ်ဝင်းသစ်အဝင်ဝ ချိုင့်ခွက်များဖြစ်နေပုံ

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ ပနားမားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့သည် ပနားမားနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသော သတ္တမအကြိမ်မြောက် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအာဏာပိုင်အဖွဲ့ (IAACA)၏ အစည်းအဝေးနှင့် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသော ပဉ္စမအကြိမ်မြောက် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UNCAC)၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံပေါင်း(၁၆၇)နိုင်ငံမှ ကိုယ်စားလှယ် ၁၅၂၀ တို့ တက်ရောက်ခဲ့ကြပြီး သတ္တမအကြိမ်မြောက် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ်က ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအသစ် ပြဋ္ဌာန်းခဲ့မှု၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု၊ လွှတ်တော်မှ ကော်မတီများဖွဲ့၍ ဆောင်ရွက်နေမှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအသစ်အရ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးကာလအတွင်း UNODC မှ အရှေ့တောင်အာရှတာဝန်ခံ Mr.Shervan နှင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေး

ပေါက် ဒီဇင်ဘာ ၆

လမ်းအသုံးပြုသူများ လမ်းစည်းကမ်းလိုက်နာရန်နှင့် ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းတိကျစွာလိုက်နာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်ချမ်းသာရပ်ကွက် ပေါက်-ပခုက္ကူလမ်းမကြီးပေါ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းဆုံ၌ ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးနှင့်အဖွဲ့ မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းလျက် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် လက်တွေ့ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အများပြည်သူအတွက် အရေးကြီးလို့ပါ။ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့ပတ်သက်ပြီး အများပြည်သူ သိရှိလိုက်နာဆောင်ရွက်တတ်လာစေဖို့အတွက် ယခုလို ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပညာပေးနေရတာပါ"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်(မန်းတက္ကသိုလ်)



ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

Ayala Corporation မှ Chief Operating Officer အား လက်ခံတွေ့ဆုံ

မနီလာ ဒီဇင်ဘာ ၆

မနီလာမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Ayala Corporation မှ ဥက္ကဋ္ဌဖြစ်သူ Mr.Fernando Zobel de Ayala ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် မနီလာဟိုတယ်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး ယနေ့ ည ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်တွင် **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ·အ·မ·ဖ)ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ကန်သည်လမ်း၊ အမှတ် (၉၈/၁) တွင် ပါတီရုံးချုပ်ကည်ရှိသော **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ·အ·မ·ဖ) ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၆-၁၂-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ·အ·မ·ဖ)ပါတီ၏ အလံပုံစံ

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ·အ·မ·ဖ)ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘုန်းတော်ကြီးသင် ကျောင်းသား ကျောင်းသူများအား အနွေးထည်နှင့် အာဟာရကျွေးမွေးလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၆

ဒီဇင်ဘာ ၅ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး၊ နိုင်ငံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင် ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင်များစုပေါင်း၍ နေပြည်တော် ပျဉ်းမနားမြို့ရှိ အမှတ် (၆) ဘုန်းတော်ကြီးပညာသင်ကျောင်း ရတနာမန် ကျောင်းတိုက်တွင် ပညာသင်ကျောင်းသား ကျောင်းသူ ၉၅ ဦးကို အနွေးထည်အင်္ကျီတစ်စုံစီ ပေးအပ်ခဲ့ပြီး (အောက်ပုံ) အာဟာရဒါနအဖြစ် နေ့လယ်စာနှင့် နို့တိုက်ကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့အပြင် ရတနာမန်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် နဝကမ္မအလှူတော်ငွေများကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်းခေါင်စာရင်းနှင့် အိမ်အကြောင်းထပ်ဆင့်ရှင်းလင်း

ဆီဆိုင် ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပုံးအင်းကျေးရွာအုပ်စု ဝမ်းပုံးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း ကောက်ယူရေး ထပ်ဆင့်ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ထွန်းက သန်းခေါင်စာရင်းအကြောင်းသိကောင်းစရာများနှင့် ကောက်ယူမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် နောင်မွန်ကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်း၌လည်း လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းကောက်ယူရေး ထပ်ဆင့်ရှင်းလင်းဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ် ပြန်/ဆက်

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးမြင့်ဝင်း၊ ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်း၊ ဦးမျိုးချစ်

အဖွဲ့ဝင်များ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊

ခရိုင်/မြို့နယ်ဥပဒေအရာရှိများ

(မကွေးတိုင်းဒေသကြီး)

နိုင်ငံတကာသတင်း

တင်းမာမှုမြင့်တက်နေချိန် ဂျိုးဘိုင်ဒင် ဆိုးလ်သို့ရောက်

ဆိုးလ် ဒီဇင်ဘာ ၆

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် တရုတ်၏ သတ်မှတ်လိုက်သော လေကြောင်းကာကွယ်ရေးဇုန်အရေးနှင့်ပတ်သက်၍ တင်းမာမှုများဖြစ်ပွားနေချိန် အာရှခရီးစဉ် တတိယနိုင်ငံအဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီး သမ္မတပတ်ဂွန်ဟေးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စပတ်သည် ၎င်း၏ ကိုယ်ပိုင်ဇုန် တိုးချဲ့သတ်မှတ်ရန် တောင်ကိုရီးယားနိုင်ငံက တင်ပြဖွယ်ရှိသည်။ တရုတ်၏ လေကြောင်း ကာကွယ်ရေးဇုန်သည် ဂျပန်ကထိန်းချုပ်ပြီး တောင်ကိုရီးယားနိုင်ငံတလည်း ပိုင်ဆိုင်လိုမှုဖြင့် တောင်းဆိုထားသောဒေသကို လွှမ်းခြုံထားသည်။

တရုတ်၏ လုပ်ရပ်သည် အာရှတစ်ဝန်းစိုးရိမ်မှုကို ဖြစ်စေကြောင်း မစ္စတာဂျိုးဘိုင်ဒင်က ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။ ယင်းစိုးရိမ်မှုသည် မြင့်တက်လာဖွယ်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(ဘီဘီစီ)**

တရုတ်နှင့် အမေရိကန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်ဝန်ကြီးချုပ် လီကေ့ချန်းတိုက်တွန်း

ပေကျင်း ဒီဇင်ဘာ ၆

တရုတ်ဝန်ကြီးချုပ် လီကေ့ချန်းသည် ကြာသပတေးနေ့က အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့သည် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု စာချုပ်နှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆောင်ရွက်သင့်ပြီး နှစ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍသစ်တစ်ခု ဖွင့်လှစ်ရန် ကျယ်ပြန့်စွာ တိုးမြှင့်ပူးပေါင်း ဆောင်ရွက်သင့်သည်ဟု လီက ဘိုင်ဒင်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု စာချုပ်အတွက် စေ့စပ်ဆွေးနွေးခြင်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း ၁၀ ကြိမ်မြောက်ဆွေးနွေးခဲ့ကြသည်။ ယခုနှစ် ဇူလိုင်လက ကျင်းပခဲ့သော ငါးကြိမ်မြောက် မဟာဗျူဟာမြောက် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှုစာချုပ် စေ့စပ်ဆွေးနွေးရေး နောက်တစ်ဆင့် တက်လှမ်းနိုင်ရန်အတွက် ပထမဆုံးအကြိမ် ဆွေးနွေးခဲ့ကြသည်။ စေ့စပ်ဆွေးနွေးရေးသည် အမေရိကန်နှင့် တရုတ်တို့အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၊ အတည်ပြုမှုနှင့် အပြန်အလှန် အပေးအယူရှိမှုတို့၏ ပြုပြင်ပြောင်းလဲရေးတို့ကိုဆွေးနွေးရန်အတွက်အခွင့်အရေးတစ်ခုဖြစ်သည်။

တရုတ်ပြည်သို့ တင်ပို့မည့် နည်းပညာအဆင့်မြင့် ပို့ကုန်ပစ္စည်းများကို ထိန်းချုပ်ထားမှုအား ဖယ်ရှားရန်နှင့် သဘာဝဓာတ်ငွေ့ အပါအဝင် သန့်စင်သော စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်နှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် များစွာသော ကိစ္စရပ်များကို ဆောင်ရွက်ရန် အမေရိကန်အား လီက ဒီဇင်ဘာ ၅ ရက်တတိုက်တွန်းခဲ့သည်။

တရုတ်နှင့်အမေရိကန်တို့သည် အာရှနှင့် ပစိဖိတ်ဒေသတွင် ပွင့်လင်းပြီး ပြည်စုံခိုင်မာသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဘောင်ကို တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်သင့်ပြီး မဟာစီးပွားရေး မူဝါဒများကို အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် အတူတကွလုပ်ဆောင်သင့်ကြောင်း လီက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

မလေးရှားဝန်ကြီးချုပ် ပြုပြင်ပြောင်းလဲမှုများ အလေးပေး

ကွာလာလမ်ပူ ဒီဇင်ဘာ ၆

မလေးရှားနိုင်ငံ၏ အာဏာရနိုင်ငံရေးပါတီဖြစ်သော ယူနိုက်တက်မလေးအမျိုးသားအဖွဲ့ (ယူအမ်အင်န်အို)တွင် ဒီဇင်ဘာ ၅ ရက်က နှစ်ပတ်လည်ညီလာခံပြုလုပ်ခဲ့ရာတွင် ပါတီဥက္ကဋ္ဌနှင့်ဝန်ကြီးချုပ်ဖြစ်သူ နာဂျစ်ရာဇတ်က အာဏာရပါတီဆက်လက်ရှင်သန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

ပါတီ၏လုပ်ငန်းစာရင်းတွင် မလေးလူမျိုးများနှင့် အခြားတိုင်းရင်းသားအုပ်စုများ၏ စီးပွားရေးတိုးတက်ခိုင်မာရေး ဦးစားပေးအနေဖြင့် နာဂျစ်၏ ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ပါဝင်သည်။ နာဂျစ်က လူငယ်ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ပါတီယန္တရား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆောင်ရွက်မှုအခြေအနေစနစ်ကို အသက်သွင်းရေးအတွက် ပါတီကို တိုက်တွန်းလိုက်သည်။ (ယူအမ်အင်န်အို) ပါတီကို အခြေခံသော မလေးလူမျိုးများ လွှမ်းမိုးသည့် နာဂျစ်၏လူမျိုးပေါင်းစုံညွန့်ပေါင်း အစိုးရအဖွဲ့သည် မေလတွင် ကျင်းပသည့် လွတ်လပ်သော ရွေးကောက်ပွဲပြီးကတည်းက နိုင်ငံအတွင်း အဟန့်အတားမရှိ အုပ်ချုပ်ရေးကို ချဲ့ထွင်ခဲ့သည်။ သို့သော် (ယူအမ်အင်န်အို)သည် ကျေးလက်ဒေသရှိ မလေးလူမျိုး မဲဆန္ဒရှင်များ၏ ခိုင်မာသော ထောက်ခံမှုကြောင့် ပါလီမန်အတွင်း အမတ်နေရာများတိုးတက်ရရှိခဲ့သည်။

၂၀၀၉ ခုနှစ်ကတည်းက အာဏာရရှိလာခဲ့သော နာဂျစ်သည် အမျိုးသား ပြုပြင်ပြောင်းလဲရေး မူဝါဒများကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံမျှရှိသည့် တရုတ်နွယ်ဖွားချမ်းသာသောသူများထက် တိုင်းရင်းသားမလေး လူမျိုးများကို မျက်နှာသာပေးသည့် မူဝါဒများအား လျှော့ချခဲ့သည်။

နာဂျစ်သည် ပါတီအစောပိုင်း စစ်တမ်းများအရ ပါတီဥက္ကဋ္ဌနှင့်ခေါင်းဆောင်မှုအနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်သော်လည်း အချို့အကဲခတ်များ၏အဆိုအရမူ ဝန်ကြီးချုပ်သည် မလေးလူမျိုးများ၏ အခွင့်အရေး ခိုင်မာစေရန် ပါတီရှေးရိုးစွဲများ၏ ဖိအားပေးမှုကို ရင်ဆိုင်နေရသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်းသမ္မတမင်ဒဲလားကွယ်လွန် နိုင်ငံတော် ဈာပနအခမ်းအနား ကျင်းပမည်ဟု သမ္မတ ဇူးမားပြောကြား

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၆

တောင်အာဖရိက နိုင်ငံ၏ ပထမဆုံးသော လူမည်းသမ္မတနှင့် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး၏ ဦးဆောင်ပုဂ္ဂိုလ်နယ်လ်ဆင်မင်ဒဲလားသည် အသက်၉၅နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ပြီ ဖြစ်ကြောင်း ဒီဇင်ဘာ ၆ ရက်တွင် ဘီဘီစီက ဖော်ပြသည်။

နယ်လ်ဆင်မင်ဒဲလားသည် အမျိုးမျိုးသော နိုင်ငံရေးတက်ကြွလှုပ်ရှားမှုဖြင့် ၂၇ နှစ်ကြာ ထောင်နန်းစံခဲ့ရပြီးနောက် ၁၉၉၀ ပြည့်လွန်နှစ်များက လူဖြူလူနည်းစု အုပ်ချုပ်သူများထံမှ တောင်အာဖရိကနိုင်ငံ အစိုးရတာဝန်များကို လွှဲပြောင်းယူခဲ့ပြီး ဦးဆောင်လမ်းညွှန်ပေးခဲ့သည်။

သူသည် ဆေးရုံပေါ်တွင် သုံးလကြာတက်ရောက်ဆေးကုသမှုခံယူပြီးနောက် အဆုတ်ရောဂါဖြင့် နေအိမ်တွင် ဆက်လက်ကုသမှု ခံယူခဲ့သည်။

မစ္စတာမင်ဒဲလားသည် ငြိမ်းချမ်းသော ဘုံသို့ရောက်ရှိသွားပြီဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက နိုင်ငံပိုင် ရုပ်မြင်သံကြားတွင်ပြောကြားသည်။ မိမိတို့နိုင်ငံ၏ အကြီးမြတ်ဆုံးသော သားကောင်းတစ်ယောက်ဆုံးရှုံးသွားပြီဖြစ်ကြောင်းမစ္စတာဇူးမားက ပြောသည်။

မစ္စတာမင်ဒဲလားအား နိုင်ငံတော်ဈာပနအခမ်းအနားဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အလံများကိုလည်း တိုင်ဝက်လွှင့်ထူသွားမည်ဖြစ်ကြောင်း မစ္စတာဇူးမားက ပြောသည်။

မစ္စတာမင်ဒဲလားကွယ်လွန်သွားသောနေအိမ်အပြင်ဘက်တွင် လူများစုရုံးရောက်ရှိနေကြသည်။ အချို့က တောင်အာဖရိကအလံများ ဝှေ့ယမ်းနေကြသည်။ သူတစ်ချိန်က ဦးဆောင်ခဲ့သော အာဏာရအာဖရိကကွန်ဂရက်၏ ရုပ်အင်္ကျီများကိုလည်း ဝတ်ဆင်ထားကြသည်။ သူသည် ၂၇ နှစ်ကြာ အကျဉ်းချထားခြင်း ခံရသော်လည်း ပြိုင်ဘက်များအပေါ် ရန်လိုတုံ့ပြန်မှုမရှိဘဲ သည်းခံခွင့်လွှတ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကမ္ဘာပေါ်တွင် တန်ဖိုးထားလေးစားထိုက်သူအဖြစ်သတ်မှတ်ခံရပြီး နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ သူသည် ၂၀၀၄ ခုနှစ်က တရားဝင်အနားယူခဲ့ပြီးနောက် ပြည်သူ့ရှေ့မှောက်သို့ ထွက်ပြမှုမှာ အလွန်နည်းပါးခဲ့သည်။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲတွင် နောက်ဆုံးပြည်သူ့ရှေ့မှောက်သို့ ထွက်ပြနိုင်ခဲ့သည်။

သူသည် အံ့ဖွယ်လူသားအဖြစ် လုပ်ဆောင် ပြနိုင်ခဲ့သည်သာမက တောင်အာဖရိကနှင့် အာဖရိကတိုက်သားအားလုံးအတွက် စံပြအတုယူဖွယ်ကောင်းဖြစ်အောင် လုပ်ဆောင်ပြနိုင်ခဲ့သူဖြစ်ကြောင်း ၎င်း၏ မိတ်ဆွေ အသားအရောင်ခွဲခြားရေးဆန့်ကျင်သူ ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက ပြောသည်။

မစ္စတာမင်ဒဲလား ရုပ်ကလာပ်ကို ပရီတိုးရီးယားမြို့သို့ ပြောင်းရွှေ့ဖွယ်ရှိပြီး ဈာပနအခမ်းအနားကို လာမည့် စနေနေ့တွင် ပြုလုပ်ဖွယ်ရှိကြောင်း ဘီဘီစီက ပြောသည်။ ၎င်းကွယ်လွန်ခြင်းအတွက် ကမ္ဘာတစ်ဝန်းမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ တရားမျှတအောင်ဆောင်ရွက်ရာတွင် သူမတူအောင် ကြီးမြတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောသည်။ မစ္စတာ မင်ဒဲလားသည် မည်သူမျှ ထင်မထားသည့် အရာများကို ပိုမိုအောင်မြင်စွာ လုပ်ပြနိုင်ခဲ့သူဖြစ်ကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ပြောသည်။ မင်ဒဲလား၏ဘဝကို ဂုဏ်ယူအားကျခဲ့ရသည်။ သန်းပေါင်းများစွာသော ပြည်သူများထဲတွင် သူသည်လည်း တစ်ဦးပါဝင်ကြောင်း အမေရိကန်၏ ပထမဆုံးလူမည်းသမ္မတဘားရက်အိုဘားမားက ပြောသည်။ သူက မင်ဒဲလားကွယ်လွန်ခြင်းအတွက် အိမ်ဖြူတော်၌ အလံတိုင်ဝက်လွှင့်ထူရန် အမိန့်ထုတ်ပြန်ခဲ့သည်။ **(ဘီဘီစီ)**

✻ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတနှင့် Shandong Puli Construction Engineering Co.,Ltd. ဥက္ကဋ္ဌတို့က အလုပ်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယခုဖွင့်လှစ်သည့် အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုအလုပ်ရုံကို နိုင်ငံပိုင် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈၅၃ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံသည် စက်မှုဝန်ကြီးဌာနနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ပြီး ရေယာဉ်များ၊ မီးရထားစက်ခေါင်းများတွင် တပ်ဆင်အသုံးပြုသည် မြင်းကောင်ရေ ၂၀၀၀ မှ ၂၂၀၀ ရှိ ဒီဇယ်အင်ဂျင်ကြီးများအား ပြည်ပသွင်းကုန်အစားထိုးအင်ဂျင်များအဖြစ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါတွင် မြန်မာ့မီးရထားစက်ခေါင်းများတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။

ထုတ်လုပ်လျက်ရှိ

အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ XUJI Group Corporation (XJ) Henan နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ပြီး မီးစက်များ၊ ဘတ်စ်ကားများနှင့် ရေယာဉ်ငယ်များတွင် တပ်ဆင်အသုံးပြုသည် V-Type 128 ZC Series အမျိုးအစား မြင်းကောင်ရေ ၂၅၀ အား ဆလင်ဒါခြောက်လုံးတပ်၊ မြင်းကောင်ရေ ၃၅၀ အား ဆလင်ဒါ ၁၈ လုံးတပ်နှင့် မြင်းကောင်ရေ ၈၀၀ အား ဆလင်ဒါ ၁၂ လုံးတပ်ဒီဇယ်အင်ဂျင်သုံးမျိုးတို့ကို ထုတ်လုပ်လျက်ရှိသည်။

အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုအလုပ်ရုံကို ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သယ်ယူပို့ဆောင်ရေးကဏ္ဍသုံး ရထားစက်ခေါင်းများ၊ ရေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည် ဒီဇယ်အင်ဂျင်ကြီးများကို ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းအစရှိသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၆

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းအရာရှိများ၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်အပြီးတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုအား ကျောင်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဆင်သေရေလွှဲဆည် ရေသောက်စနစ်မှ ယခုနှစ်နွေစပါး လယ်မြေဧက ၅၀၀၀ စိုက်ပျိုးရန်လျာထား

တပ်ကုန်း ဒီဇင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်တာတမံများ ဆောက်လုပ်ပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ မြေအောက်ရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဆည်များ တည်ဆောက်ပေးခြင်း စသည်ဖြင့် ပြုလုပ်ပေးခဲ့ရာ ယခုအခါ ဒေသခံပြည်သူများစွာတို့ကို တိုးတက်အကျိုးပြုလာနိုင်ပြီဖြစ်သည်။

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဒဟတ်ကုန်းကျေးရွာအနီးရှိ ဆင်သေရေလွှဲဆည်၏ အကျိုးကျေးဇူးကြောင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများသည် မိုးစပါး၊ နွေစပါးများအပြင် အခြားသီးနှံမျိုးစုံကို တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ရာ ၎င်းတို့၏ စားဝတ်နေရေးများ အဆင်ပြေလျက်ရှိကြသည်။

ဆင်သေရေလွှဲဆည် လက်ဝဲတူးမြောင်းရှိ မြေသားနေရာများအား ကျောက်သားဖြင့် ပြန်လည်ပြုလုပ်နေမှုကို တွေ့ရစဉ်။

ဆင်သေရေလွှဲဆည် ရေသောက်စနစ်မှ အနီးဝန်းကျင်ကျေးရွာအုပ်စု ၁၅ အုပ်စုကျော်ရှိ ဒေသခံတောင်သူများ၏ လယ်မြေဧကပေါင်း ၁၅၀၀၀ ခန့်ကို ယခုနှစ် မိုးစပါးစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အတိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ကြောင်း၊ ယခုနွေပိုင်း၌လည်း နွေစပါးထပ်မံစိုက်ပျိုးရန်အတွက် ရေစီးရေလာကောင်းမွန်သောနေရာများမှ လယ်မြေဧကပေါင်း ၅၀၀၀ ကို ရေပေးဝေရန် လျာထားကြောင်း ဆည်မြောင်းတာဝန်ရှိသူ၏ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ယခုနှစ် နွေစပါးစိုက်ပျိုးရေးအတွက် ရေမြောင်းတွေကို ပုံစံတကျနဲ့ ရေစီးရေလာကောင်းမွန်အောင် လူအားရော၊ စက်ယန္တရားများနှင့်ပါ လုပ်ဆောင်နေပါတယ်။ လာမည့် ဇန်နဝါရီလလယ်လောက်မှာ ရေစတင်ဖြန့်ဝေပေးနိုင်အောင် စီစဉ်ထားပါတယ်။ ဒီဆင်သေရေလွှဲဆည်မှ ဒီနှစ် နွေစပါးစိုက်ပျိုးဖို့

သတင်း - တင်ဖောင်လွင်
ဓာတ်ပုံ - ဖောင်လွင် (တပ်ကုန်း)

လယ်မြေဧက ၅၀၀၀ လျာထားပါတယ်။ ဒီရေလွှဲဆည်မှာ အဓိကရေပေးဝေတဲ့ မြောင်းနှစ်ခုရှိပါတယ်။ အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုပေါင်း ၁၅ အုပ်စုကျော်ကို နွေစပါးရော၊ မိုးစပါးပါ စိုက်ပျိုးရန် ရေဖြန့်ဝေပေးနေပါတယ်။ ဆည်ရဲ့ရေပေးဝေနိုင်တဲ့ ဧရိယာက ၁၆၀၃၂ ဧက ရှိပါတယ်။ ယခုနှစ် မိုးရာသီက လယ်ယာမြေဧက ၁၅၀၀၀ ခန့် စိုက်ပျိုးရေပေးခဲ့ပါတယ်။ မိုးစပါးအားလုံး ရိတ်သိမ်းပြီးချိန်မှာ နွေစပါးစိုက်ပျိုးဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ နွေစပါးစိုက်ဖို့ ဆည်ရေသောက် အလွယ်တကူရနိုင်မယ့် တစ်ဆက်တစ်စပ်တည်းကွင်းတွေရှိ တောင်သူတွေကို စိစစ်ရွေးချယ်ပြီး သက်ဆိုင်ရာမြို့နယ်ရုံးကို တင်ပြမယ်။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ကွင်းဆင်းလေ့လာပြီးမှ တောင်သူတွေဆီကို ချပေးမှာဖြစ်ပါတယ်။ ဝေးလံပြီး ရေစီးရေလာခက်ခဲမယ့် နေရာတွေကိုတော့ ရေအခြေအနေအရ ပေးလို့ရမှာမဟုတ်ပါဘူး။ စိုက်ပျိုးမယ့်လယ်မြေဧကကိုလည်း တစ်ဧကသုံးစွဲနိုင်မယ့် ရေကိုတွက်ချက်ပြီးတော့မှ နွေစပါးစိုက်ပျိုးဖို့ လယ်မြေဧက ၅၀၀၀ ကို လျာတားသတ်မှတ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ဝဲတူးမြောင်းမှ ရေစီးရေလာကောင်းမွန်ခြင်းမရှိတဲ့မြေသားနေရာတွေကို ကျောက်သားစီ ပြန်လည်ပြုလုပ်နေပါတယ်" ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအန်ခါးတောင်က ပြောကြားသည်။

ဆင်သေရေလွှဲဆည်၏ အကျိုးကျေးဇူးကြောင့် အနီးဝန်းကျင်ရှိ ဒေသခံတောင်သူလယ်သမားများသည် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံစုံလည်း စိုက်ပျိုးနိုင်ကြသဖြင့် လူမှုစီးပွားဘဝလည်း တိုးတက်အဆင်ပြေလျက်ရှိပါကြောင်း ....။

❁ *ကျောဖုံးမှ*

သွေးထွက်အလွန်နည်းပါးခြင်း၊ ရောင်ခြင်း၊ ကိုက်ခဲခြင်းများ မရှိသလောက်ရှားပါးခြင်းနှင့်ခွဲစိတ်ထိသည့်နေရာသို့ တိတိကျကျရောက်နိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများကိုလည်း ခံစားရရှိနိုင်ကြောင်း သိရသည်။

လေဆာစက်ကိုအသုံးပြု၍ ခွဲစိတ်မှုများဆောင်ရွက်ပါက စက်ကိုအသုံးပြုခ၊ အထူးကုဆရာဝန်ကြီးများကုသစရိတ်၊ ဆေးရုံတက်ခ၊ ခွဲစိတ်ခ၊ မေ့ဆေးဆရာဝန်ကြီးများ ကုသစရိတ်အပါအဝင် အများဆုံးငွေကျပ် ၃၅ သိန်းခန့်သာ ကုန်ကျစရိတ်ရှိမည်ဖြစ်၍ နိုင်ငံခြားသို့ အဆိုပါခွဲစိတ်မှုမျိုးသွားရောက်ခွဲစိတ်ပါက ဖော်ပြပါကုန်ကျစရိတ်ထက် ငါးဆခန့်ပိုမိုများပြားသည့်ငွေကုန်ကြေးကျများရှိမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ဖော်ပြပါ ရောဂါဝေဒနာရှင်များအနေဖြင့် နိုင်ငံခြားသို့ သွားရောက်ကုသရန် မလိုအပ်တော့ဘဲ မြန်မာနိုင်ငံ၏ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ခွဲစိတ်မှုကို ဆောင်ရွက်ပေးနေသည့် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံတွင် Miron Co2 Surgical Laser စက်ကြီးဖြင့် ကုသမှုခံယူနိုင်ပြီဖြစ်ပါကြောင်း။

ဆွေဆွေနိုင် (သတင်းစဉ်)

Fantastic Myanmar For Foreigners

U Kyaw Swe

I. Conversation
II. Common Vocabulary Using in Myanmar
III. Myanmar Dishes and Snacks
IV. Myanmar Pagoda &Traditional Festivals
V. Interesting Places in Myanmar

2500 Ks

ANCIENT PAGODAS IN MYANMAR
မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ

မြတ်မင်းလှိုင် Adapted by (Myat Min Hlaing)

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရှေးဟောင်းစေတီပုထိုးပေါင်း
မြောက်များစွာကို (အင်္ဂလိပ်/မြန်မာ) English/Myanmar နှစ်ဘာသာဖြင့်
စုစည်း၍ဓာတ်ပုံများနှင့်တကွ မှတ်တမ်းတင်ထားပါသည်။
ဝဝဝဝဆောင်ဆောင် ထုတ်ဝေထားပါသည်။

4000 Ks

City Mart, Ocean Hyber Mart, Tab Book Center ... Hyber Mart ...

Mizzima Publish House ; No.(237), 39-Street, Upper Block, Kyauktada Township, Yangon. Tel : 01 392835, 09-73059935, 09-5056843 E-mail : mediumwaybook@gmail.com

မဇ္ဈိမစာပေတိုက် အမှတ်(၂၃၇)၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅

ဆေးပညာသတင်းဆန်းများ (၅၃)

ဒေါက်တာ ကံညွန့်

ယခုတစ်ပတ်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မိခင်နို့မတိုက်တဲ့ ကလေးနှင့် မိခင်နို့တိုက်တဲ့ကလေးတွေကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ မိခင်နို့မတိုက်ဘဲ နို့ဘူးတိုက်တဲ့တလေးတွေမှာ အစာအိမ်ရောဂါတစ်မျိုးဖြစ်တဲ့ Hypertrophic Pyloirc Sterosis (HPS) ခေါ် အူကျဉ်းရောဂါ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် Seattle Children Hospital က ဆရာဝန်တွေရဲ့ လေ့လာတားချက်ကို Jama Paediatric Journal မှာ ဖော်ပြတားတာပါ။ သူတို့ဟာ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဆေးရုံတင်ကုသပေးခဲ့ရတဲ့ ယင်းရောဂါရှင် ကလေး ၇၁၄ ယောက်ကို လေ့လာတားခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီရောဂါဟာ မိခင်နို့တိုက်တဲ့ ကလေးတွေမှာ ကိုးရာခိုင်နှုန်းသာဖြစ်ပွားပြီး မိခင်နို့မတိုက်သူတွေမှာတော့ ၁၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒီ HPS ရောဂါဟာ မိခင်နို့မတိုက်တာနှင့် ဘယ်လိုဆက်စပ်နေတယ်ဆိုတာ လေ့လာရဦးမှာဖြစ်ပေမယ့် သူတို့ရဲ့ လေ့လာချက်မှာတော့ မိခင်နို့တိုက်နှုန်းများလာတဲ့ နှစ်တွေမှာ ဒီရောဂါဖြစ်နှုန်းဟာလည်း သိသိသာသာကျဆင်းလာတယ်လို့ ဆိုပါတယ်။ ဒီရောဂါမျိုးဟာ ကလေး ၁၀၀၀ မွေးရင် နှစ်ယောက်နှုန်းသာ ဖြစ်ပွားနိုင်တဲ့ရောဂါဖြစ်ပြီး တလေးအသက် နှစ်လအရွယ်မှာ အူလမ်းကြောင်းပိတ်ပြီး ဗိုက်ဖောင်းလာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပိတ်ခြင်းတို့ဖြစ်ပြီး အချိန်မီခွဲစိတ်ကုသခြင်းဖြင့်သာ ပျောက်ကင်းနိုင်တဲ့ ရောဂါဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ပင်စင်ယူပြီးပေပယ် အလုပ်ဆက်လုပ်ရင်အကောင်းဆုံး

အသက်ကြီးလာတဲ့သူတွေဟာ ဦးနှောက်စွမ်းရည်နှင့် ပတ်သက်ပြီး မှတ်ဉာဏ်ကျဆင်းခြင်း၊ သတိမေ့လွန်ခြင်း စတဲ့ Alzheimer, Dementia ရောဂါမျိုးတွေကို မခံစားချင်ရင် တတ်နိုင်သလောက် အလုပ်ဆက်လုပ်ဖို့ လိုတယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းကိုလည်း တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ပြင်သစ်နိုင်ငံအစိုးရ ပြည်သူ့ကျန်းမာရေးသုတေသနဌာနကဦးစီးပြီး ပင်စင်စားလူပေါင်း သန်းဝက်ကျော်ကို လေ့လာပြီး ပေါ်တွက်လာတဲ့ တွေ့ရှိချက်ပါ။ သူတို့အဆိုအရ အသက် ၆၀ မှာ ပင်စင်ယူ အငြိမ်းစားယူခဲ့သူများနှင့် ၆၅ နှစ်ကျော်မှာ ပင်စင်ယူခဲ့သူများကို လေ့လာတဲ့အခါ နောက်ကျမှ ပင်စင်ယူသူတွေဟာ စောစောပင်စင်ယူသူတွေတက် ၁၄ ဒသမ ၆ ရာခိုင်နှုန်း အမေ့လွန်ရောဂါဖြစ်ပွားမှုနည်းနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ သူတို့မှတ်ချက်အရ အသက် ၆၀ ကျော်သူတွေမှာ တစ်နှစ်အလုပ်ပိုလုပ်ရင် ၃ ဒသမ ၂ ရာခိုင်နှုန်း ဦးနှောက်စွမ်းအားကျဆင်းခြင်းက ကာကွယ်နိုင်တယ်ဆိုတာထောက်ပြထားပါတယ်။ ဒါကြောင့် အသက် ၆၀မှာ အစိုးရဌာနတွေက ပင်စင်ယူပြီးပေမယ့် ကျန်းမာရေးကောင်းရင် ပရဟိတ အလုပ်ဖြစ်ဖြစ် အလုပ်တစ်ခုဆက်လုပ်နေတာဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

သွေးအားနည်းသူ ဦးနှောက်စွမ်းရည်ကျဆင်းနိုင်

နောက်ဦးနှောက်စွမ်းအားနှင့်ပတ်သက်ပြီး အမေရိတန်နိုင်ငံတ လေ့လာချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ အသက်ကြီးလာရင် သံဓာတ်နည်းပါးခြင်းကြောင့်ဖြစ်ရတဲ့ သွေးအားနည်းရောဂါရှိသူတွေမှာ ဦးနှောက်စွမ်းရည်ကျဆင်းဖို့ ၄၁ ရာခိုင်နှုန်း ပိုရှိနိုင်တယ်ဆိုတဲ့ သတင်းပါ။

အများအားဖြင့် အသက်(၆၅ နှစ်)ကျော်သူတွေရဲ့ ၂၃ ရာခိုင်နှုန်းခန့်ဟာ ဒီသွေးအားနည်းရောဂါကို မသိမသာခံစားနေရတာပါ။ ဒီလိုခံစားနေရတဲ့ လူတွေမှာ ဦးနှောက်အစိတ်အပိုင်းတွေအတွက် လုံလောက်တဲ့ အောက်ဆီဂျင်ဓာတ်မရနိုင်တာကြောင့် ဦးနှောက်စွမ်းရည်ကျဆင်းရတာလို့ တောက်ပြတားတာကိုလည်း တင်ပြလိုက်ရပါတယ်။

အိပ်ပျော်သူတွေမှာ အမေ့လွန်ရောဂါအဖြစ်နည်း

ဒီအမေ့လွန်ရောဂါနှင့်ပတ်သက်တဲ့ နောက်တွေ့ရှိချက်တစ်ခုမှာတော့ အသက်ကြီးလာရင် နှစ်ခြိုက်စွာအိပ်ပျော်သူတွေမှာ အမေ့လွန်ရောဂါအဖြစ်နည်းပြီး အိပ်မပျော်သူတွေမှာ ရောဂါဖြစ်နိုင်တယ်လို့ဆိုတဲ့အချက်ပြစ်ပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ John Hopkins Bloomberg School of Health တ စိတ်ရောဂါဆရာဝန်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ အိပ်မပျော်သူတွေမှာ ဒီအမေ့လွန်ရောဂါဖြစ်စေတဲ့ ß Amyloid Plaque ဦးနှောက်တမှာ ဖြစ်ပေါ်မှုများတာကြောင့် ဖြစ်ရတာလို့ တောက်ပြတားတာကို တစ်ပါတည်းတင်ပြလိုက်ရပါတယ်။

အချိုရည်အသောက်များသူ ဂေါက်ရောဂါပိုဆိုးစေနိုင်

Gout ခေါ် ခြေတောက်အဆစ်တွေ ရောင်ရမ်းကိုက်ခဲတဲ့ရောဂါ Uric Acid ဓာတ်သွေးတမှာ မြင့်တက်လာခြင်းကြောင့်ဖြစ်ရပြီး အသည်းအမြစ်၊ တလီစာ၊ ငါးဥ၊ မှိုစ်၊ တညင်းသီးစတဲ့ သစ်ဥတွေစားတဲ့သူတွေမှာ ပိုဆိုးနိုင်တယ်လို့ သိခဲ့ကြတာပါ။ အခုအခါမှာတော့ အချိုရည်တွေ အသောက်များသူတွေမှာလည်း Gout ရောဂါတို ပိုဆိုးစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒီလေ့လာချက်ကို နယူးဇီလန်နိုင်ငံ Otago နှင့် Auckland မြို့က ဆေးသိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ သွေးတက ဖြစ်တယ်။ ဒီ Gene ရဲ့ နာမည်ကတော့ SLC2A9 ဖြစ်ပြီး အချိုရည်များများ သောက်သုံးသူတွေမှာတော့ ဒီ Gene ရဲ့ဆောင်ရွက်နိုင်မှုဟာ ဖြောင်းပြန်ဖြစ်သွားပြီး Uric Acid ဟာ ဆီးတဲကိုပါမသွားဘဲ သွေးတဲမှာပဲ ပြန်တက်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒီအဖြစ်အပျက်ဟာ ကျောက်ကပ်က Uric Acid ကို ဆီးတဲကို ပါမသွားအောင် ဒီGene က လုပ်တာကြောင့်လို့ သိရပါတယ်။ တစ်နေ့မှာ အချိုရည် 300 milli liter သောက်သုံးခြင်းဟာ Uric Acid ကို ၁၃ ရာခိုင်နှုန်းတက်သွားစေတယ်လို့ ဆိုပါတယ်။ နယူးဇီလန်နိုင်ငံမှာ Gout ရောဂါဟာ အရွယ်ရောက်ပြီးအမျိုးသားတွေမှာ အဖြစ်များတဲ့ ရောဂါတစ်ခုဖြစ်နေပြီး ဆီးချို၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါတွေနှင့်လည်း ဆက်နွယ်နေတာကြောင့် အချိုရည်ကို လျှော့သောက်ကြဖို့ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

တရုတ်နိုင်ငံရဲ့ ကျန်းမာရေးပြဿနာများ

ယခုဖော်ဖြလိုတဲ့ သတင်းကတော့ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း တရုတ်နိုင်ငံမှာ ကျန်းမာရေးပြဿနာတွေ ဘယ်လိုရင်ဆိုင်နေရတယ်ဆိုတဲ့ သတင်းပါ။ ဒီသတင်းတတော့ China National Committee on Aging (တရုတ်အမျိုးသား သက်ကြီးရွယ်အိုဆိုင်ရာကော်မတီ)က တုတ်ပြန်လိုက်တဲ့သတင်းပါ။ တရုတ်နိုင်ငံမှာ ယခု ၂၀၁၃ ခုနှစ်ကုန်မှာ အသက် ၆၀ ကျော်ရှိသူ ၂၀၂ သန်းရှိလာမှာဖြစ်ပြီး ဒီအတဲက ၂၃ သန်းကျော်ကတော့ အသက် ၈၀ တျော်အရွယ်တွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအတဲက ၃၇ ဒသမ ၅ သန်း ၁၉ ရာခိုင်နှုန်းကတော့ နေ့စဉ်စောင့်ရှောက်မှုမရရင်မဖြစ်တဲ့ မသန်မစွမ်းဖြစ်နေသူထွေလို့ဆိုပါတယ်။ တရုတ်နိုင်ငံမှာ အသက် ၆၀ ကျော်အရွယ်တွေမှာ ၄၀ ရာခိုင်နှုန်းကသာ ကျန်းကျန်းမာမာရှိနေသူတွေဖြစ်ပြီး ၆၀ ရာခိုင်နှုန်းဟာ နာမကျန်းဖြစ်နေကြီတာဖြစ်ပါတယ်။ ဒီနှုန်းဟာ တခြားတိုးတက်ပြီး နိုင်ငံတွေနဲ့စာရင် ပြောင်းပြန်ဖြစ်နေတယ်လို့ဆိုပါတယ်။ တိုးတက်ပြီးနိုင်ငံတွေမှာ ၆၀ ရာခိုင်နှုန်းဟာ ကျန်းမာပြီး ၄၀ ရာခိုင်နှုန်းသာ နာမကျန်းဖြစ်ကြသူတွေလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောက်ဖြတားပါတယ်။ အသက် ၆၀ ကျော်အရွယ်တဲက နာမကျန်းသူ ၆၀ ရာခိုင်နှုန်းဟာ ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါ၊ ဦးနှောက်သွေးကြောရောဂါ၊ ကင်ဆာရောဂါ စတဲ့ ရောဂါတစ်ခုခုကို ခံစားနေကြရပြီး ဒါတွေအားလုံးရဲ့ အကြောင်းရင်းဟာ ကျန်းမာရေး အသိပညာ၊ နေတိုင်စားသောက်မှုပုံစံတွေကြောင့်လို့ ဆိုတားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံ ကျန်းမာရေးဌာနကြီးဖြစ်တဲ့ China National Health and Family Planning ကော်မရှင်က အချက် ၃၆ ချက်ပါ ကျန်းမာရေး ပညာပေးစာအုပ်ကို အခမဲ့ဖြန့်ဝေနေပြီဖြစ်ပါတယ်။ ဒီစာအုပ်မှာ ကိုယ်လက်လှုပ်ရှားမှု၊ လူနေမှုပုံစံ၊ စားသောက်ပုံစနစ်နှင့် ရောင်ရန်ဆောင်ရန် အစားအသောက်တွေကို ဖော်ပြတားကြောင်း တင်ပြလိုက်ရပါတယ်။

ကလေးမွေးသင့်ချိန် သတ်မှတ်ချက်ပြောင်းလဲ

ကိုယ်ဝန်ဆောင်မိခင်တွေ ကလေးမွေးသင့်တဲ့ အချိန်နှင့်ပတ်သက်ပြီး American College of Obstetricians and Gynecologistsက ပြင်ဆင်သတ်မှတ်လိုက်တဲ့ အချိန်ဇယားတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ နဂိုက ကိုယ်ဝန် ၃၇ ပတ်ကနေ ၄၂ ပတ်ကို သာမန်မွေးသင့်တဲ့အချိန် Term အဖြစ် သတ်မှတ်တားခဲ့ပါတယ်။ ယခု သူတို့ရဲ့ ကလေးကျန်းမာရေးကောင်းမွန်ဖို့ လိုအပ်တဲ့အတွေ့အကြုံအရ ၃၇ ပတ်မှ ၃၉ ပတ်အတွင်း မွေးတာကိုတော့ ပုံမှန်မွေး Full Term နှင့် ၄၁ ပတ်မှ ၄၂ ပတ်အတွင်း မွေးတာကို Late Term နောက်ကျမွေးတာအဖြစ် သတ်မှတ်လိုက်ကြပါတယ်။ ၄၂ ပတ်နှင့် ၄၂ ပတ်နောက်မှ မွေးတဲ့ကလေးတွေကို ပုံမှန်တက်နောက်မှမွေးသူ Post Term အဖြစ် သတ်မှတ်တယ်လို့ ဆိုပါတယ်။

ဒီဆေးပညာရှင်တွေရဲ့အဆိုအရ ၃၉ ပတ်မတိုင်မီမွေးတဲ့ ကလေးတွေရဲ့ ကျန်းမာရေးဟာ ၃၉ ပတ်နောက်မှမွေးတဲ့ ကလေးတွေတက် ကျန်းမာရေးအရ အနည်းငယ်ချို့ယွင်းမှုရှိပြီး အသက်ရှူခြင်း၊ အကြားအာရုံနှင့် သင်ကြားမှုစွမ်းရည်တို့မှာ ပုံမှန်တက်လျော့နိုင်တယ်လို့ တောက်ပြတားပါတယ်။ ကလေးဦးနှောက်ရဲ့ နောက်ဆုံး ၁/၃ ဟာ ၃၅ ပတ်မှ ၃၉ ပတ်အတွင်း ဖွံ့ဖြိုးလာတာကြောင့်လည်း ဖြစ်တယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ သားဖွားမီးယပ်ပညာရှင်တွေနဲ့ Society for Maternal and Foetal Medicine ဌာနတို့ ပူးပေါင်းတုတ်ပြန်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နှလုံးရောဂါကာကွယ်နိုင်မယ့်စက်

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အမေရိကန်ဆေးကုမ္ပဏီကြီးတစ်ခုက တီတွင်တုတ်လုပ်လိုက်တဲ့ သွေးကြောတက Calcium Plaqueကို ချေဖျက်နိုင်တဲ့ စက်တစ်ခုကို အသုံးပြုဖို့ အမေရိကန် FDA အဖွဲ့ကြီးက ခွင့်ဖြုလိုက်ပြီဆိုတဲ့သတင်းပါ။ ဒီစက်ကို Diamond back 360 Coronary Orbital Artherecotomy System လို့ အမည်ပေးတားပါတယ်။ ဒီစက်ဟာ နှလုံးကိုသွေးပို့ပေးနေတဲ့ Coromary Artery တမှာ ဖြစ်ပေါ်တတ်တဲ့ Calcium နှင့် အဆီဓာတ် (Cholestrol) တွေကြောင့် ဖြစ်ပေါ်လာတဲ့ Plaque ကို ချေဖျက်နိုင်မှာဖြစ်ပြီး နှလုံးသွေးကြောကျဉ်းရောဂါကို တိရောက်စွာ ကာကွယ်နိုင်မယ့်စက်လို့ ဆိုတားပါတယ်။ ဒီစက်ပေါ်လာတာတို နှလုံးရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

ရင်သားကင်ဆာဆိုင်ရာ နောက်ထပ်လေ့လာချက်များ

ရင်သားကင်ဆာအကြောင်း လေ့လာချက်တွေဟာလည်း ပေါ်တွက်နေပါတယ်။ ဒီအတဲက လက်တွေ့ကျတဲ့အကျိုးရှိမယ့် သတင်းတစ်ခုကိုလည်း ဖော်ပြချင်ပါတယ်။ ဒါကတော့ ရင်သားကင်ဆာဟာ အသက် ၄၀ ကနေ ၄၉ နှစ်အရွယ် အမျိုးသမီးတွေမှာပိုဖြစ်လာတာကို တွေ့နေရတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Harvard Medical School က သုတေသီတွေပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုမှာ တွေ့ကြရတာ ဖြစ်ပါတယ်။ သူတို့ဟာ ၁၉၉၀ ခုနှစ်ကနေ ၁၉၉၉ ခုနှစ်တ် တွေ့ရှိရတဲ့ ရင်သားတင်ဆာဝေဒနာရှင် ၇၃၀၁ ဦးကို ၂၀၀၇ ခုနှစ်အထိ စောင့်ကြည့်လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ယင်းဝေဒနာရှင်တွေတဲက သေဆုံးသွားတဲ့ဝေဒနာရှင် ၆၀၉ ဦးရှိပြီး အဲဒီအတဲက ၇၁ ရာခိုင်နှုန်းဟာ ရင်သားစမ်းသပ်မှုကို ပုံမှန်မလုပ်ခဲ့ကြဘူးလို့ ဆိုပါတယ်။ သေဆုံးသူတွေရဲ့ ၅၀ ရာခိုင်နှုန်းဟာ အသက် ၅၀ အောက်မှာဖြစ်နေပြီး ၁၃ ရာခိုင်နှုန်းကတော့ အသက် ၇၀ ရဲ့ အထက်မှာရှိနေတယ်လို့ ဆိုပါတယ်။ တစ်နိုင်ငံလုံးရဲ့ ရင်သားကင်ဆာကြောင့် သေဆုံးသူတွေရဲ့ စတင်တွေ့ရှိရတဲ့အသက်ဟာ အများအားဖြင့် ၄၉ နှစ်အရွယ်မှာ ဖြစ်တယ်လို့လည်း တောက်ပြတားပါတယ်။ ဒါကြောင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးတိုင်း အသက် ၅၀ အရွယ်အတိ အနည်းဆုံး နှစ်နှစ်တစ်ခါလောက် ရင်သားကင်ဆာစစ်ဆေးမှု(Mammogram)ကို ပြုလုပ်သင့်ကြပြီး အသက် ၅၀ ကနေ ၇၅ နှစ်အတွင်းမှာတော့ နှစ်နှစ်၊ သုံးနှစ်တစ်ခါလောက် စစ်ဆေးသင့်တယ်လို တောက်ပြတားကြောင်း တင်ပြလိုက်ရပါတယ်

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကလည်း ရင်သားကင်ဆာနဲ့ပဲ သက်ဆိုင်ပါတယ်။ နာမည်ကျော်ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Roche ကုမ္ပဏီက တုတ်လုပ်တဲ့ ဆေးတစ်ခုဟာ ရင်သားကင်ဆာကို တိရောက်စွာ ကုသနိုင်ကြောင်း အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက ကြေညာလိုက်တယ်ဆိုတဲ့ သတင်းပါ။ ဒီဆေးနာမည်ကတော့ Perjeta ဖြစ်ပြီး ဒီဆေးဟာ ဘေးတွက်ဆိုးကျိုးနည်းပြီး စိတ်ချရတဲ့တ်ရောက်တဲ့ဆေးတစ်ခုဖြစ်ကြောင်း တောက်ခံတားပါတယ်။ ဒီဆေးကို Roche ကုမ္ပဏီကပဲ တုတ်တားတဲ့ ကင်ဆာဆေးတစ်မျိုးဖြစ်တဲ့ Herceptin ဆိုတဲ့ ဆေးနှင့်တွဲသုံးပါက ကင်ဆာဆဲလ်တွေ သုံးနေတဲ့ ရောဂါရှင်တွေအတွက် ပိုထိရောက်တယ်လို့ ဆိုတားပါတယ်။ ဒီ Perjeta ဆေးဟာ Tumour အလုံးကို ခွဲမတုတ်မီ ရှုံ့သွားအောင် အစွမ်းထတ်တဲ့အတွက် မခွဲစိတိမ်အသုံးပြုဖို့လည်း အလွန်သင့်တော်တဲ့ ဆေးတစ်ခုဖြစ်တယ်လို့ဆိုပါတယ်။ ဒီဆေးကို အသုံးပြုဖို့ ခွင့်ပြုရာမှာ အမေရိကန်နိုင်ငံ Food and Drug Administration -FDA အဖွဲ့ဝင်လူကြီး ၁၃ ဦးစလုံးက ကန့်ကွက်သူမရှိအောင် တောက်ခံတားတာကိုတင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ထန်တလန်မြို့တွင် ဆောက်လုပ်မည့် ဂျီအက်စ်အမ်ဖုန်းတာဝါတိုင်နှင့် ဝန်ထမ်းအိမ်ရာအတွက် မြေနေရာကွင်းဆင်းစစ်ဆေး

ထန်တလန် ဒီဇင်ဘာ ၇

တန်တလန်မြို့တွင် မကြာမီ ဆောက်လုပ်မည့် GSM ဖုန်းတာဝါတိုင်နှင့် ဝန်တမ်းအိမ်ရာအတွက် မြေနေရာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်ဖြေစာရင်းဦးစီးမှူးနှင့် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း တာဝန်ခံတို့သည် ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီက အမှတ် (၃)ရပ်ကွက်ရှိ လျာထားသည့်နေရာသို့ တွင်းဆင်းကြည့်ရှုရာ တာဝါတိုင်နှင့် ဝန်တမ်းအိမ်ရာအတွက် အလျားပေ ၁၀၀၊ အနံပေ ၈၀ တိုင်းတာသတ်မှတ်ပေးခဲ့သည်။

(ယာပုံ)

GSM ဖုန်းတာဝါတိုင်ကို တန်တလန်မြို့နှင့် ဖာရွှန်းကျေးရွာတွင် မြန်မာပိတောက်ကုမ္ပဏီက ငွေကျပ်သိန်း ၄၀ ဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး တန်တလန်မြို့နယ်၏ ၂၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းသည် ၂၀၁၄ ခုနှစ် မတ်လကုန်တွင် နောက်ဆုံးပြီးစီးမည်ဖြစ်ကြောင်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်
ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ

ပြည်တွင်းသတင်း

တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ထိရောက်စွာသယ်ပိုးထမ်းဆောင်နိုင်စွမ်းရှိသော အင်ဂျင်နီယာပညာရှင်အရာရှိကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၆

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်း အောင် လှိုင် အကောင်းဆုံး အင်ဂျင်နီယာဆုရရှိသူ ဗိုလ်လောင်းအမှတ် (၆၂၄၀) ဗိုလ်လောင်း အောင်ကိုကြိုင်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သုရသက်ဆေွနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အားဗိုလ်လောင်းတပ်ရင်းများက အနေးလျှောက်၊အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆) မှ အကောင်းဆုံး အင်ဂျင်နီယာဆုရရှိသူ ဗိုလ်လောင်း အမှတ် (၆၂၄၀) ဗိုလ်လောင်း အောင်ကိုကြိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၅၇၁၅) ဗိုလ်လောင်းဇာနည်ထွန်းနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၅၇၈၉) ဗိုလ်လောင်းတင်ထွန်းအောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စုတပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန် လိုအပ်ကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ်ရှိမှသာ စစ်ရေးစွမ်းအား (Military Might)ကို ရရှိမှာဖြစ်ကြောင်း၊ စစ်ရေးစွမ်းအားရရှိရန်အတွက် အဓိကလိုအပ်ချက်မှာ လူသားအရင်းအမြစ်၊ အတတ်ပညာ၊ ခနအင်အား၊ စိတ်ဓာတ်နှ့ ပထဝီအနေအထားတို့ပင်ဖြစ်ကြောင်း၊ ခေတ်မီတပ်မတော်တည်ဆောက်ရေးတွင် အတတ်ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များအဖြစ် မိမိတို့တတ်သိထားသည့် အင်ဂျင်နီယာပညာရပ်များကို အသုံးပြုပြီး ကျရာနေရာကနေ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တပ်မတော်စွမ်းရည်ရှိရန်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အင်ဂျင်နီယာအရာရှိကောင်းများ ပေါ်ထွက်လာစေရန် တပ်မတော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ ဝန်ဆောင်မှုနှင့်စက်မှုဆိုသည့် ကဏ္ဍသုံးရပ်တွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာနှင့်နည်းပညာရပ်များဖွံ့ဖြိုးရေးသည် အထူးအရေးကြီးသည့်အတွက် နိုင်ငံတော်တည်ဆောက်ရေးတွင် တတ်ကျွမ်းထားသည့် အင်ဂျင်နီယာနှင့် နည်းပညာရပ်များကို တစ်ထောင့်တစ်နေရာက အသုံးချသွားရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကို လေ့လာကြည့်လျှင် တပ်မတော်သည် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲပေါ်ပေါက်လာတတ်သည့် ပြည်ပကျူးကျော်မှုမျိုးကိုလည်း ပြည်သူတို့နှင့်အတူ တစ်သားတည်းရှိပြီး ပူးပေါင်းချေမှုန်းနိုင်ရမှာဖြစ်ကြောင်း။

ယနေ့ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း၊မည်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည် ဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကို လက်မခံမများတွေ့ရကြောင်း၊ ယခုလို ဒီမိုကရေစီပြောင်းလဲ ဖော်ဆောင်ရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအချို့၌ ကြုံတွေ့နေရသည့် အသွင်ကူးပြောင်းရေးကာလမတည်ငြိမ်မှုနှင့် လက်နက်စွဲကိုင်ပဋိပက္ခဖြစ်ပွားမှုများကို သင်ခန်းစာရယူပြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်အောင် ပြည်သူလူထုအပါအဝင် တစ်နိုင်ငံလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးပုံစံ၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုလိုဆောင်ရွက်သည့်နေရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု၊ ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုနှင့်တာဝန်ခံမှု၊ အများဆန္ဒကို အလေးထားမှု၊ တန်းတူညီမျှမှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် တရားဥပဒေစိုးမိုးမှု(Rule of Law)တို့ရှိရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ဟာ လွတ်လပ်မှုကို အခြေခံသည့် စနစ်ဖြစ်သဖြင့် အားလုံးက စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာပြီး အပြုသဘော ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။

ဒီမိုကရေစီဆိုသည်မှာ ရယူခြင်းသာမဟုတ်ဘဲ ပေးဆပ်ရမည့်တာဝန်ဝတ္တရားတွေလည်းရှိသည်ဆိုတာကို မမေ့ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စည်းကမ်းနှင့် ဥပဒေများကို လိုက်နာပြီး အနစ်နာခံဆုံးအဆင့်ပေးဆပ်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းက စည်းကမ်းနဲ့စိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်ခန္ဓာပဲဖြစ်ကြောင်း၊ တပ်မတော်သားများသည် ဖြည်သူအတွင်းကပေါက်ဖွားလာပြီး မိမိဆန္ဒအလျောက် တပ်မတော်အတွင်းကို ဝင်ရောက်လာသူများ၊ အထူးသဖြင့် ပြည်သူတပ်မတော်သားတွေ ဖြစ်သည့်အတွက် တပ်မတော်ကချမှတ်ထားသည် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာဆောင်ရွက်ပြီး တပ်မတော်၏ အဓိကတာဝန်ကြီးများဖြစ်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဆိုသည်မှာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ မှာ ပြဋ္ဌာန်းထားသည့်အတိုင်း ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်မှာ အဓိကတာဝန်ရှိသည်ကို မှာကြားလိုကြောင်း၊ မိမိတို့ နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက နေရာဒေသအနှံ့အပြားမှာ တိုင်းရင်းသားလူမျိုးစုများ ယှဉ်ကျေးမှုအဖွဲ့ဖြင့် နေထိုင်ခဲ့ကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်များဖြစ်ခြင်းကြောင့် ရိုးသားခြင်း၊ ကြင်နာခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ခွင့်လွှတ်သည်းခံခြင်းစသည့် တူညီသောသဘာဝများ ရှိကြခြင်းဖြစ်ကြောင်း၊ ယင်းသို့ တိုင်းရင်းသားလူမျိုးစုများ အတူတကွနေထိုင်ကြသည့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လိုအပ်ကြောင်း၊ ကမ္ဘာပေါ်မှာရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံတိုင်းသည် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်တာတွေ့ရကြောင်း၊ ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုရှိမှသာ တရားဥပဒေစိုးမိုးမှုရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် တပ်မတော်သည် စုစည်းညီညွတ်သည့် ပြည်ထောင်စုကြီးကို ရည်မှန်းပြီး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ စိတ်ကောင်းစေတနာ မှန်ကန်စွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကို လေ့လာ၊ သင်ယူလိုက်နာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုမရှိဘဲအလုပ်မလုပ်ဘဲဖြင့် တိုးတက်မှုမရနိုင်ဘူးဆိုသည်ကို သိရှိထားကြရမည်ဖြစ်ကြောင်း၊ ဒါ့ကြောင့် မိမိရောက်ရှိ တာဝန်ထမ်းဆောင်ရာ ဒေသအသီးသီးတွင် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို ပီပီပြင်ပြင်ဆောင်ရွက်ပြီး ဒေသခံတိုင်းရင်းသားများကို ပြည်ထောင်စုစိတ်ဓာတ်ရှိလာအောင်၊ စည်းလုံးညီညွတ်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

လူ့ဘဝ နယ်ပယ်တွင်လည်း အခြေခိုင်မာအောင်တည်ဆောက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းခြင်းမပြုလျှင် အောက်ခြေမခိုင်၍ မလိုလားအပ်သည့်ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ခေါင်းဆောင်ငယ်များဖြစ်သည် ရဲဘော်တို့သည် အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့် မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ လူတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်များရှိသော်လည်း ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ စစ်စည်းကမ်းလိုက်နာမှု၊ ခေါင်းဆောင်မှုကောင်းခြင်းများအပေါ်မှာ မူတည်ပြီး တိုးတက်မှုနှင့် တာဝန်ပေးအပ်ခံနိုင်မှုများဟာ ကွာခြားသွားနိုင်ကြောင်း၊ ဒါ့ကြောင့် အစစအရာရာချင့်ချိန်ပြီး ခေါင်းဆောင်ကောင်းပီသစွာဖြင့် ပေးအပ်သည့်တာဝန်များကို ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အမြင်လေးမြင့် ရင့်သန်ပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးထမ်းဆောင်နိုင်စွမ်းရှိသော အင်ဂျင်နီယာပညာရှင်အရာရှိကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ အရာရာကို စနစ်တကျလေ့လာပြီး အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ ကျွမ်းကျင်ခိုင်မာမှုရှိအောင် တည်ဆောက်ပြီးမှ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ရေး ကြိုးစားကြရန် လိုကြောင်း၊ အနာဂတ်တွင် အဆင့်မြင့်သည် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တပ်မတော်စွမ်းရည်ရှိရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊တပ်မတော်၏ အဓိကတာဝန်များကို ထမ်းဆောင်ရင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်ကြရန်၊ ဒီတာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး အနာဂတ်နိုင်ငံတော်နှင့်တပ်မတော်အတွက် အားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Exhibition Hall သို့ သွားရောက်၍ အီလက်ထရွန်နစ် နည်းပညာသုတေသန၊ ရေကြောင်းနှင့် လေကြောင်းနည်းပညာသုတေသန၊ စွမ်းအင်သုတေသန၊စက်မှုနှင့် သတ္တုဗေဒနည်းပညာသုတေသန၊ ဓာတုနည်းပညာသုတေသနပြခန်းများသို့ လှည့်လည်ကြည့်ရှု၍ ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြချက်များအပေါ် အပြန်အလှန်ဆွေးနွေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒီဇင်ဘာ ၆ ရက်က ဂျပန်ဘုရင့်မွေးနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Mikio Numata နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား UNDP ၏ ဒေသဆိုင်ရာအုပ်ချုပ်ရေးအစီအစဉ် အဖွဲ့ ခေါင်းဆောင် Mr.Toily Kurbanov နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား UNDP ၏ ဒေသဆိုင်ရာအုပ်ချုပ်ရေးအစီအစဉ်အဖွဲ့ ခေါင်းဆောင် Mr.Toily Kurbanov နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဆီဘူးမြို့ (MACTAN CEBU) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ကျရောက်သည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းကျရောက်ခဲ့စဉ်ကလည်း ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ လာရောက်ကူညီခဲ့ပါကြောင်း မိမိကိုယ်တိုင်က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီးဇာတိဖြစ်သည့်အပြင် မုန်တိုင်းကျရောက်ပြီးနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကိုယ်တိုင်ဦးစီးဆောင်ရွက်ခဲ့ရသည့်အတွက် သဘာဝဘေးဒဏ်ခံစားနေရသည့် ဖိလစ်ပိုင်ဖြည်သူများနှင့်အတူ ထပ်တူခံစားမိပါကြောင်း၊ မိမိတို့အတွေ့အကြုံအရ သဘာဝဘေး ကျရောက်ခဲ့သည့်ဒေသများရှိပြည်သူများ၏ နေစဉ်စားဝတ်နေရေးလိုအပ်ချက်များကို ဦးစားပေးဖြေရှင်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ယူဆောင်ရွက်ခဲ့ရပါကြောင်း၊ ဖိလစ်ပိုင်ပြည်သူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ခိုင်မာသည့် စိတ်ဓာတ်ဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့်လည်း ဖိလစ်ပိုင်ပြည်သူများနှင့် အတူတကွ ရှိနေကြောင်းကို ထပ်လောင်း အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်ခဲ့သော ဟိုင်ယန်တိုင်ဖုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က (MACTAN CEBU) အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများထံပေးအပ်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက ဖိလစ်ပိုင်နိုင်ငံ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် ပစ္စည်းများမှာ စောင်အထည် ၁၀၀၀၀၊ တီရှပ်အထည် ၁၀၀၀၀၊ မျက်နှာသုတ်ပဝါအထည် ၅၀၀၀၊ ထွန်းရွှေဝါ ဆေးပရုပ်ဆီပုလင်း ၃၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံရှိ မုန်တိုင်းဒဏ်ခံစားနေရသော ဒေသများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါအဖွဲ့တွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၊ သားဖွား၊ မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာတင်အောင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်ဦး၊ လက်ထောက်ဆရာဝန်(အငြိမ်း) ဒေါက်တာဌေးကျော်၊ ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာထွန်းတင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးတပ်ဖွဲ့မှ ဆေးကုသမှုပါရဂူ ဒုတိယဗိုလ်မှူးကြီးသက်နိုင်၊ ဗိုလ်မှူးစိုင်းအိုက်လှ၊ ခွဲစိတ်ကုသမှု ပါရဂူ ဗိုလ်ကြီး/ဗိုလ်မှူး ကျော်အောင်စန်းနှင့် အထက်တန်းသူနာပြုတစ်ဦးတို့ ပါဝင်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ၁၁၂၂ ကီလိုဂရမ်ရှိ ဆေး၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ၁၆၄ မျိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အလေးချိန်တစ်တန်ခွဲရှိ ဆေး၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပါရှိလာကြောင်း သိရသည်။

၎င်းတို့သည် ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘန်တာရန်ကျွန်းမှ ဆီဘူးမြို့သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိပြီး (MACTAN CEBU) အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့်ဆက်လက်ထွက်ခွာလာရာ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းဒဏ်ခံဒေသများမှ တာဝန်ရှိသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည့် အခမ်းအနားသို့တက်ရောက်သူများအား တွေ့ရစဉ်။(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ဖိလစ်ပိုင်နိုင်ငံရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို ဖိလစ်ပိုင်နိုင်ငံမှ တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (၉)ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ Nusu Dua အစည်းအဝေးခန်းမ၌ ကျင်းပသော Plenary Session သို့ တက်ရောက်သည်။

Plenary Session တွင် ရဝမ်ဒါနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Francoi Kanimba က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများက မိန့်ခွန်းများပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် လက်ရှိကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဆွေးနွေးလျက်ရှိသော Doha Development Agenda ပါ လုပ်ငန်းစဉ်များတွင် ပါရှိသော လယ်ယာကဏ္ဍဆွေးနွေးမှု၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက် ပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ အထူးအခွင့်အရေးများ ရရှိရေး ဆွေးနွေးမှုတွင် အောင်မြင်ရန်အခြေအနေမှာ နီးကပ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုဘာလီဆွေးနွေးပွဲ ကာလအတွင်း သဘောထား ကွဲလွဲလျက်ရှိသော အပိုင်းများကို ဝန်ကြီးများက ညှိနှိုင်းအဖြေရှာဆောင်ရွက်ကာ ညီလာခံ အောင်မြင်စွာ အဆုံးသတ်နိုင်ရေးကို မျှော်လင့်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီပေးလျက်ရှိသော EIF (Enhanced Integrated Framework) အစီအစဉ်သို့လည်း ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးဖြစ်ကြောင်းနှင့် EIF အစီအစဉ် အောင်မြင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံစုံကုန်သွယ်ရေးစနစ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုညီလာခံတွင်လည်း ဖွံ့ဖြိုးမှုအဆင့်အတန်းချင်း မတူညီသော နိုင်ငံအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည် ရလဒ်များပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Mr. Gita Wirjawan က ဘာလီမြို့ရှိ Taman Bhagwan Hotel ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအပူချိန်များ

စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ရန်ကုန် ဒီဇင်ဘာ ၆

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ဗဟိုကော်မတီကွပ်ကဲမှုရုံးသို့ နိုဝင်ဘာ ၂၈ ရက်တွင် တာဝန်သိပြည်သူတစ်ဦးက အမှတ် **“(၁၀) မြမာလာလမ်း၊ သာကေတစက်မှုဇုန်”**တွင် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ နေ့စဉ် ယာဉ်ငယ်များဖြင့် တင်ဆောင်၍ ရန်ကုန်မြို့တွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ဖုန်းသတင်းပေးပို့ခဲ့မှုအပေါ် စုံစမ်းစိစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့လယ်ပိုင်းတွင် ဝင်ရောက်စစ်ဆေးခဲ့သည်။

သတင်းပေးတိုင်ကြား… နိုင်ငံခြားဖြစ် အရက်၊ ဝိုင်…

Mobile Team (ရန်ကုန် ဆိပ်ကမ်းနယ်မြေ) ပူးပေါင်းစစ်ဆေးရေးအဖွဲ့ သည် သာကေတစက်မှုဇုန်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စက်မှုဇုန်အတွင်းရေးမှူးနှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်ကစ၍ မြေအမှတ်(၁၀) မြမာလာလမ်း သာကေတစက်မှုဇုန်ရှိ သိုလှောင်ရုံ အဆောက်အအုံသို့ ဝင်ရောက်စစ်ဆေးခဲ့ကြောင်း၊ အဆိုပါ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာ

မနီလာ ဒီဇင်ဘာ ၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ညနေပိုင်းတွင် လော့စ်ဘားညိုမြို့ (Los Banos Laguna)ရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute-IRRI) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သုတေသနရုံးချုပ် အစည်းအဝေးခန်းမ၌ (IRRI) မှ Dr.Achim Dobermann နှင့် Dr. V. Bruce J. Tolenting တို့က ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးရေးဆိုင်ရာ သုတေသနအချက်အလက်များ၊ အထွက်တိုးမျိုးကောင်းများနှင့် မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးရေးဆိုင်ရာ သုတေသနအချက်အလက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် (Rice World Museum) အတွင်း ပြသထားမှုများနှင့် (Rice Gene Bank) ၌ စပါးမျိုးစေ့များသန့်စင်၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများနှင့် သုတေသနပြုဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိပြီး သံအမတ်ကြီး၊ သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လော့စ်ဘားညိုမြို့ (Los Banos Laguna)ရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute-IRRI) သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဒွေးဝင်းအား ဖိလစ်ပိုင်နိုင်ငံမှ General Emmanuel T.Bautista လာရောက်တွေ့ဆုံ

မနီလာ ဒီဇင်ဘာ ၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဒွေးဝင်းအား ဖိလစ်ပိုင်နိုင်ငံ Chief of staff of the Armed Forces General, Emmanuel T.Bautista သည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မနီလာဟိုတယ်၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ဆေးဝါးနှင့်စားသောက်ကုန်များ ပေးပို့လှူဒါန်းမှုနှင့် တပ်မတော်မှ ဆရာဝန်များပါဝင်သည့် အရေးပေါ်ဆေးကုသရေးအဖွဲ့စေလွှတ်ကူညီပေးမှုများ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေး အလှူငွေပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးအတွက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ (Social Zone) ၌ ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်သိန်း ၃၀၀ နှင့် ကြက်ဥ ၂၄ ရက်အတွက် တန်ဖိုးငွေကျပ် ၂၁၆၀၀၀၀ ကို ဗိုလ်ချုပ်နေလင်းက လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၄၁၇သိန်းကို အသင်းဥက္ကဋ္ဌ ဦးသာဌေးက လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ဇေယျာသီရိရေကူးကန်၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားတစားပြိုင်ပွဲ ဝါတာပိုလို အမျိုးသားပြိုင်ပွဲ ပထမနေ့ ယှဉ်ပြိုင်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝါတာပိုလိုပြိုင်ပွဲကို ဇေယျာသီရိရေကူးကန်၌ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံငါးနိုင်ငံမှပြိုင်ပွဲဝင် အားကစားသမား ၇၆ ဦးဖြင့် ယနေ့မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...င်းပေးတိုင်ကြားမှုအရ Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ ... အရက်၊ ဝိုင်များ သိုလှောင်ထားသည့် သိုလှောင်ရုံတစ်လုံးကို ဝင်ရောက်စစ်ဆေးနေ

သိုလှောင်ရုံ အဆောက်အအုံမှာ ပေ(၁၁၀ × ၇၂) အကျယ်အဝန်းရှိပြီး တစ်ထပ်ခွဲ အဆောက်အအုံဖြစ်ကြောင်း၊ Premium Food Services Products Co.,Ltd. မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်ငှားရမ်း ဆောင်ရွက်ကြောင်း၊ သိုလှောင်ရုံအဆောက်အအုံအတွင်း၌ အအေးခန်းနှစ်ခန်းနှင့် ပစ္စည်းသိုလှောင်ခန်း သုံးခန်း ဖွဲ့စည်းထားရှိကြောင်း၊ တစ်ထပ်ခွဲအဆောက်အအုံအပေါ်ထပ်တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရသည်။

Mobile Team ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဖော်ပြပါ Premium Food Services Products Co.,Ltd.၏သိုလှောင်ရုံအားစစ်ဆေးခဲ့ရာတွင် သိုလှောင်ရုံအခန်းပြည့် သိုလှောင်ထားသည့် နိုင်ငံခြားဖြစ်တံဆိပ်မျိုးစုံ၊ နိုင်ငံမျိုးစုံမှ ထုတ်လုပ်သည့် ဝိုင်မျိုးစုံ၊ နိုင်ငံခြားဖြစ်အရက်မျိုးစုံနှင့် အအေးခန်းများတွင် ဖြည့်ပမှ တင်သွင်းလာသည့် ကြက်ဆင်သား၊ ထောပတ်၊ ဝက်သားပြား၊ ဝက်သားချောင်း၊ ကြက်အချောင်း စသည့် အဆင့်မြင့် စားသောက်ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့သည်။

Mobile Team ပူးပေါင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် Premium Food Services Products Co.,Ltd. ၏ သိုလှောင်ရုံအတွင်းရှိ နိုင်ငံခြားဖြစ် အရက်၊ ဝိုင်မျိုးစုံနှင့် အဆင့်မြင့် စားသောက်ကုန်များကို မြေပြင်စာရင်းအသေးစိတ် ကောက်ယူလျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်အထိ စစ်ဆေးနေဆဲသတင်းများအရ နိုင်ငံခြားဖြစ် ဝိုင်မျိုးစုံ အလုံးပေါင်း ၈၅၀၀၀ ကျော်၊ အရက်မျိုးစုံ အလုံး ၉၅၀ ကျော်နှင့် စားသောက်ကုန်ပစ္စည်း အမယ်အလိုက် ၃၅ တန်ကျော်ရှိကြောင်း၊ Premium Food Services Products Co., Ltd. မှ အထောက်အထားများတင်ပြမည်ဆိုသော်လည်း စားသောက်ကုန်ပစ္စည်းများအတွက်သာ ဒီဇင်ဘာ ၆ ရက်တွင် တင်သွင်းခွင့်ဆိုင်ရာ အထောက်အထားများ စတင်တင်ပြနေဆဲ ဖြစ်ကြောင်း၊ အရက်၊ ဝိုင်များအတွက် အထောက်အထားများ တင်ပြခြင်း မရှိသေးကြောင်း၊ Mobile Team ပူးပေါင်းအဖွဲ့အနေဖြင့် မြေပြင်စစ်ဆေးရန် ကျန်ရှိသောပစ္စည်းများကို စစ်ဆေးဆောင်ရွက်နေဆဲ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

3G-9999 နံပါတ်အား ငွေကျပ်သိန်း ၃၀ ဖြင့်ဝယ်ယူ

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) ရန်ကုန်ရုံးချုပ်ရှိ ကနဦးမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် ဂဏန်းလေးလုံး အပူးနံပါတ်များဖြစ်သော 3G-9999 နံပါတ်ကို ငွေကျပ်သိန်း ၃၀၊ 3G-2222 နံပါတ်ကို ငွေကျပ် ၁၈ သိန်းတို့ဖြင့် ယာဉ်ပိုင်ရှင်များက ဝယ်ယူကြောင်း အဆိုပါဌာန၏ စာရင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး (ကညန) တိုင်းဦးစီးရုံးမှ တာဝန်ရှိသူတစ်ဦးက "၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်ကစပြီး ယနေ့အထိ ယာဉ်အိုယာဉ်ဟောင်း "စ" အက္ခရာမှ "အ" အက္ခရာအထိ အက္ခရာမျိုးစုံယာဉ် အစီးရေ ၆၂၅၀၀ ကျော် အပ်နှံပြီးဖြစ်ပါတယ်" ဟု ပြောကြားသည်။

အေးကို

ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Jack Up Rig"COSL GIFT "ဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့မှ ၂၀၁၄ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Jack Up Rig " COSL GIFT "ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာများမှာ အမှတ် -A Well Name AD 6-1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၆ မိနစ် ၁၅ ဒသမ ၇၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၄၂ ဒသမ ၉၃၁ စက္ကန့်၊ အမှတ်- B Well Name AD 6-3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ် ၃ ဒသမ ၇၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၄၈ ဒသမ ၅၃၉ စက္ကန့်နှင့် အမှတ်- C Well Name Warehouse Barge မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၄၄ ဒသမ ၂၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၂၀ ဒသမ ၈၈၉ စက္ကန့်တို့တွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Jack Up Rig " COSL GIFT" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မြို့ရွာဒေသနှင့်အထက်မြန်မာပြည်သတင်း

နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီဖြစ်သည့် ကလေးမြို့ ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးမှုအားကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်များဖြင့် အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၃၀ ထဲတွင် အဖွံ့ဖြိုးဆုံး ငါးမြို့ထဲတွင် ရပ်တည်နေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း ဖွံ့ဖြိုးမှုအားအကောင်းဆုံး သုံးမြို့ထဲတွင်ပါဝင်ကြောင်း တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရသည်။

ကလေးမြို့၏ အရှေ့ဘက်တွင် ကွန်ပျူတာတက္ကသိုလ်၊ အနောက်ဘက်တွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ တောင်ဘက်တွင် နည်းပညာတက္ကသိုလ်များ ရှိပြီး ယခုထပ်မံ၍ ကလေးမြို့၏ မြောက်ဘက်တွင် ယဉ်ကျေးမှုတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေရာ ကလေးမြို့၏ လေးဘက်လေးတန်တွင် တက္ကသိုလ်များ တည်ရှိလာပေတော့မည် ဖြစ်သည်။

ကလေးမြို့က မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ကလေး-ကလေးဝ လမ်းပေါ်ရှိ ဗန္ဓုလခန်းမကြီးနှင့် ဗန္ဓုလကြေးရုပ်တုကြီးကလည်း မြို့သူမြို့သားတို့ကို မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ထင်ဟပ်ပေါ်လွင်လျက် ရှိပေသည်။

ကလေးမြို့တွင် အထင်ကရဈေးကြီးများအဖြစ် ဗိုလ်ချုပ်လမ်းဆုံတွင် မြို့မဈေး၊ တာဟန်းရပ်ကွက်တွင် တာဟန်းဈေး၊ ဘုတာလမ်းခေါ် ဝေဘာလလမ်းတွင် ပင်လုံဈေးများရှိပြီး နေ့စဉ် ကုန်ရောင်းကုန်ဝယ်များဖြင့် စည်ကားလှပေသည်။ တာဟန်းဈေးသည် ချင်းပြည်နယ်သို့ ကုန်စိမ်း၊ ကုန်ခြောက် အများဆုံးတင်ပို့နေသော ဈေးကြီးဖြစ်သလို ချင်းပြည်နယ်ထွက် မုန်လာထုပ်၊ ပန်းသီး၊ သစ်တော်သီး၊ ခရမ်းချဉ်သီးများကို တမူးဒေသ၊ ဂန့်ဂေါဒေသ၊ ကလေးဝ၊ မော်လိုက်မြို့များအထိ ပို့ဆောင်ပေးနေရသော ဈေးကြီးတစ်ခု ဖြစ်သည်။ ချင်းပြည်နယ်နှင့် ကလေးဒေသထွက် ကုန်စိမ်းများ တစုတဝေးတည်း ဝယ်ရောင်းပြုလုပ်နိုင်ရန်အတွက် ကုန်စိမ်းတန်းကိုလည်း ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

ကလေးဒေသ လမ်းပန်းဆက်သွယ်ရေးကို ကြည့်မည်ဆိုပါက သုံးနိုင်ငံ မဟာမိတ်လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် တမူး၊ ကလေး၊ ကလေးဝ၊ ယားကြီး၊ မုံရွာလမ်းနှင့် အာရှပတ်လမ်းမကြီးအဖြစ်ဆောင်ရွက်မည့် တမူး၊ ကလေး၊ ဂန့်ဂေါလမ်းပိုင်းများကြောင့် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများကလည်း ကောင်းမွန်လှသည်။ ထို့အပြင် ကလေး၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့် လေယာဉ်လမ်းခရီးကလည်း မြန်မာ့လေကြောင်း၊ Air Bagan၊ ကမ္ဘောဇဆိုပြီး ရှိသည်။ မြန်မာ့လေကြောင်းသည် သောကြာနှင့် ဗုဒ္ဓဟူးနေ့များတွင် ဆင်းပြီး Air Bagan အနေဖြင့် စနေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် ဆင်းသည်။ ကမ္ဘောဇ လေကြောင်းလိုင်းသည် ကြာသပတေး၊ အင်္ဂါနေ့များတွင် ဆင်းကြောင်း လေကြောင်းဦးစီးဌာနက ပြောကြားချက်အရ သိရသည်။

တစ်ချိန်တည်းမှာပင် ကလေးဒေသ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီစေရေးအတွက် ဖွံ့ဖြိုးမှုအားနည်းသည့် အနောက်မြောက်ဒေသကို အနောက်မြောက်လမ်းမကြီးများ ဖောက်လုပ်ကာ စိုက်ပျိုးရေး၊ ပညာရေး၊ လူမှုရေးများ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် လမ်းတံတားများကို ပန်းများခင်းသည့်နှယ် ဒေသတွင်းကွန်ရက် ဆက်စပ်ရစ်ပတ်နှောင်ဖွဲ့ တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိမ်းလန်းစိုပြည်ရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေခံကောင်းများ ဖြစ်တည်လာချိန်တွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလယ်ယာကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ထိုမာ၊ ထောက်ကြန့်၊ နတ်ချောင်း၊ နတ်မြောင်း ကျေးရွာများရှိ လယ်မြေဧက တစ်သောင်းကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် Ever Green ကုမ္ပဏီမှ လယ်ယာမြေများကို စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို မြို့နယ်အထောက်အကူပြုကော်မတီဝင်များက ပြောသည်။

ကလေးမြို့တွင် ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုရှိပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဆိုပြီး မိမိယုံကြည်ရာ ကိုးကွယ်ခွင့်ပြုထားကြောင်း သိရသည်။ လွတ်လပ်စွာ ရင်သန့်ထွန်းကားမှုသည် ရေးအစဉ်အဆက်ကပင် တည်ရှိခဲ့သော အစဉ်အလာဖြစ်သည်။

ကလေးမြို့ကို ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန် လူမှုစီးပွားလုပ်ငန်းများတွင် အကျိုးဝင်သည့် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများကို လုံးပန်းကြိုးစား အားထုတ်ထျက်ရှိသည့်နည်းတူ ယဉ်ကျေးမှုလုပ်ငန်းများတွင် အကျိုးဝင်သည့် ပညာရေး၊ ကျန်းမာရေး၊ အသိဉာဏ်ဗဟုသုတတိုးပွားရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများပူးပေါင်းပြီး စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့် ကလေးမြို့ဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြပေသည်။

သျှင်နေမင်း

စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အလုပ်ရုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Mount Pleasant Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေမှု၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဖော်ဆောင်နေမှု၊ ဌာန၏ လုပ်ငန်းစဉ်များအပေါ် ဝန်ထမ်းများ သိရှိနားလည်စေရေးအတွက် ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြနိုင်ရေးနှင့် အုပ်ချုပ်မှုစနစ် အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မှု၊ ယခု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာမည့်အတွေ့အကြုံ ဗဟုသုတများကို ပြန်လည်သုံးသပ်၍ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ အရာထမ်း ၆၀ တက်ရောက်ကြပြီး စကားဝိုင်းဖွံ့ဖြိုးတိုးတက်မှု အတိုင်ပင်ခံအဖွဲ့ဝင်များက အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ပညာရပ်ဆိုင်ရာများ၊ အဖွဲ့အစည်းအတွင်း တိုးတက်ပြောင်းလဲမှုများအား စီမံခန့်ခွဲခြင်းနှင့် ပိုမိုထိရောက် အောင်မြင်ရေးအတွက် ဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြင့်မားသော စွမ်းဆောင်ရည် လုပ်နည်းလုပ်ဟန်များ အသုံးပြုဖော်ဆောင်ခြင်း စသည်တို့ထို သုံးရက်ကြာ နှီးနှော ဖလှယ် ဆွေးနွေးကြမည်မြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူမြို့တွင်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ပခုက္ကူ ဒီဇင်ဘာ ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သည် ဧရာဝတီမြစ်ကူးတံတားကြီး ဖွင့်ပြီးနောက် လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာနေပြီ ဖြစ်သည်။ ပခုက္ကူမှ ချင်းပြည်နယ် တောင်ပိုင်းသွားသည့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီ-ကန်ပက်လက် စသည်မြို့များသို့ ယခင်ကနှင့်မတူ လွယ်လင့်တကူ သွားလာနိုင်သကဲ့သို့ ချင်းပြည်နယ် မြောက်ပိုင်းဒေသများ ဖြစ်သော ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ-ကလေး-ဟားခါး စသည့်လမ်းများမြင့်လည်း ခရီးပေါက်နေပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်လာသည်နှင့်အမျှ လမ်းများကောင်းမွန်ရေးသည် အဓိကကျလာနေပြီဖြစ်သည်။ ယမန်နှစ်များက မိုးရွာသွန်းခဲ့မှုများကြောင့် လမ်းပိုင်းများပျက်စီးယိုယွင်းခဲ့သဖြင့် ယခုအခါ ပခုက္ကူမြို့ မြို့မလမ်းရှိ ပခုက္ကူ-ပေါက်-မြိုင်လမ်းဆုံမှ ဧရာဝတီတံတားသို့သွားသည် လမ်းပိုင်း ၁ မိုင် ၂ ဖာလုံအထိ Leveling and Seal ခင်းခြင်းလုပ်ငန်းကို ယခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှစ၍ မြတ်နိုးသူကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၅ ဖာလုံခန့်ပြီးစီးနေပြီ ဖြစ်သည်။ **(အပေါ်ပုံ)** ယခုဘဏ္ဍာရေးနှစ် ၁၂/ ၂၀၁၃ လုပ်ငန်းအတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဟု မြတ်နိုးသူကုမ္ပဏီမှ လမ်းပိုင်းတာဝန်ခံအင်ဂျင်နီယာက ပြောသည်။ **အောင်(မန်းတက္ကသိုလ်)**

ဒီပဲယင်းမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးဟောပြော

ဒီပဲယင်း ဒီဇင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က သန်းခေါင်စာရင်းကောက်ယူခြင်း ရည်ရွယ်ချက်နှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် မှန်ကန်စွာဖြေဆိုခြင်းဖြင့် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းကို ပူးပေါင်းပါဝင်ကူညီကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုစာရေးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက သန်းခေါင်စာရင်းကောက်ယူရာတွင် သိလိုသောအချက်များနှင့် မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကေကေ(ဒီပဲယင်း)

ပခုက္ကူခရိုင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ငွေကျပ်သိန်း ၃၉၀၀ ကျော်ချထားပေး

ပခုက္ကူ ဒီဇင်ဘာ ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ အပတ်စဉ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက လုံခြုံရေး အထူးအလေးထားဆောင်ရွက်ရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ ပခုက္ကူ-ရေစကြိုသွားလမ်းမကြီး လမ်းဘေးပဲယာရှိ အမှိုက်သရိုက်များ သစ်ပင်ခြုံနွယ်များ သန့်ရှင်းရေး၊ နွေစပါးစိုက်ပျိုးရန်အတွက် ဆည်နှင့် မြစ်ရေတင်လုပ်ငန်းများ အသင့်ပြင်ဆင်ထားသည်။

ပါပင်ဆောင်ရွက်

ယခုအခါ ပွင့်လင်းမြင်သာသည့်ခေတ်ကို သွားနေပြီဖြစ်၍ ပြည်သူကို ဗဟိုပြုကာ အသိပေးလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူတွေသိရှိပြီး ပြည်သူများပူးပေါင်းပါဝင်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ပခုက္ကူခရိုင်အတွက် ယခု ဘဏ္ဍာနှစ်အတွင်းမှာ ငွေကျပ်သိန်းပေါင်း ၃၉၇၅ ချထားပေးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းပေးထားကြောင်း၊ ယင်းဌာနများအနေဖြင့် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ငွေလုံးငွေရင်းနှင့် တည်ဆောက်သည် လုပ်ငန်းတိုင်းမှာ ကြီးကြပ်မှုကော်မတီက လာရောက်ကြီးကြပ်သည့်အခါမှာ ကြီးကြပ်စစ်ဆေးမှတ်တမ်းစာအုပ်များ ထားရှိရန် လိုအပ်ကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီသို့ ရောက်ရှိလာပြီဖြစ်၍ တရားမဝင်စက်သုံးဆီဆိုင်များ မရှိရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် သတိရှိနေရန် လိုအပ်ကြောင်း၊ စုံစမ်းရေးကော်မရှင်က မြေပြန်ပေးသည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးနှင့် One Stop Service စနစ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိဌာန၏လုပ်ငန်းများကို အကျဉ်းချုံးတင်ပြကြပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အုပ်ချုပ်ရေးမှူးက မိမိဌာနလုပ်ငန်းကျေပွန်ရန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းများ ပူးပေါင်းပါဝင်ကာ တာဝန်ထိ ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် လုံခြုံရေး အထူးအလေးထားဆောင်ရွက်ရန်တို့ မှာကြားခဲ့သည်။

အောင်(မန်းတက္ကသိုလ်)

နတ်မောက် - ရန်ကုန် ယာဉ်လိုင်းသစ်ဖွင့်

နတ်မောက် ဒီဇင်ဘာ ၆

နတ်မောက်မြို့နယ် ပြည်သူများ၏ လူမှုစီးပွားရေး လုပ်ငန်းကိစ္စများဖြင့် ရန်ကုန်မြို့သို့ သွားလာရေးအဆင်ပြေစေရန် ဖြည့်ဆည်းသောအားဖြင့် နတ်မောက်- ရန်ကုန် တိုက်ရိုက် မော်တော်ယာဉ်ခရီးစဉ်ပြေးဆွဲမည့် မြို့သစ်ဒဂုံ အဆင့်ဖြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က နတ်မောက်မြို့ ဈေးရပ်ကွက်ရှိ ဂိတ်စခန်း၌ ထျင်းပသည်။

မြို့သစ်ဒဂုံ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းသည် ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ငွေကျပ် ၆၅၀၀ သတ်မှတ်ကာ တန်ဖိုးကြီး တန်ဆာပစ္စည်းများကိုလည်း လုံခြုံစိတ်ချစွာ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ခရီးစဉ်မှာ နတ်မောက်-မြို့သစ်-ရန်ကုန်ဖြစ်ပြီး ကန်ပြား-နေပြည်တော်လမ်းအတိုင်း ပြေးဆွဲလျက်ရှိသဖြင့် ခရီးသည်များ နှစ်ခြိုက်မှုရှိကြောင်း သိရသည်။ **(၁၂၇)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆူးလေစေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး၏ (၁၀၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၂၆ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓပူဇာအတွက် မြတ်စွာဘုရားကို နေ့စဉ်ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်း၊ ဝတ်တက်ခြင်း၊ ဓမ္မပူဇာအတွက် အဘိဓမ္မာခုနစ်ကျမ်း တရားဒေသနာတော်များကို ကိုးရက်တိုင်တိုင် အသံမစဲ ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း၊ သံဃာပူဇာအတွက်သံဃာတော်နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ခင်းကျင်းဝေးထား

စေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူး၍ သံဃာအပါး ၁၈၀ နှင့် သီလရှင် အပါး ၅၀ တို့အတွက် ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ရာ အလှူခံဌာနကို မြောက်ဘက်မုခ် အာရုံခံတန်ဆောင်းတွင် ဖွင့်လှစ်ထားရှိသည်။ အလှူရှင်များသည် တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့နှင့် မြို့နယ်အလိုက်သော်လည်းကောင်း ဆွမ်းဆန်စိမ်းလောင်းလှူရန် ရင်ပြင်တော် ပတ်လည်နှင့် ရင်ပြင်အောက် လသွားစင်္ကြံတွင် နေရာများခင်းကျင်းပေးထားမည်ဖြစ်သည်။

ဖိတ်ကြားထား

ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီတွင် ဆွမ်းဆန်စိမ်းပါဝင်လောင်းလှူကုသိုလ်ပြုကြပါရန် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

အောင်သူရ

ဆီးကိမ်းပွဲတော်ကို ဂုဏ်ပြု ၃၁၉ မိုင်ခရီး စက်ဘီးစီးနှင်း

သီပေါ ဒီဇင်ဘာ ၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့မှ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း) အသက် ၇၅ နှစ်ရှိ ဦးဘိုအောင်သည် တစ်ကိုယ်တော်စက်ဘီးစီး၍ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီက သီပေါအထက(၁)ရှေ့မှ တာထွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်အားကစားဦးစီးအရာရှိ ဒေါ်သန်းရွှေမာ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ကျောင်းသား ကျောင်းသူများက အားပေးနှုတ်ဆက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ကာ နေပြည်တော်သို့ စတင်ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

စက်ဘီးစီးသမား ဦးဘိုအောင်သည် သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်နှင့် မန္တလေးသို့ မိုင် ၁၃၀ ခရီးနှင့် ၎င်းမှ မိတ္ထီလာ၊ ပျဉ်းမနား စသည့် ၉၄ မိုင် စစပေါင်း ခရီးမိုင်ပေါင်း ၃၁၉ မိုင်ကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲမစတင်မီ စက်ဘီးစီးနှင်းကာ သွားရောက်မည်ဖြစ်သည်။ ယခုကဲ့သို့ တစ်ကိုယ်တော်ဂုဏ်ပြုစက်ဘီးစီးနှင်းသွားရောက်ခြင်းမှာ မြန်မာ့အားကစားသမားများ စိတ်ဓာတ်တက်ကြွလာစေပြီး ရွှေတံဆိပ်များစွာ ဆွတ်ခူးရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဦးဘိုအောင်က ပြောကြားသည်။

လွန်ခဲ့သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာကလည်း စက်ဘီးအားကစားသမား ဦးဘိုအောင်သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ဂုဏ်ပြု၍ သီပေါမှ ရန်ကုန်မြို့သို့ မိုင်ပေါင်း ၆၇၆ မိုင်ခရီးကို တစ်ကိုယ်တော်စက်ဘီးဖြင့် သွားရောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကင်းထောက်လူငယ်များ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၆

4th ASEAN Scout Jamboree (Thailand)မှ ပြန်လည်ရောက်ရှိလာသော ကင်းထောက်လူငယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ် သီရိရတနာခန်းမ၌ ကျင်းပသည်။ ကင်းထောက်လူငယ်များ အတွေ့အကြုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်ဥက္ကဋ္ဌ ဒေါ်တင်လှကြည်က အမှာစကားပြောကြားသည်။

ထို့နောက် ကင်းထောက်လူငယ်အဖွဲ့အား ကြီးကြပ်လိုက်ပါသွားခဲ့သည့် မွန်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံး လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကိုကို၊ တောင်ကြီး အထက(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြခက်၊ စစ်တွေမြို့ အထက(၄)မှ ကင်းထောက်လူငယ်မောင်ကိုကိုကြီး၊ နေပြည်တော် အထက (၅)မှ ကင်းထောက်လူငယ် မောင်စည်သူမောင်၊ အလုံမြို့နယ်အထက(၄)မှကင်းထောက်လူငယ် မမြစန္ဒီစောတို့က အတွေ့အကြုံများကို ရှင်းလင်းပြီး ဘားအံ အထက (၄)မှ ကင်းထောက်လူငယ် မဆုဝတီကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံ Jamboree မှ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်သို့ ပေးပို့သော လက်ဆောင်ပစ္စည်းကို ကင်းထောက်လူငယ်များက မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်ဒုတိယဥက္ကဋ္ဌတ ပေးအပ်ပြီး မြန်မာကင်းထောက်အဖွဲ့ (ယာယီ) အဖွဲ့ဝင် ဦးတင်လိုင်က နိဂုံးချုပ်စကား ပြောကြားသည်။

နိုင်ငံတကာရှိ ကင်းထောက်လုပ်ငန်းများကို မြန်မာနိုင်ငံရှိ ကင်းထောက်လူငယ်များမှ ကြီးကြပ်သူနှစ်ဦးနှင့် ကင်းထောက်လူငယ် ၂၀ ကို ရွေးချယ်ကာ ထိုင်းနိုင်ငံတွင် ကျင်းပမည့် 4th ASEAN Scout Jamboree (Thailand)သို့ နိုဝင်ဘာ ၂၇ ရက်က စေလွှတ်ခဲ့ကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကင်းထောက်လူငယ်များနှင့် တွေ့ဆုံခဲ့ပြီး ဒီဇင်ဘာ ၄ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နှစ်ခြင်းသာသနာနှစ် ၂၀၀ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်းဓမ္မသဘင်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ နှစ်ခြင်းသာသနာ၏ သမိုင်းဝင်ဖြစ်သော နှစ်ခြင်းသာသနာနှစ် ၂၀၀ ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ ရန်ကုန် ကရင်နှစ်ခြင်းခရစ်ယာန်အစီး သာသနာနယ်အသင်းတော်များအဖွဲ့၊ Franc အောက်မေ့ဖွယ် သာသနာခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်ဥက္ကဋ္ဌ၊ ကမ္ဘာ့နှစ်ခြင်းသဟာယအဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က နှစ်ခြင်းသာသနာနှစ် ၂၀၀ ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင်ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဓမ္မသဘင်ကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပေါင်းစုံပါဝင်ကြသည့်အတွက် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေနိုင်ခြင်းနှင့် မိမိယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်ခွင့် အနှစ်သာရများအား ထင်ရှားပေါ်လွင်စွာ သထ်သေထူသည့် ဓမ္မသဘင်ကြီးလည်း ဖြစ်ကြောင်း၊ ဓမ္မသဘင်ကြီးသို့ တက်ရောက်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အမျိုးသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့တွင် တစ်တပ်တစ်အားပါဝင်ကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်၊

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးတာကွယ်ရေး မြန်မာနှင့် ဩစတြေးလျတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့နှင့် Australia-Asia Program to Combat Trafficking in Persons(AAPTIP)မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင် ဦးဆောင်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာန၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ အဖွဲ့ဝင်ရှစ်ဦးနှင့် Australia Asia Program to Combat Trafficking in Persons (AAPTIP)မှ အဖွဲ့ခေါင်းဆောင် Mr.Mark B.Taylor, Mr.Matt Townsend (Partnership and advocacy manager, Australia Aid) နှင့် Daw Ohnmar EiEi Chaw (Country Program Coordinator, AAPTIP)တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှု ဥပဒေပြဋ္ဌာန်းပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နည်းဥပဒေနှင့် ပတ်သက်၍ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မဲခေါင်ဒေသခြောက်နိုင်ငံတွင် လူကုန်ကူးမှုပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှုများအကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး AAPTIP မှ အဖွဲ့ခေါင်းဆောင် Mr. Mark B.Taylor က AAPTIP ၏ လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြု ဆွေးနွေးကြပြီး မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurist Award 2013)ကို ချီးမြှင့်ခြင်းခံရသည်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurist Award 2013)ကို ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ

ချစ်သူငယ်ချင်း ဦးဟန်စိုး Rubber King Co.,Ltd. 03.12.2013 Royal Mingalardon Golf & Country Club တွင် တစ်ချက်တည်းနှင့် ကျင်းဝင်သွားသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သူငယ်ချင်း ဘဝတစ်လျှောက်လုံးကံကောင်းခြင်းများစွာ မိသားစုနှင့်အတူ ပိုင်ဆိုင်နိုင်ပါစေ။

ဦးရဲကိုကိုအောင် မိသားစု
(ရဲသုခ လုပ်ငန်းစု)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၁၇၀၅၊ (၄၀ပေ × ၆၀ပေ) ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့ မြို့ရွာ နှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသိန်းမောင် အမည်ပေါက်လျက်ရှိပါသည်။ ယင်းမြေကွက်အားအရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူဦးလှသန်းဦး (၁၂/ဒဂတ (နိုင်) ၀၉၄၆၄၆) ထံမှ ဝယ်ယူရန် စရံငွေတစ်စိတ်တဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၅) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းဝေ
၁၂/တမန (နိုင်) ၀၉၆၅၁၇
၀၉ ၅၄၀၃၂၅၇

အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာ ဆန့်မည်မဟုတ်
ယုံကြည်စွာအပ်နှံပါ
ငွေကုန်လူပန်းမဖြစ်စေရ
SH မြင့်သူထက် YU
ဒါရိုက်တာဆရာကြီး
နီခံ(၁)၊ ဒု/ဦးစီး
ဒု/ဦးစီး၊စာစရေး
တွေ/အုပ်
စည်ပင်၊ လွှတ်တော်
Non Stop 11-12-2013 စမည်
ပို့ဆောင်ရေး၊လဝက၊အလုပ်သမား၊သစ်တော၊ဘဏ္ဍာရေး၊ကာကွယ်ရေး၊
ပြန်ကြားရေး၊ဆက်သွယ်ရေး၊ဝန်ထမ်းရွေးချယ်ရေး၊PhD
မြန်မာစာ >လိုးဝကျက်စရာမလို၊ အင်္ဂလိပ်စာ >အဓိက Essay(၅)ပုဒ်၊
ဗဟုသုတ >ပြည်တွင်း/ပြည်ပအဓိက (၅)ပုဒ်စီ
CAMBRIDGE- ENGLISH 4 SKILLS
COMPUTER - Microsoft Office, DTP, Photoshop
အမြတ် - ၃၀၀၀၀ိ/- တအုပ်အခဲ
တိုက်(၂၃)၊ (၅)လွှာ၊ လှည်းတန်းလမ်းမ၊ လှည်းတန်း Centre အေား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-73008719

အမည်ပြောင်း
ဦးမျိုးမင်း၏သမီး ပဲခူးမြို့၊ အထက(၃) ပထမတန်း(င)မှ မနှင်းဝေဝေ ယုအား မအေးမြတ်ပွင့်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

မအေးမြတ်ပွင့်ဖြူ

ပြည်တွင်းသတင်း

မြောင်းမြခရိုင် ဖွံ့ဖြိုးရေးဒေသခံများနှင့်ဆွေးနွေး

မြောင်းမြ ဒီဇင်ဘာ ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးသည် ဒီဇင်ဘာ ၃ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များမှ အထောက်အကူပြုကော်မတီဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ဒုတိယဝန်ကြီးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်ထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန(မွေးမြူရေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးသန်းဦးဝေတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဝင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်အောင်၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မတို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းရှင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များတက်ရောက်ကြသည်။ **အောင်မင်း(မြောင်းမြ)**

စားသုံးရန် မသင့်သောစားသုံးဆီများ ဖျက်ဆီး

ပြင်ဦးလွင် ဒီဇင်ဘာ ၆

ပြည်သူများ ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်သည် စားကုန်ပစ္စည်းများကို ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများအတွင်း ရောင်းချနေသော စားသုံးဆီများအနက် ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (နေပြည်တော်) ဓာတ်ခွဲခန်းစမ်းသပ်ချက်အဖြေအရ စားသုံးရန်မသင့်သော စားသုံးဆီများအား မြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စုစုဒွေး ခေါင်းဆောင်သောအဖွဲ့၊

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့ဈေးကြီး တာဝန်ရှိဝန်ထမ်းများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး မြေကျင်းတူးမြှုပ်နှံဖျက်ဆီးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၃၂)

ဘိလပ်မြေ အုတ်လုပ်ငန်းဖြင့် မိသားစုများအဆင်ပြေတွက်ခြေကိုက်

မြိုင် ဒီဇင်ဘာ ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၁) ရပ်ကွက်ရှိ အသေးလုံးကွန်ကရစ်ဘိလပ်မြေအုတ်လုပ်ငန်းဖြင့် မိသားစုများ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေကာ ဝင်ငွေရရှိ၍ မိသားစုစားဝတ်နေရေးအဆင်ပြေနေကြောင်း သိရသည်။

ဝယ်ယူသုံးစွဲ

ယင်းဘိလပ်မြေ အုတ်များသည် အဆောက်အအုံများ၊ လမ်း၊ တံတားများတွင် အသုံးပြုသည့်အခါ မိုးဒဏ်၊ လေဒဏ်၊ အပူ/အအေးဒဏ်ခံနိုင်ရည်ရှိပြီး အုတ်များပြုလုပ်သည့်အခါ လယ်ယာမြေပြုန်းတီးမှုအတွက် ကာကွယ်ပေးပြီး အုတ်ဖုတ်ရာတွင် လောင်စာအဖြစ် အသုံးပြုရန် ထင်းမလိုသဖြင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်ရာရောက်သည့်အပြင် လုပ်ငန်းအတွက် အချိန်ကုန်မှုသက်သာစေခြင်း၊ အရည်အသွေးကောင်းသည့် အုတ်များပြုလုပ်နိုင်ခြင်းတို့ကြောင့် ပြည်သူအများဝယ်ယူသုံးစွဲနေကြပြီဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဘိလပ်မြေ အုတ်လုပ်ငန်းတွင် ဘိလပ်မြေအိတ်တစ်လုံးလျှင် အုတ်အချပ်ရေ ၃၀၀ ပြုလုပ်နိုင်ပြီး အုတ်တစ်ချပ်အတွက်လုပ်အားခငွေ ၁၀ ကျပ်သာ ကုန်ကျစရိတ်ဖြစ်ရာ ဘိလပ်မြေအိတ်တစ်အိတ်လျှင် ပေါက်ဈေးငွေကျပ် ၆၅၀၀၊ ၇၀၀၀ ရှိပြီး ဘိလပ်မြေအုတ်တစ်ချပ်လျှင် ၄၅ ကျပ်ဈေးရောင်းရသဖြင့် ဘိလပ်မြေအိတ်တစ်လုံးအသုံးပြု၍ အသားတင်အမြတ်မှာ ငွေကျပ် ၆၅၀၀ ရရှိကာ မိသားစုတစ်နိုင်တစ်ပိုင်ပြုလုပ်နိုင်သည့် အသေးစားမိသားစုလုပ်ငန်းတစ်ရပ်ဖြစ်သည်။

အောင်(မန်းတက္ကသိုလ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁၂-၂၀၁၂

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၄၀၀၀-၆၁၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၂၅၀၀-၆၁၄၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၈၇၉-၈၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၁၃၂-၁၁၄၉	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၃၃-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃-၃၀.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်ထိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၃၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၃၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွံဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၂၀၀၀-၂၄၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၁၀၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၈၅-၁၂၀၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၇၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၅၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၅၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စုစည်းသည်။

တစ်ဧကတန် ၆၀ ထွက်ရှိမည့် ချက်ကြံသီးနှံ ကျောက်တံခါးမြို့နယ်တွင် တောင်သူသရုပ်ပြစိုက်ပျိုးပြသ

ကျောက်တံခါး ဒီဇင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသောကြာအင်းကုန်းကျေးရွာအုပ်စု ရန်ကုန်-နေပြည်တော် အမြန်လမ်းဘေး (၁၀၄ မိုင် ၃ ဖာလုံ)တွင် တစ်ဧကလျှင် တန် ၆၀ ထွက်ရှိမည့် မျိုးသန့်မျိုးပွားချက်ကြံသီးနှံ စံပြကြံစိုက်ခင်းသုံးဧကကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက တောင်သူများအား GAP စနစ်ဖြင့် သရုပ်ပြစိုက်ပျိုးပြသခဲ့ရာ အခမ်းအနားသို့ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတက်အောင်ဖြိုးနှင့် စိတ်တိုးမြင့်အဖွဲ့များ၊ ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးသန်းနိုင်၊ ကျော်သာကုမ္ပဏီမှ ချက်ကြံသီးနှံစိုက်ခင်းတာဝန်ခံ ဦးသန့်ဇင်မောင်နှင့်တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(ဝဲပုံ)** **ခင်ကို(ကျောက်တံခါး)**

တစ်ဦးတည်းဖြစ်ကြောင်း
ဦးစိုင်းသီဟ၏သား ကချင်ပြည်နယ်၊ လုံးခင်းမြို့နယ်၊ လုပ်ကွက်(ဇုံ၁)ကျောက်စိမ်းတူးဖော်ရေးဌာနမှ ဦးထွန်းလင်း ၁၃/ တကန(နိုင်)၁၃၇၄၆၈ နှင့် ဦးစိုင်းလင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးထွန်းလင်း(ခ)ဦးစိုင်းလင်းအောင်

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားစီးလုံးငှားသည်။
Ph: 209077, 09-731 67000
209388, 09-731 68000

စာအုပ်စာပေ
လူ့မိတ်ဆွေ

First Choice Travel & Tour
09-421069966, 09-5171301, 09-73059081
Dec 26 · Dec 26, 29 · Dec 21 · Dec 21 · Dec 21, 27 · Dec 27 · Dec 28 · Dec 21 · Dec 26 · Dec 26
Discount

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁၂-၂၀၁၂ ရက် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ခြင်းလုံးပြိုင်ပွဲ၌ အမျိုးသမီးအခြေခံ အတွဲနှင့် အမျိုးသားအခြေခံအတွဲ ပြိုင်ပွဲများတွင်(ပထမဆု) ရွှေတံဆိပ်များ ရရှိခဲ့မှုအတွက် နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သီဟသုခမ္မမဏိဇောတရေ ဦးစိုးနိုင် (လူမှုထူးချွန်ဒုတိယဆင့်)နှင့် ခြင်းလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့်ထပ်တူ

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီ
အေးအေးခိုင် ဆောက်လုပ်ရေးကုမ္ပဏီမိသားစုများ
အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ

ဆေးကျောင်းသား၊ အလုပ်သင်ဆရာဝန်၊ ဆရာဝန်သစ်လွင်များအတွက်

1. Easy ECG
2. Acute Medical Emergencies
3. Clinical Examination and Clinical Cases

Professor Ne Win

Available at:
Wardan Bookstore: No.46, Ground Floor, Wardan Street, Lammadaw, Yangon. Tel: 01-228746, 227276

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအား မေတ္တာရပ်ခံမန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။

၂။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပသည့်ကာလအတွင်း အောက်ပါအချက်များအား ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာနွေးထွေးစွာ ကြိုဆိုဆက်ဆံတတ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံကို မြင်သာအောင် ပြသပေးကြပါရန်။

(ခ) ဧည့်သည်တော်နိုင်ငံနှင့် လူမျိုးတို့၏ ဘာသာနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြပါရန်။

(ဂ) အားကစားပွဲများ ကြည့်ရှုအားပေးရာတွင် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံကြီးသားပီသစွာ၊ မျှတစွာကြည့်ရှုအားပေးကြပါရန်။

(ဃ) မူးယစ်စေတတ်သော ဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။

(င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏ သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။

(စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျထန်းစီပြီး သတ်မှတ်လမ်းကြောင်း နေရာအသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံနေရာများမှသာ အားပေးကြပါရန်။

(ဆ) ယာဉ်ထိန်းရဲထပ်ဖွဲ့ဝင်များ ညွှန်ပြသည့် လမ်းကြောင်းအတိုင်းဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။

(ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီ တောင်းခံလာပါက တတ်နိုင်သမျှကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။

(ဈ) မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူ/ပစ္စည်းနှင့် အကြောင်းခြင်းရာတွေ့ရှိပါက လုံခြုံရေးတာဝန်ရှိသူများထံ ချက်ချင်း(ချက်ချင်း) အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်းမပြု(မပြု)ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။

(ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။

(ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလှိုင်းဖမ်းယူစက်၊ တယ်လီဖုန်းလှိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်းထုတ်နိုင်သည့်ကိရိယာများ။

(ဃ) ခရာ၊ စပီကာကဲ့သို့သော အသံဆူညံစွာ ဖြစ်စေသည့် ကိရိယာများ။

(င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သောပစ္စည်းများ။

(စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့်ပစ္စည်းများ။

(ဆ) အနံ့အသက်ဆိုးရွားသောပစ္စည်းများ။

(ဇ) ဓာတ်ငွေ့ဘူး၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။

(ဈ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။

(ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။

(ဋ) အရေအတွက် ထုထည်ကြီးမားသော အစားအသောက်များ။

(ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။

(ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံနိုင်သောပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြု ပစ္စည်းများတပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထု အားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

နေပြည်တော်	- ၀၆၇-၈၁၁၄၀၈၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇-၅၅၀၂၀၂၊ ၀၆၇-၅၅၀၃၃၃၊ ၁၉၉
ရန်ကုန်	- ၀၆၇-၈၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂၊ ၀၁-၂၃၀၄၄၀၃၊ ၀၁-၂၃၀၁၉၉၊ ၁၉၉
မန္တလေး	- ၀၆၇-၈၁၀၄၀၇၇၊ ၀၂-၃၆၈၇၁၊ ၀၂-၃၆၈၆၉၊ ၀၂-၃၉၆၃၅၊ ၀၂-၆၁၄၄၄၊ ၁၉၉
ပုသိမ်(ငွေဆောင်)	- ၀၆၇-၈၁၀၄၀၇၇၊ ၀၄၂-၂၅၈၂၂၊ ၀၄၂-၂၁၀၅၁၊ ၀၄၂-၂၃၈၄၄၊ ၀၄၂-၄၀၁၈၀၊ ၁၉၉

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး သီပေါ၌ ငွေလှူဒါန်း

သီပေါ ဒီဇင်ဘာ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေလှူဒါန်းပွဲနှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ယူကလစ်စိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်ခြင်း ရှင်းလင်းဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဈေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ဂရိတ်ဝေါကုမ္ပဏီမှ ယူကလစ် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပရိုဂျက်တာနှင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဂရိတ်ဝေါ ကုမ္ပဏီမှ ဦးတင်မောင်-ဒေါ်နန်းလှစိန် မိသားစုက အလှူငွေကျပ်သိန်း ၃၀၊ ဦးခင်ဇော်အောင်နှင့်ညီအစ်ကိုများက အလှူငွေကျပ် ၁၀ သိန်း၊ ဦးကျော်ဝင်း၊ နယူးစတားလိုက်ကုမ္ပဏီမှ အလှူငွေကျပ် ၁၀ သိန်း၊ ဦးအောင်ကျော်ဝင်း (Mother Love Co.,Ltd.) မှ အလှူငွေကျပ် ၁၀ သိန်း၊ ဦးအေး(သိန်းကမ္ဘာကျောက်မျက်ကုမ္ပဏီ)မှ အလှူငွေကျပ် ၁၀ သိန်း၊ ဦးလောကြာ(နန်းရဲကျောက်မျက်ကုမ္ပဏီ)မှ အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် တာဝန်ရှိသူများက လက်ခံယူကြောင်းသိရသည်။

(ယာပုံ) **စိုင်း(သီပေါ)**

အားစာစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရွှေနေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013)ကို ချီးမြှင့်ခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ် ရုံးမိသားစုအားလုံးမှ ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။ **ပြည်ထောင်စုရှေ့နေချုပ်ရုံးမိသားစု**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၂၉၅/က) [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မြမြသန့် LL.B, D.B.L, WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
PIONEER LAW FIRM
[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး-တ)၊ မြေကွက်အမှတ် ၃၇၄/က၊ သံသုမာလမ်းဟုခေါ်တွင်သော မြေအကျယ်အဝန်း စတုရန်းပေ ၁၂၀၀ရှိ ဒေါ်ကျင်ပိုင်း ၁၂/သဃက(နိုင်)၀၅၉၀၀၄အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် အမှတ် ၅၂/ခ၊ မြေအကျယ်အဝန်းစတုရန်းပေ ၁၂၀၀ရှိ ဒေါ်ကျင်ပိုင်း ၁၂/သဃက(နိုင်)၀၅၉၀၀၄ နှင့် ဒေါ်ကြည့်လေး ၁၂/ဥကတ(နိုင်)၁၁၉၁၇၁တို့ ပူးတွဲအမည်ပေါက်နှစ် ၆၀ဂရန်မြေကွက် အပါအဝင် ယင်းမြေကွက်နှစ်ကွက်များပေါ်ရှိ နေအိမ်(ရေ၊ မီးအစုံ) အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြေစာရင်းတွင်အမည်ပေါက်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော်(စဉ်-၃၀၉၃၈) LL.B, D.I.L, WIPO(Switzerland) အထက်တန်းရှေ့နေ
ZAW FAMILY ဥပဒေအကြံပေးနှင့်အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာA၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ပဲခူးမြစ်လမ်း၊ အမှတ်(၁၁၆၀)အကျယ်အဝန်း(၄ပပေ× ၆၀ပေ)ရှိ ဦးမျိုးကြွယ်(BZ-၀၁၁၈၈၄/၂/လကန(နိုင်)၀ပ၈၇၅၇)ကိုင်ဆောင်သူ အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဟုန်ဇေရိ(ခ)ဦးစိုးဝင်း (၉/မနမ(နိုင်)၀၀၅၁၉၃)ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၂-၁၂-၂၀၁၃) ရက်နေ့အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
အမှတ် (၁၀၅၊၁၀၇) ၊ အနော်ရထာ်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ။ ဖုန်း -၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၈၁၇၁၃၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၄၆၊ မြေကွက်အမှတ် (၂၁၂၀)၊ ပေ (၄၀×၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးစိုးမြင့်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးအောင်ကျော်ကျော် (ဘ) ဦးသန်းလွင် ၁၂/သဃက(နိုင်)၁၇၉၃၄၃က မြေပါမစ် စာရင်းသွင်းရန်အတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်စာရင်းသွင်းပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၁၂)**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မလွန် အမှတ်(၁)ရပ်ကွက်နေ ဒေါ်ဆင့် ၈/မလန(နိုင်)၀၄၅၉၄၉ ၏ သား မောင်ကိုကိုလတ် ၈/မလန(နိုင်)၀၅၃၉၀၀သည် မိဘ၏ ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
အုပ်ထိန်းသူ ဒေါ်ဆင့်

အလိမ္မာ စာမှာရှိ

နိုင်ငံတကာအားကစားသတင်း

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၅				ဒီဇင်ဘာ ၇
မန်ယူ	-	နယူးကာဆယ်	ည ၇း၁၅	(ယခင်နှစ် ၄-၃)
ပဲလေ့စ်	-	ကာဒစ်ဖ်	ည ၉း၃၀	(-)
လီဗာပူး	-	ဝက်စ်ဟမ်း	ည ၉း၃၀	(ယခင်နှစ် ၀-၀)
ဆောက်သမ်တန်	-	မန်စီးထီး	ည ၉း၃၀	(ယခင်နှစ် ၃-၁)
စတုတ်	-	ချယ်လ်ဆီး	ည ၉း၃၀	(ယခင်နှစ် ၀-၄)
ဝက်စ်ဘရွန်း	-	နော့ဝှစ်ချ်	ည ၉း၃၀	(ယခင်နှစ် ၂-၁)
ဆန်းဒါးလန်း	-	စပါး	ည ၁၂း၀၀	(ယခင်နှစ် ၁-၂)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၅				ဒီဇင်ဘာ ၇
ဂလက်ဘတ်	-	ရှော်လ်ကေး	ည ၉း၀၀	(ယခင်နှစ် ၀-၁)
စတုဂတ်	-	ဟန်နိုဗာ	ည ၉း၀၀	(ယခင်နှစ် ၂-၄)
ဝါဒါဘရီမင်	-	ဘိုင်ယန်မြူးနစ်	ည ၉း၀၀	(ယခင်နှစ် ၀-၂)
ဟမ်းဘတ်	-	အော့စ်ဘတ်	ည ၉း၀၀	(ယခင်နှစ် ၀-၁)
ဖရန့်ဘတ်	-	ဟော့ဖ်ဟမ့်ဟိမ်း	ည ၉း၀၀	(ယခင်နှစ် ၂-၁)
ဓော့မွန်	-	လေဗာကူဆင်	ည ၁၂း၀၀	(ယခင်နှစ် ၃-၀

အီတလီစီးရီးအေ ပွဲစဉ်-၁၅				ဒီဇင်ဘာ ၇/၈
လီဗော်နို	-	အေစီမီလန်	ည ၁၁း၃၀	(-)
နာပိုလီ	-	အူဒီးနိစ်	နံနက် ၂း၁၅	(ယခင်နှစ် ၂-၁)

ပြင်သစ်လီဂူး ပွဲစဉ်-၁၇				ဒီဇင်ဘာ ၇/၈
ပီအက်စ်ဂျီ	-	ဆိုးချော့စ်	ည ၁၀း၃၀	(ယခင်နှစ် ၂-၀)
လော်ရီယန့်	-	ရန်းနက်စ်	နံနက် ၁း၃၀	(ယခင်နှစ် ၂-၂)
ရိမ်းစ်	-	နိုက်စ်	နံနက် ၁း၃၀	(ယခင်နှစ် ၃-၁)
စိန့်အက်တီယန်	-	အီဗီယန်	နံနက် ၁း၃၀	(ယခင်နှစ် ၁-၀)
ဗလင်စီနက်	-	ဂူအင်ဂမ့်	နံနက် ၁း၃၀	(-)

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၁၉			ဒီဇင်ဘာ ၇
ဒါဘီ	-	ဘလက်ပူး	ည ၆း၄၅
ဘရိုက်တန်	-	လက်စတာ	ည ၉း၃၀
ဘာမင်ဂမ်	-	မစ်ဒယ်ဘရော့	ည ၉း၃၀
ဘော်လ်တန်	-	ဒွန်ကတ်စတာ	ည ၉း၃၀
လိဒ်	-	ဝက်ဖို့ဒ်	ည ၉း၃၀
ရီဒင်း	-	ဘုန်းမောက်	ည ၉း၃၀
အစ်ဆွစ်	-	ဟက်ဒါဖီးလ်	ည ၉း၃၀
ယီအိုဗီး	-	ချာလ်တန်	ည ၉း၃၀
ဘန်လေ	-	ဘန်စလေ	ည ၉း၃၀
ရှက်ဖီးဝမ်းနက်စ်ဒေး	-	နော်တင်ဟမ်	ည ၉း၃၀
မီဝေါလ်	-	ဝီဂန်	ည ၉း၃၀
ကျူပီအာ	-	ဘလက်ဘန်း	ည ၉း၃၀

ခရီးကြမ်းနှင်နေရပြီဖြစ်တဲ့မန်ယူ

မိုးမြင့်လင်းလက်

မန်ယူအသင်းဟာ အဲဗာတန်ကို အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး တန်းစီဇယားတိပ်ဆုံးက အာဆင်နယ်နဲ့ ပွဲတူ ၁၂ မှတ်ကွာဟသွားပြီမို့ ဒီနှစ်ပရီမီယာလိဂ်ဖလားကို မျှော်မှန်းလို့ မရတော့ဘူးလို့ ပေဖန်နေမှုတွေအပေါ် မန်ယူနည်းပြ မိုယက်စ်က ငြင်းဆိုလိုက်ပါတယ်။

မန်ယူအသင်းရဲ့ စွမ်းဆောင်မှုတွေဟာ ချန်ပီယံလမ်းကြောင်းပေါ်က သွေဖည်မသွားသေးပါဘူးလို့ မိုယက်စ်က ပြောကြားနေပြီး မိမိတို့အသင်းဟာ အဆိုးဆုံးအနေအထားက ရုန်းထွက်နိုင်တဲ့ စွမ်းရည်ရှိနေကြောင်း တုံ့ပြန်ပြောကြားလိုက်ပါတယ်။

မန်ယူအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ၁၄ ပွဲကစားပြီးချိန်မှာ လေးပွဲရှုံး၊ လေးပွဲသရေနဲ့ တန်းစီဇယားအဆင့် ကိုးနေရာမှာ ရပ်တည်နေတာမို့ မန်ယူနည်းပြသစ် မိုယက်စ်လည်း ပေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက မန်ယူအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ အခွင့်အရေးရှိနေဆဲဖြစ်တယ်လို့ ပြောကြားနေတာမို့ မန်ယူကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုအပြင် နည်းပြမိုယက်စ်ရဲ့ ကြိုးစားအားထုတ်မှုလည်း အများကြီးလိုအပ်နေသေးတယ်ဆိုတော့ ငြင်းလို့မရတဲ့ အနေအထား ဆိုက်ရောက်နေပြီ ဖြစ်ပါတယ်။

ဖာဂူဆန်အလွန် မိုယက်စ်လက်ထက်မှာ ၁၄ပွဲကစားပြီးချိန်မှာ အဆင့်ကိုးနေရာအထိ ကျဆင်းနေတဲ့ မန်ယူကို လက်ရှိနည်းဗျူဟာအတိုင်း ဆက်သွားရင်တော့ မန်ယူရဲ့သမိုင်းကို မိုယက်စ်က အရှောင်ဆိုးသူအဖြစ် မှတ်တမ်းဝင်တော့မှာ ဖြစ်ပါတယ်။

မန်ယူရဲ့ လက်ရှိကစားသမားအင်အားဟာ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ အနေအထားရှိနေပေမယ့် နည်းဗျူဟာအပိုင်းနဲ့ ပွဲထွက်ကစားသမားအခင်းအကျင်းပိုင်းမှာ အားနည်းချက်တွေ ရှိနေတာတော့ လက်ခံရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအခြေအနေမှာ ရှုံးပွဲတွေထပ်မံကြုံတွေ့ရင်တော့ မန်ယူက ရာသီတက်ဝက်မတိုင်ခင် ပရီမီယာလိဂ်ဖလားကို လက်လွှတ်ရမယ့် နိမိတ်ပုံတွေ ထင်ဟပ်လာမှာ ဖြစ်ပါတယ်။

ဆွာရက်ဇ်၏ဂိုးများကြောင့် လီဗာပူးအောင်မြင်မှုများရရှိ

တိုက်စစ်မှူးဆွာရက်ဇ်၏ သွင်းဂိုးများကြောင့် လီဗာပူးအသင်းသည် အကောင်းဆုံးနေရာရရှိထားကြောင်း နည်းပြဘရီဒန်ရော်ဂျာက ပြောသည်။ တိုက်စစ်မှူး ဆွာရက်ဇ်သည် နော့ဝှစ်ချ်ကို လီဗာပူးက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် လေးဂိုးသွင်းယူပေးခဲ့သည်။ ဆွာရက်ဇ်သည် နွေရာသီက လီဗာပူးအသင်းမှထွက်ခွာရန် ကြိုးစားခဲ့သည်။ သို့ရာတွင် လီဗာပူးနှင့်အတူ ယခုနှစ်အတွင်း ၁၀ပွဲတွင် ၁၃ ဂိုးသွင်းယူပေးခဲ့သည်။ "သူဟာ ဒီမှာ တကယ်ပျော်နေပါပြီ၊ သူ့အပြုံးနဲ့စိတ်အားထက်သန်စွာ ကစားနေတာပါ"ဟု နည်းပြရော်ဂျာက ပြောသည်။ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် လာမည့် ဇန်နဝါရီ ၁၃ ရက်တွင် ပေးမည့် အကောင်းဆုံးဘောလုံးသမားဆု ဆန်ခါတင် ၂၃ဦးတွင်လည်း ပါဝင်သည်။

၂၀၂၂ ကမ္ဘာ့ဖလားကျင်းပမည့်အချိန် ဖီဖာက သတ်မှတ်ပေးမည်

ကာတာ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ကျင်းပမည့်ရက်များ ဒီဇင်ဘာလတွင် သတ်မှတ်သွားမည်ဖြစ်ကြောင်း ဖီဖာက ပြောကြားသည်။ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ကာတာနိုင်ငံသည် ပူပြင်းသောနိုင်ငံဖြစ်၍ သတ်မှတ်ထားသည့် ကာလပြောင်းရန် ပြောကြားသည်။ ယင်းနိုင်ငံသည် နွေရာသီကာလအတွင်း အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်ရှိ၍ စိုးရိမ်မိကြောင်း ၎င်းကပြောကြားသည်။ ကာတာတာဝန်ရှိသူများက ယင်းဘောလုံးပြိုင်ပွဲကို တစ်နှစ်အတွင်း မည်သည့်အချိန်တွင်မဆို ကျင်းပနိုင်သည်ဟု ဆိုသည်။ သို့ရာတွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများ၌ ကျင်းပရန်မဖြစ်နိုင်ကြောင်း ဖီဖာက ပြောသည်။

ရော်ဘင် မန်စီးတီးနှင့်ပွဲလွဲမည်

ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား အာဂျင်ရော်ဘင်သည် ဒဏ်ရာကြောင့် ခြောက်ပတ်ကြာ အနားယူရမည်ဖြစ်၍ မန်စီးတီးနှင့်ကစားမည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လွဲချော်လိမ့်မည်ဟုဆိုသည်။ ဒတ်ချ်တိုက်စစ်မှူး ရော်ဘင်သည် ဘိုင်ယန်မြူးနစ်နှင့် အော့စဘတ်အသင်းတို့ယှဉ်ပြိုင်ကစားစဉ် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်သီတင်းပတ်တွင် မန်စီးတီးနှင့် နောက်ဆုံးအုပ်စုပွဲ ကစားရမည်ဖြစ်သည်။ ယင်းတို့ နှစ်သင်းစလုံးသည် အုပ်စုတက်ပြီးဖြစ်သည်။ ရော်ဘင်သည် စနေနေ့တွင် ဝါဒါဘရီမင်သို့ သွားရောက်ကစားရာထွင်လည်း လွဲချော်လိမ့်မည်ဟုဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြည်နယ်အစိုးရအဖွဲ့
ရခိုင်ပြည်နယ်၊ စစ်တွေမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်ရှိ အောက်ဖော်ပြပါမြို့နယ်များတွင် လေယာဉ်ကွင်းတည်ဆောက်ခြင်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်ရွက်လိုသည့်လုပ်ငန်းများ

(က) မာန်အောင်(စမုံတဲ)လေယာဉ်ပြေးလမ်း (၂၅၀၀×၁၀၀)ပေ ကျောက်ကတ္တရာခင်းတည်ဆောက်ခြင်း။

(ခ) စစ်တွေလက်ရှိလေယာဉ်ပြေးလမ်း(၆၀၀၀×၁၅၀)ပေအား (၇၅၀၀×၁၅၀)ပေရရှိရန် မြောက်ဘက်သို့ (၁၅၀၀×၁၅၀)ပေ ကွန်ကရစ်ခင်းတိုးချဲ့တည်ဆောက်ခြင်း။

၂။ **တင်ဒါရောင်းချမည့်နေရာ** - ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့။
၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၃ ရက်
၄။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက်
၅။ **တင်ဒါသွင်းရမည့် ရက်၊ အချိန်၊ နေရာ** - ၂၃-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီအထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့
၆။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၃၆၃၆ နှင့် စစ်တွေလေဆိပ်ရုံးဖုန်း-၀၄၃-၂၂၂၄၇၊ ၂၃၃၇၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့

TMW Enterprise Limited

• ကမ္ဘာကျော် Branded Mobile Handset မျိုးစုံ • Branded LED 3D TV
• Digital Camera & Accessories • လုပ်ငန်းသုံး/ အိမ်သုံး Projector များ
• အမျိုးအစားထောင်ချီတဲ့ Electronics ပစ္စည်းများ • ဂျပန်အိမ်သာအိုး
• အသက်ရှုကျောက်ပြားများ • အိမ်အလှဆင် အဆင့်မြင့်ကြွေပြားများ
• Fashion အဝတ်အစားများ

တကယ့်လျှော့ဈေး
Giant SALE

SONY · LG · T.Home · INAX · WAI YAN · abc · Excellent Creation

6 ~ 8 DEC | 2013 (3 DAYS ONLY!)

တစ်နှစ်မှတစ်ခါအသက်သာဆုံးဈေးနှုန်းဖြင့် ရရှိနိုင်မည့်အခွင့်အရေး . . .

ပစ္စည်းတိုင်းအတွက် Official Warranty ပါရှိပါသည်။

TMW Enterprise Limited
TMW Complex - ကမ္ဘာအေးဘုရားလမ်း ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-546 006 TMW Tower (MDY) - လမ်း(၃၀) နှင့် (၈၂) လမ်းထောင့် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Hot Line : 02-72580~4
All Wai Yan Electronics Centers : ဗိုလ်အောင်ကျော် ၀၁- ၃၉၈၅၆၃ ၊ ပန်းဆိုးတန်း ၀၁- ၂၅၀၅၉၇ ၊ ကမ္ဘာအေး ၀၁-၄၀၁၄၁၆ ၊ မြယမ ၀၁-၈၁၀၀ ၃၄၃ တောင်ကြီး ၀၈၁ - ၂၀၀ ၅၇၁ ၊ ပြည် ၀၅၃ - ၂၄၀၄၀ ၊ နေပြည်တော် ၀၆၇ - ၈၁၀ ၈၀၈၉ ၊ ၄၂၀ ၇၉၁

ပြည်သူများ မျှော်မှန်းသည့် အောင်မြင်မှုပန်း လှမ်းကိုင်နိုင်မည်ဟု ယုံကြည်

ယမန်နေ့မှအဆက်

မေး။ ။မြန်မာ့ဘောလုံးအခြေအနေကို ပြောပြပါ။

ဖြေ။ ။မြန်မာ့ဘောလုံးကို နိုင်ငံတကာအဆင့်ရောက်ဖို့ ပြင်ဆင်စရာတွေ အများကြီးရှိပါတယ်။ အခြေခံကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေပေါ့လေ။ ပညာရေးမှာ ကလေးတွေ ရှစ်နှစ်၊ ၁၀ နှစ်ထောက်ကတည်းက နည်းပြကောင်းကောင်းလေးနဲ့ စနစ်တကျသင်ရမယ်။ နောက်ပြီး ကျောင်းတွေ၊ မြို့တွေမှာ ကွင်းတွေလိုမယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ခဆိုရင် ၁၂ နှစ်ဆိုရင် Festival ရှိတယ်။ ၁၄ နှစ်ဆို အာရှအဆင့်ရှိပြီ၊ ၁၆ နှစ်ဆို အာရှအဆင့်ရှိပြီ၊ ကမ္ဘာ့ဖလားဆိုရင် ၁၇ နှစ်ဆိုရင်ရှိတယ်။ သက်ငယ်တန်းတွေထဲက စနစ်တကျ နည်းပြနဲ့သင်ကြားမှု မရှိရင် လက်ရွေးစင်အသင်းကိုယှဉ်ပြိုင်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့ဘောလုံးက သူတို့ ဘဝရပ်တည်မှုအတွက် တစ်သက်တာ အာမခံချက်ပေးနိုင်မယ့် အားကစားမျိုးဖြစ်လာမယ်။ ကျွန်တော်တို့ရဲ့ မြန်မာဘောလုံးသမားထဲက ကမ္ဘာ့အဆင့်မီရမယ်။ သူတို့ လိဂ်တွမှာ ဝင်ကစားနိုင်မယ်။ သူတို့ ဝင်ငွေတွေလည်း ကောင်းလာမယ်။ ကလေးတွေအတွက် မျှော်လင့်ချက်ပေါ့။အာမခံချက်ရှိတဲ့ အနေအထားတွေ ရောက်လာမယ်။ ကျွန်တော်တို့အနေနဲ့ ဘက်ပေါင်းစုံက ပြင်ဆင်ရမှာပါ။

ဒါကတော့ လတ်တလောမှာ အာဆီယံ အဆင့်ကနေသွားလို့ရမယ်။ ဘောလုံးကတော့ ကမ္ဘာ့ဖလား၊ အာရှဖလား ပြိုင်ပွဲတွေအတွက်လည်းရှိတယ်လေ၊ နောက် အိုလံပစ်ပြိုင်ပွဲတွေလည်း ရှိတယ်။ ကျွန်တော်တို့ ကိုယ့်နိုင်ငံကို ကမ္ဘာ့အဆင့်၊ အာရှအဆင့်ရောက်ချင်တယ်ဆိုရင် သူများနိုင်ငံနည်းတူ စနစ်တကျ ပြင်ဆင်ဖို့လိုပါတယ်။

မေး။ ။ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ သူတို့အပေါ်မှာ ဘာတွေများ ပြင်ဆင်ပေးထားပါသလဲ။

ဖြေ။ ။ကျွန်တော်တို့ အခုဆိုရင် ၂၀၂၀ Long time development plan လုပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာလူဦးရေ သန်း ၆၀ ကျော်ရှိတယ်။ ကျွန်တော်တို့ ငယ်ငယ်ကကျောင်းတွေမှာ ဘောလုံးကန်ခဲ့ကြတယ်။ကွင်းတွေရှိတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးစနစ်အနေနဲ့ ကလေးတွေကို အားကစားလုပ်ဖို့ အချိန်ပေးစေချင်တယ်။ ပညာရေးရဲ့ဘတ်ဂျက်မှာလည်း ကျောင်းတွေဆောက်ရင် အားကစားကွင်းလေးတွေလည်း ဆောက်ပေးစေချင်တယ်။ ကလေးတွေက စာတတ်အောင်တစ်ခုတည်း မဟုတ်ဘဲ ကျန်းမာကြံ့ခိုင်ပြီးတော့ အတွေးအခေါ်မြင့်မားလာဖို့၊ ပူးပေါင်းဆောင်ရွက်ချင်စိတ်ရှိဖို့၊ မူးယစ်ဆေးဝါးနဲ့ အရက်ရှောင်ရှားတတ်ဖို့၊ ကျွန်တော့်အနေနဲ့ အဲဒီလိုပြင်ဆင်မယ်ဆိုရင်ပညာရေးကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

နောက်တစ်ခုက အားကစားဝန်ကြီးဌာနအနေနဲ့ မြို့နယ်တွေ၊ ခရိုင်တွေမှာ အားကစားကွင်းတွေ၊ နည်းပြတွေပါ ထားပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပိုပြီး အဆင်ပြေနိုင်ပါမယ်။ အဓိကအချက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးပါ။ စီးပွားရေးကောင်းမွန်လာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲတွေကျင်းပဖို့ ကုန်ကျစရိတ်တွေ ကျခံနိုင်မယ်။ နိုင်ငံတကာအဆင့်မီတဲ့ ခေတ်မီတဲ့ ပစ္စည်းတွေကို အားကစားသမားတွေ သုံးစွဲနိုင်မယ်ဆိုရင် ဘောလုံးပွဲကိုလည်း နိုင်ငံတကာမှာရှိတဲ့ ကွင်းအနေအထားမျိုးပွဲတွေကိုလည်းလုပ်ပေးနိုင်ရင်၊ ဝင်ကြေးတွေလည်း ရလာမယ်။ တိုင်းပြည်စီးပွားရေးကောင်းလာရင် တိုင်းပွဲ၊ မြို့နယ်ပွဲတွေကအစ တစ်ဖက်တစ်လမ်း ဝင်ငွေရလာနိုင်မယ်။ အားလုံးဆက်စပ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ အားကစားရော၊ ဘောလုံးအဖွဲ့ချုပ်ရော၊ နိုင်ငံရေး၊ စီးပွားရေး မြင့်မားဖို့ရော အားလုံးအပေါ် အခြေခံပြီးတော့ အားကစားကောင်းလာဖို့ရှိပါတယ်။

မေး၊ ရေး–ရီရီမြင့်၊ ဥမ္မာသန့်

ဦးကျော်စိန်သန်း (မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှု အားကစား အဖွဲ့ချုပ် နည်းပြ)

ဦးကျော်စိန်သန်း (မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နည်းပြ)

မေး။ ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလေး ပြောပြပါ။

ဖြေ။ ။(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နှစ်စကတည်းက အဖွဲ့ချုပ်နဲ့ အားကစားဝန်ကြီးဌာန ပံ့ပိုးကူညီမှုတွေနဲ့ အားကစားသမားတွေကို လေ့ကျင့်ပေးပါတယ်။ နောက်ဆုံးအတန်း ငါးတန်းမှာ ငါးယောက်ပြိုင်ဖို့ဆိုပြီး ကျွန်တော်တို့ ရွေးချယ်ထားပါတယ်။ ၅၅ ကီလို၊ ကီလို၆၀ ၊ ၇၀ ၊ ၈၀၊ ၉၀ပေါ့။ ငါးယောက်ပြိုင်တဲ့နေရာမှာ ရွှေတံဆိပ်နှစ်ခုကတော့ ရဖို့ကြိုးစားမယ်လို့ ရည်ရွယ်ထားပါတယ်။ ရဖို့အတွက်လည်း ကလေးတွေက ပြိုင်ပွဲနီး ကာလမှာ နံနက် တစ်ကြိမ်၊ညတစ်ကြိမ် ပြင်းပြင်းတန်ထန် လေ့ကျင့်နေပါတယ်။ လိုအပ်မှုအားလုံးကိုလည်း အဖွဲ့ချုပ်နဲ့ အားကစားဝန်ကြီးဌာနက ပံ့ပိုးနေမှုအတွက် အဆင်ပြေပါတယ်။ ကိုယ်နိုင်ငံမှာ ယှဉ်ပြိုင်တဲ့အတွက် ကျွန်တော်တို့ မျှော်မှန်းထားသလို ရွှေနှစ်ခုရမယ်လို့ မျှော်လင့်ပါတယ်။

မေး။ ။ ကာယဗလ အားကစားသမားများအတွက် နိုင်ငံတကာ အတွေ့အကြုံအနေနဲ့ ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ရွေးချယ်ထားတဲ့ ငါးယောက်စလုံး နိုင်ငံတကာ အတွေ့အကြုံရှိပါတယ်။ ကျွန်တော်တို့ပြိုင်မယ့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဒီနိုင်ငံတွေကလည်း ကျွန်တော်တို့နဲ့ တွေ့ဖူးတဲ့နိုင်ငံတွေပါ။ လူဟောင်းတွေ ပြန်တွေ့ကြတဲ့သဘောပါ။ ကာယဗလသဘောအရ တစ်နှစ်နဲ့ တစ်နှစ် မတူဘူးပေါ့။ အတက်၊ အကျအရည်အသွေးမတူကြဘူး။ ပြိုင်ပွဲဝင်အချင်းချင်းတွေ ပြန်တွေ့မယ်။ ကိုယ်နိုင်ဖူးတဲ့ သူရှိသလို ကိုယ်ရှုံးဖူးတဲ့ သူရှိမယ်။ ကျွန်တော်တို့က ကိုယ်နိုင်ငံ ကိုယ့်မြေမှာ လုပ်တဲ့အတွက် အကောင်းဆုံးအနေအထားဖြစ်အောင် ကြိုးစားပါမယ်။ ပြင်ဆင်ထားပါတယ်။

ဦးခင်မောင်ထူး (မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ် နည်းမြ)

ဦးခင်မောင်ထူး(မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် နည်းပြ)

မေး။ ။ကြိုဆင်ပြင်ဆင်မှုအပိုင်းလေးသိပါရစေ။

ဖြေ။ ။ပြိုင်ဆင်မှုအပိုင်းကတော့ သေနတ်ပစ်အဖွဲ့ချုပ်အနေနဲ့ ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးကတည်းက (၂၇)ကြိမ်မြောက် SEA Games အတွက် ကြိုတင်ပြင်ဆင်ပြီး စခန်းဝင်ခဲ့ပါတယ်။ အဆင့်ဆင့် ကြည်း၊ ရေ၊ လေ ပြိုင်ပွဲက အလားအလာရှိတဲ့ သေနတ်ပစ်အားကစားသမားတွေ၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် တက္ကသိုလ်ပြိုင်ပွဲတွေမှာ သေနတ်ပစ်ထူးချွန်တဲ့ အားကစားသမားတွေကို စုပေါင်းပြီး အဆင့်ဆင့်ရွေးချယ်ပြီးတော့ (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲဝင်ဖို့အတွက် ပြင်ဆင်ထားပါတယ်။

မေး။ ။နိုင်ငံတကာအတွေ့အကြုံအနေနဲ့ရော ဘာများ ပြောချင်ပါသလဲ။

ဖြေ။ ။ နိုင်ငံတကာ အတွေ့အကြုံ အနေနဲ့ကတော့ သေနတ်ပစ် အားကစားအဖွဲ့ချုပ်အနေနဲ့ SEA Games တောက်လျှောက်သွားပြီး ပြိုင်နေတဲ့ အားကစားသမားတွေ အောင်မြင်မှုဆုတံဆိပ်လည်း ရရှိပြီးဖြစ်ပါတယ်။ နည်းပြ ခြောက်ဦး၊ တစ်ဦးချင်း ရွှေခြောက်ခု၊ အသင်းလိုက်က ရွှေခြောက်ခု စုစုပေါင်း ရွှေ ၁၂ ခုနဲ့ အကောင်းဆုံး တစ်ဝက်ကျော်ကျော်ရွှေရမယ်လို့ မျှော်မှန်းထားပါတယ်။

ဦးထွန်းထွန်းဦး (မြန်မာ ဟော်ကီ အမျိုးသမီး အသင်း နည်းပြ)

ဦးထွန်းထွန်းဦး(မြန်မာဟော်ကီအမျိုးသမီးအသင်းနည်းပြ)

မေး။ ။SEA Gamesအတွက် ကြိုတင်မြင်ဆင်မှု အပိုင်း၊ နိုင်ငံတကာအတွေ့အကြုံလေးများကို သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့အသင်းအနေနဲ့ နိုင်ငံခြားနည်းပြရဲ့ နည်းစနစ်တွေနဲ့ အကောင်းဆုံးတော့ ကြိုးစားနေပါတယ်။ တတိယရဖို့မျှော်မှန်းပြီးကြိုးစားနေပါတယ်။ အသင်းက ခုနစ်လ၊ ရှစ်လပဲ လေ့ကျင့်တာရှိသေးတော့ သူများအသင်းတွေကတော့ အများကြီး ခုနစ်နှစ်၊ ရှစ်နှစ် လောက်လေ့ကျင့်တာ၊ အနည်းဆုံးပြိုင်ပွဲ အတွေ့အကြုံရှိတဲ့ အသင်းတွေပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလက ထိုင်းမှာသွားပြီး Joint Training တစ်လနဲ့ ပြိုင်ပွဲ ကိုးရက်သွားပြီး လေ့ကျင့်ယှဉ်ပြိုင်ခဲ့ပါတယ်။ ခြောက်သင်းမှာ အဆင့်ငါး ရခဲ့ပါတယ်။ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း၂၀ မှာ ၁၈ ယောက် ရွေးထားပါတယ်။ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ထိုင်းနဲ့မြန်မာ ခြောက်နိုင်ငံ ယှဉ်ပြိုင်မှာပါ။

ဦးကျော်အောင်စိုး (မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာလက်ရွေးစင် အလေးမအသင်း အဖွဲ့ခေါင်းဆောင်)

ဦးကျော်အောင်စိုး(မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာလက်ရွေးစင်အလေးမအသင်းအဖွဲ့ခေါင်းဆောင်)

မေး။ ။ကြိုတင်ပြင်ဆင်မှုအပိုင်းလေး သိပါရစေ။

ဖြေ။ ။ပြိုင်ပွဲမှာ အလေးမအားကစားနည်းအနေနဲ့ ကိုယ်အလေးချိန်တန်းအနေနဲ့ အမျိုးသား အတန်းခြောက်တန်း၊ အမျိုးသမီး အတန်းငါးတန်း စုစုပေါင်း ၁၁ တန်း ကျင်းပသွားမှာဖြစ်ပါတယ်။ ၁၁ တန်းမှာ ရွှေ ၁၁ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၁ခုချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံကို အမျိုးသားအားကစားသမား ငါးဦးနဲ့ အမျိုး သမီးအားကစားသမားလေးဦး စုစုပေါင်း ကိုးဦးထက်ပိုပြီး ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါဘူး။ အိမ်ရှင် လည်း ကိုးဦးပဲ ပါဝင်ယှဉ်ပြိုင်မှာပဲ၊ အခြားနိုင်ငံများလည်း ကိုးဦးပဲ ယှဉ်ပြိုင်ရမှာပါ။

မေး။ ။နိုင်ငံတကာအတွေ့အကြုံကို သိပါရစေ။

ဖြေ။ ။မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အနေနဲ့ အလေးမအားကစားသမားတွေကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်အတွေ့အကြုံ ရရှိရန်အတွက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ အာရှလူငယ်နှင့်အငယ်တန်းတံခွန်စိုက် အလေးမပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးတော့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီလိုယှဉ်ပြိုင်တဲ့အချိန်မှာ ကျွန်တော်တို့ အမျိုးသမီးအလေးမအသင်းက ရွှေသုံးခု၊ ငွေလေးခု၊ ကြေးရှစ်ခု ရရှိခဲ့ပါတယ်။ အသင်းလိုက်တံခွန်စိုက်ဆုဖလားကို ရရှိခဲ့ပါတယ်။ ထိုနည်းတူစွာ ကျွန်တော်တို့ ၂၀၁၃ ဧပြီလမှာ ကျင်းပတဲ့ ကမ္ဘာ့လူငယ်အလေးမ တံခွန်စိုက်ပြိုင်ပွဲကို အမျိုးသမီးအသင်း စေလွှတ်ခဲ့ပါတယ်။ အဲဒီပွဲမှာ အမျိုးသမီးအသင်းကငွေသုံးခု၊ ကြေးတစ်ခု ရရှိခဲ့ပါတယ်။ လာမယ့် ၂၀၁၄ ခုနှစ် နန်ကျင်း လူငယ်အိုလံပစ်ပြိုင်ပွဲကို ဝင်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ နန်ကျင်း အိုလံပစ်ပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံတကာ အတွေ့အကြုံအနေနဲ့ ပြည်ပနိုင်ငံများကို စေလွှတ်ပြီးတော့ ယှဉ်ပြိုင်စေပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလောပြည်နယ်၊ တောလယ်ခရိုင်းအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သံလွင်တံတား(ဖားဆောင်း)နှင့် ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းစာရင်း	အရွယ်အစား	အရေအတွက်
၁။	Cement		800 Ton
၂။	Carbite bit		12050 Nos
၃။	Tin Sheet		472 Nos
၄။	M.S Rod	Ø 25mm	112.6 Ton
		Ø 20mm	4.04 Ton
		Ø 16 mm	23.07 Ton
		Ø 12mm	30.296 Ton
		Ø 10mm	1.25 Ton

၂။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းလွဲ ၁ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ဖုန်း-၀၉-၄၄၈၅၃၉၆၇၁၊ ၀၁-၁၂၉၃၈၇၄၊ ၀၁-၈၅၀၀၇၅၈

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီး (မြို့ပြ) ရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)၊ တောင်ဥက္ကလာပ (ပြင်သာ)နှင့် သံလွင်တံတား (ဖားဆောင်း) စီမံကိန်းဝင်းတို့တွင် ၉-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက် တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က)	ဓာတ်အားပေးစက်ရုံ သစ်များအတွက် I. Com TM-800 Mobile Terminal	(5) Sets
	Hand Set	(20) Sets
(ခ)	တာကျစ်အတွက် High Pressure Water Jet Pump	(1) No
(ဂ)	Single Cab (Ford Brand)	(5) Nos
(ဃ)	SUVs (Ford Brand)	(1) No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

မြေပုံများလွတ်လပ်စွာ ရောင်းချပေးလျက်ရှိခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ တိုင်းတာ၊ ရေးဆွဲ၊ ပုံနှိပ်ထုတ်ဝေသည့် အောက်ဖော်ပြပါ မြေပုံများအား အများပြည်သူလူထုသို့ လွတ်လပ်စွာရောင်းချပေးလျက်ရှိပါသဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ မြေတိုင်းဦးစီးဌာနရုံးခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

(၁)	ပြည်နယ်နှင့်တိုင်းဒေသကြီး မြေပုံစာအုပ်(မြန်မာ)	ကျပ် ၅၀၀၀
(၂)	နေပြည်တော်လမ်းညွှန်မြေပုံ (အင်္ဂလိပ်)	ကျပ် ၁၀၀၀
(၃)	ရန်ကုန်လမ်းညွှန်မြေပုံ (အင်္ဂလိပ်)	ကျပ် ၁၀၀၀
(၄)	၁"=၂၀ မိုင် မြန်မာပြည်မြေပုံ (မြန်မာ)	ကျပ် ၂၅၀၀
(၅)	၁"=၄၅ မိုင် မြန်မာပြည်မြေပုံ (မြန်မာ)	ကျပ် ၁၀၀၀
(၆)	၁"=၄၅ မိုင် မြန်မာပြည်မြေပုံ (အင်္ဂလိပ်)	ကျပ် ၁၀၀၀

ဆက်သွယ်ရန်ဖုန်း - (နေပြည်တော်) ၀၆၇-၄၁၃၄၃၃
- (ရန်ကုန်) ၀၁-၆၆၂၉၃၃

(မြေတိုင်းဦးစီးဌာန)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးတွင် လေးထပ် ပင်မဆောင်၏ ပထမထပ် OT Complex ရှိ ခွဲစိတ်ခန်းများအား စံချိန်စံညွှန်းနှင့်ညီညွတ်ရန် မြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ခွဲစိတ်ခန်းအဆောက်အအုံအတွင်းရှိအခန်းများတွင် ခွဲစိတ်ခန်းစားပွဲများ၊ စင်များနှင့် ရေသန့်လုပ်ငန်းတို့ကို ဖြည့်စွက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါအသေးစိတ်အချက်အလက်များကို ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၁၉-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ

ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး

အမည်ပြောင်း

ဦးဖိုးလင်း၏သမီး မော်လမြိုင်တက္ကသိုလ် ဒုတိယနှစ် (ဓာတုဗေဒ)မှ မအောင်မိုးဖြူ ၁၀/မဒန(နိုင်)၂၂၈၂၀၇အား မအေးမြတ်ရွှေစင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအေးမြတ်ရွှေစင်

အမည်မှန်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ မစောရည် ၁၃/နတရ (နိုင်) ၀၀၇၉၆၈၏ အမည်မှန်မှာ မစောရီ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စန်းသိုကျောင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးစခန်းမှ မိသားစုများအား နေရပ် စံကင်းကျေးရွာသို့ ပြန်လည်ပို့ဆောင်

မြစ်ကြီးနား ဒီဇင်ဘာ ၆

ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာလာသော ဝန်းသိုကျောင်းကယ်ဆယ်ရေးစခန်းမှ မိသားစုများအား နေရပ်စံကင်းကျေးရွာသို့ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်မည့်မိသားစုများအား အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ထူထောင်ရေးအတွက် စားဝတ်နေရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးလိုအပ်ချက်များကို အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ မိမိတို့နေရပ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ဘဝရပ်တည်ရေးအတွက် ကြိုးစားအလုပ်လုပ်ကြရန် ဝိုင်းဝန်းထူထောင်ဖို့ရန်လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကိုကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းပြောကြားပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်ကလည်း တပ်မတော်အနေဖြင့် ကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းများအပြင် ကျေးရွာများပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားများပြောကြားကြပြီး မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကယ်ဆယ်ရေးစခန်းမှ မိသားစုများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးနေလင်းထွန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် စံကင်းကျေးရွာသို့ အပြန်ရေယာဉ်ဖြင့်ရောက်ရှိပြီး ဇိနရာမဘုန်းတော်ကြီးကျောင်း၌ ပြည်နယ်လူမှုရေးဝန်ကြီးက မိသားစုများအား ရပ်မိရပ်ဖများထံ ပြန်လည်အပ်နှံပြီး ၎င်းတို့၏လိုအပ်ချက်များဖြစ်သည့် သောက်သုံးရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများဆောက်လုပ်ရေး၊ မီးလင်းရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာသောက်သုံးရေရရှိရေးအတွက် ပြည်နယ်အစိုးရက အဝီစိရေတွင်း နှစ်တွင်း တူးရန်အတွက် ကုန်ကျစရိတ် ထောက်ပံ့ငွေများ၊ ဆေးစိမ်ခြင်ထောင်များနှင့် ကျေးရွာမီးရရှိရေးအတွက် ဆိုလာပြားများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့သော ဆန်အိတ်များကို ဗိုလ်မှူးကြီးနေလင်းထွန်းက မိသားစုအတွက် တစ်အိမ်ထောင် တစ်အိတ်နှုန်း၊ ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကြည်သာက ယာယီမိုးကာတဲသုံးလုံးနှင့် အိမ်သုံးပစ္စည်းရှစ်မျိုးပါ ပါဆယ်ထုပ် ၁၅ ထုပ်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများနှင့် စာသင်ခုံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းဝတ်စုံ ၆၀၊ ကောင်းကင်လွင်၊ ကြယ်ဖြူမင်း၊ ရှိုင်ရယ်စိုးညွှန့် ဆောက်လုပ်ရေးကုမ္ပဏီများမှ စာသင်ကျောက်သင်ပုန်းများ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ Famili kit, Shatter kit, Saniteri kit များ၊ WFP မှ မိသားစုများအတွက် တစ်လစာ ဆန်၊ ဆီ၊ ပဲ၊ ဆားများကို ထောက်ပံ့ပေးအပ်ကြရာ ရပ်မိ၊ ရပ်ဖများနှင့်အိမ်ထောင်စုများက လက်ခံရယူပြီး ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များနှင့်တပ်မတော်သားများက ယာယီမိုးကာတဲများ ဝိုင်းဝန်းဆောက်လုပ်ပေးကြပြီး ပြောင်းရွှေ့မိသားစုများ၏ အိမ်ထောင်ပစ္စည်းများကို လိုက်လံပို့ဆောင်ပေးကြသည်။ **(ပြည်နယ်ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရေကန်ကျေးရွာတွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၄ လက်မ စက်ရေတွင်း၊ ရေစက်ရုံနှင့်အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့်မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ သန်းငွေ(iprd)

သမိုင်းဝင်ကွမ်းတောင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်

မိတ္ထီလာ ဒီဇင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဈေးအရှေ့ပြင်ရပ်ကွက် ဈေးကုန်းဆုတောင်းပြည့် ခုနစ်ဆူကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် သမိုင်းဝင်ကွမ်းတောင်စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကွမ်းတောင်စေတီထီးတော်တင်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ နတ်တော်လဆန်း ၆ ရက်နေ့မှာ ကျင်းပသွားမှာပါ။ ထီးတော်တင်လှူမယ့်နေ့မှာ ခုနစ်ရက်သားသမီးတွေကို စတုဒိသာလှူဒါန်း ကျွေးမွေးခြင်းကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဈေးကုန်းဆုတောင်း ပြည့်ခုနစ်ဆူ ကျောင်းတိုက်အတွင်းမှာ ရှေးဘိုးဘွားအစဉ်အဆက်တည်ထားကိုးကွယ်ခဲ့တဲ့ သမိုင်းဝင်စေတီတော် ခုနစ်ဆူရှိတယ်။ ဟိုအရင်တုန်းက စေတီ ခုနစ်ဆူစလုံး မှန်စီရွှေသင်္ကန်းကပ်လှူထားခဲ့တာ။ ခုနောက်ပိုင်းကျတော့မှ စေတီတော် ခုနစ်ဆူကို မှန်စီရွှေချသင်္ကန်းစွန့်ပြီး ရွှေထီးတော်သစ်နဲ့ ရွှေသင်္ကန်းကပ်လှူဖို့ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တကေလာသကြီးမှူးပြီး ဒါယကာ ဒါယိကာမ စေတနာရှင်တွေက စုပေါင်းတိုင်ပင်ခဲ့ကြတယ်။ အဲဒီနောက်ဆုတောင်းပြည့်စေတီ(နရပတိစည်သူမင်းတည်ထား)၊ မိကြီးဂူ၊ မိလတ်ဂူ၊ မိငယ်ဂူ၊ ဂြိုဟ်ပြေနံပြေ၊ မိုးကောင်းစေတီတော် ခြောက်ဆူကိုတစ်ဦးတည်းအလှူရှင်တွေနဲ့ ရွှေထီးတော်၊ စိန်ဖူးတော်နဲ့ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းတွေ ပြုလုပ်ပြီးစီးခဲ့ပါတယ်။ အခု ရွှေထီးတော်တင်လှူမယ့် ကွမ်းတောင်စေတီတော်ကရှေးအဆက်ဆက်ကလည်း အများစုပေါင်း တင်လှူခဲ့တာမို့ အများစုပေါင်းကောင်းမှုနဲ့ပဲ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူခြင်းများကို မြှုလုပ်ပူဇော်သွားမှာဖြစ်ပါတယ်"ဟု ဈေးကုန်း ခုနစ်ဆူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသက မိန့်ကြားသည်။

အဆိုပါကွမ်းတောင်စေတီတော် တင်လှူပူဇော်ရေးအတွက် ဒေသခံပြည်သူများ လှူဒါန်းပါဝင်သည့်အပြင် ထူးထူးခြားခြားထိုင်းနိုင်ငံသား မိသားစုများလည်း လာရောက်လှူဒါန်းမှုများလည်း ပါဝင်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြန်မာ - ထိုင်း နှစ်နိုင်ငံ ဆက်ဆံရေးရုံးတွင် အရာရှိများ ပူးပေါင်းဆောင်ရွက်ရေး သင်တန်းပေး

တာချီလိတ် ဒီဇင်ဘာ ၆

UNODC အစီအစဉ်ဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေး(BLO)ရုံးများတွင်တာဝန်ထမ်းဆောင်မည့်အရာရှိများ ပူးပေါင်းဆောင်ရွက်မှုသင်တန်းကို မြန်မာနိုင်ငံမှ M-PAC အတွင်းရေးမှူး ရဲမှူးကြီး အောင်ငွေးဖြင့်နှင့် UNODC အဖွဲ့တို့ ဦးဆောင်၍ နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့တို့တွင် ဖွင့်လှစ်ပို့ချခဲ့ရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် နယ်မြေအတွင်း စောင့်ကြပ်ကြည့်ရှုခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊ ပြန်လည်အစီရင်ခံခြင်း၊ သတင်းပေးသူထံမှရရှိသည့် မသင်္ကာသူ သတင်းနှင့်ပတ်သက်၍ စောင့်ကြပ်ဖမ်းဆီးရှာဖွေရန် အဖွဲ့ငယ်များ ဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်းနှင့် စီမံချက်ရေးဆွဲခြင်း သင်ခန်းစာများအား ရှင်းလင်းဆွေးနွေးပို့ချခြင်းနှင့်လက်တွေ့ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လယ်ယာမြေပိုင်ဆိုင်မှုနှင့်မသက်ဆိုင်သော ကရုဏာကြေးပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၆

အေ့ချက်(ဒ်)ကုမ္ပဏီက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများအား လယ်ယာမြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်သော ကရုဏာကြေးပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲတွင် အေ့ချက်(ဒ်) ကုမ္ပဏီမှ ဒေါက်တာခြင့်စိန်က "ကျွန်တော်စေတနာထားပြီး ကရုဏာကြေး ကျပ်၂၆၃သိန်းပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒီအပေါ်မှာ ကျွန်တော်ကလည်း နောက်ထပ်ပြဿနာမဖြစ်ရေးအတွက်ကိုပေးတဲ့အတွက်ကြောင့် တောင်သူတွေလည်း ဝမ်းသာတဲ့အတွက်ကြောင့် ကျွန်တော်လည်း ဒီပေးတဲ့အပေါ်မှာ စိတ်ထဲမှာ ဘာမှမရှိပါဘူး။ဒါပေမယ့်လို့ ကျွန်တော့်အနေနဲ့ ပေးတာဟာ လယ်ယာမြေပိုင်ဆိုင်မှုနဲ့မပတ်သက်ဘဲ ကရုဏာကြေးပဲ ပေးတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အေ့ချက်(ဒ်)ကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုအတွင်းရှိ လယ်သမားများအား ကရုဏာကြေးအဖြစ် နိုဝင်ဘာ ၂၅ ရက်တွင် မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက တစ်ဆင့် ဒေသခံလယ်သမား ၂၈ ဦးတို့အား ငွေကျပ် ၂၆၃ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နေလင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးသုံးပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့တွင် ၉-၁၂-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၆-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီတိတိဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၆၃-၂၈၃၁၈၊ ၀၆၃-၂၅၅၁၅၊ ၀၆၃-၂၅၀၂၃၊ ၀၆၃-၂၈၃၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့တွင် ၉-၁၂-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၆-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီတိတိဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၆၃-၂၈၃၁၈၊ ၀၆၃-၂၅၅၁၅၊ ၀၆၃-၂၅၀၂၃၊ ၀၆၃-၂၈၃၁၇

ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

(က) **ဝယ်ယူမည့်မော်တော်ယာဉ်များ**

စဉ်	အမျိုးအမည်	အရေအတွက်
(၁)	Wagon	(၇) စီး
(၂)	Saloon	(၂) စီး
(၃)	Extra Cab (4 x 4)	(၈) စီး
(၄)	Van	(၆) စီး
(၅)	MPV	(၁) စီး
	စုစုပေါင်း	(၂၄) စီး

(ခ) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၆-၁၂-၂၀၁၃ ရက် (၀၉း၃၀) နာရီ

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၁၂-၂၀၁၃ ရက် (၁၆း၀၀) နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၃-၁၂-၂၀၁၃ ရက် (၁၀း၀၀) နာရီ

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုလျှင် ၅၀၀၀ိ/- နှုန်းဖြင့် ရုံးချိန်အတွင်း ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၂၇၁၊ မြေကွက်တည်နေရာအမှတ် ၁၂၇၁၊ မြရတနာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးသိန်းဖေ CE-၁၁၁၈၁၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဖေကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနု ၁၂/ဗဟန(နိုင်)၀၆၆၀၂၆ က တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ GP No-၂၀၉၉၂/၂၉-၁၀၁၃မြင့်ရသူဒေါ်ခင်သီတာဦး ၁၂/လမန(နိုင်)၀၆၃၁၀၇မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၂၂၀/က၊ မြေကွက်တည်နေရာအမှတ် ၂၂၀/က၊ မြကန်သာလမ်း၊ ၂၂/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်လှလှဝင်း အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်လှလှဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့်ရရှိသူဒေါ်စိန်ရှင်၁၂/ဥကမ(နိုင်)၀၉၇၃၈၈ကပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက် (ဂရန်သစ်)လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၃/၈၊ ဧရိယာ ၁ ဒသမ ၇၁၅ ဧကရှိ ဒေါ်ရီရီကျော်အမည်ပေါက် မြေပိုင်မြေ (လ/န ၃၉)၊ အဘူဘေကာလမ်း(ခ)ကြိုးစက်လမ်း၊ အမှတ် ၆/အေဟုခေါ်တွင်သည်မြေနှင့် မြေပေါ်ရှိ ရေမီးအစုံပါ အဆောက်အအုံတစ်လုံး၊ ဂိုဒေါင်တစ်လုံး၊ နှစ်ထပ်တိုက်တစ်လုံးနှင့် အခွင့်အရေးအရပ်ရပ်အားလုံးကို မြေအမည်ပေါက်သူ ဒေါ်ရီရီကျော်၏ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၀၈၄/၂၀၁၂ ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းတင် ၁၂/လသန(နိုင်)၀၁၀၈၃၉ထံမှကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ဤအရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏ ညွှန်ကြားချက်အရ-
ဦးဝင်းငွေ LL.B, D.B.L, D.M.L (စဉ်-၃၈၉၃)
ဒေါ်ပပခင် LL.B (စဉ်-၇၂၀၄)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၆၁(ပထမထပ်)၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုနေမင်းလွင် ၁၄/လမန(နိုင်)၀၆၉၂၀၆ ၏ မှတ်ပုံတင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၀၄၃၀၆၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်း

နေပြည်တော် ဒီဇင်ဘာ ၆

မွန်ပြည်နယ်ရှိ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု မြန်ဆန်လျင်မြန်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အနေဖြင့် အောက်ခြေအဆင့်မှ အဆင့်ဆင့်တင်ပြဆောင်ရွက်သောစနစ်ကို အသုံးပြုဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များသည် ရေရှည်တွင် လုပ်ငန်းကျွမ်းကျင်လာပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက လုပ်ငန်းများ အကောင်အထည်ဖော်ရန်ကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းများလျာထားသတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များပေါင်းစပ်ညှိနှိုင်းပြီး ခွင့်ပြုငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲရန်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သထင်းစဉ်)**

အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည် ပြိုင်ပွဲကျင်းပ

ရေကြည် ဒီဇင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အ.ထ.က(၂) မြို့မ၌ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ရေကြည်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်အသွေးမြင့်မားရေးအတွက် အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် အင်္ဂလိပ်စာ လေးတန်းမှ ရှစ်တန်းအထိ ကျောင်းသား ကျောင်းသူ ၁၀၀၊ သင်္ချာဖြေဆိုသူ ၁၃၀ ဝင်ရောက်ဖြေဆိုခဲ့ရာ အဆိုပါပြိုင်ပွဲသို့ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

မန်ဟီးရိုး ဒီဇင်ဘာ ၆

မဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခဲတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများသန်းခေါင်စာရင်းနှင့်ပတ်သက်၍ အကျယ်တဝင့်သိရှိစေရန် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခဲ အထွေထွေအုပ်ချုပ်ရေးဦးစီးခန်းမ၌ကျင်းပသည်။ ဖျော်ဖြေ မြို့နယ်ခဲသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇင်အောင်က ဖြည့်လုံးကွက်သန်းခေါင်စာရင်းကောက်ယူခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး လဝက မကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ခဲဦးစီးဌာနမှူး ဦးဝင်းဦးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

တို့နောက် တက်ရောက်လာသော ရပ်ကွက်/ကျေးရွာ သန်းခေါင်စာရင်း ကော်မတီဝင်များ အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများက သိရှိလိုသည်များ မေးမြန်းကြရာ ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးဝင်းကိုက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **အယ်လ်စိုး (iprd)**

စာဆိုတော်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

နေပြည်တော် ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းမှ(၆၉)နှစ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ စာရေးဆရာအသင်းရုံးအမှတ်(၁) မြို့မဈေးအပေါ်ထပ်၌ ကျင်းပသည်။**(အပေါ်ပုံ)**

စာဆိုတော်နေ့ အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှပေးပို့သောသဝဏ်လွှာကို စာရေးဆရာဦးထွန်းကျော်မင်း(ကိုကြီးကျော်)ကဖတ်ကြားပြီး အသက် ၇၅ နှစ်အထက် စာရေးဆရာကြီးများအား ကန်တော့လက်ဆောင်ပေးအပ်၍ ကန်တော့ခံစာရေးဆရာဦးကျော့ရှေး(သတတော)ကကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စာရေးဆရာအဖွဲ့ဝင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြကြောင်းသိရသည်။ **(၁၃၉)**

မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံပန္နက်တင်

ပင်းတယ ဒီဇင်ဘာ ၆

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကျင်းပသည်။

အခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ဦးစီးအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်မည့်အဆောက်အအုံနေရာ၌ ဒေသဦးစီးဥက္ကဋ္ဌ ဦးထူးကိုကိုက ဆောင်ညမ်းထောင့်ပန္နက်ကိုလည်းကောင်း၊ ဒေသအတွင်းရေးမှူး ဦးကိုကိုအောင်က ဥရုတိုင်ပန္နက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းကြည်က ကြင်မ်းတောင့်ပန္နက်ကိုလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်နော်လိုင်ဖေယျာက ရေဝထောင့်ပန္နက်ကိုလည်းကောင်း၊ စိုက်ထူကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါမြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် အလျား ပေ ၅၀၊ အနံ ၆၆ ပေ ကိုးလက်မ၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဓနုသော်တာအုပ်စုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနိုင်ဝင်းအောင်က တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုးထွေး (ပင်းတယ)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုငွေများ ကျေးရွာတာဝန်ခံများသို့ လွှဲပြောင်းပေးအပ်

ကော့ကရိတ် ဒီဇင်ဘာ ၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းစသော လုပ်ငန်းများ တည်ဆောက်ရန်အသုံးပြုငွေများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အဖြစ် ကော့ကရိတ်ခရိုင်နေ၌ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ်ရှိ ထီးဟုံးသကျေးရွာနှင့် ကျုက်မရောမြို့နယ် မခမကျေးရွာကြားရှိ သကူကွန်ကရစ်တံတားနှစ်စင်း၊ ချောင်းဖျား-ကျုံဘိုင်း- မြပတိုင်းလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားနှစ်စင်း၊ ကညင်ကတိုက်-ပိုင်ရပ်လမ်း တံတားတစ်စင်း၊ မြသလွန်ကုန်း-ကော့ပလလမ်းတံတားတစ်စင်း၊ ချောင်းဖျား-ကျုံဘိုင်း-မြပတိုင်းလမ်းပေါ်ရှိ ကွန်ကရစ်ရေပြန် ၁၀၈ ထည်ဆောက်ခြင်း၊ ကော့ဖန်ရပ်၊ အန်ကလော် အမက (၂) ကျောင်းဆောက်လုပ်ခြင်းနှင့်စိုက်ပျိုးရေရရှိရေးအတွက် မီးလောင်ချောင်း၊ ရှမ်းချောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်းများအတွက် အသုံးပြုငွေစုစုပေါင်း ငွေကျပ် ၆၅၆၀၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်မြို့မိမြို့ဖများနှင့် ရပ်ကျေးကော်မတီတာဝန်ရှိသူများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

ဒလ - အုံကြီးအရှေ့ရပ်ကွက်၌ မီးခင်းအသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ရပ်ကွက်နေပြည်သူများ မီးခင်းဖြစ်ပွားမှုမရှိအောင် သတိအသိဖြင့်ချင့်ချိန်နေထိုင်နိုင်ရန် ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး နေ့ညမရွေး ဆောင်ရွက်လျက်ရှိရာ မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ကျော်စိုးဟန်နှင့်အဖွဲ့သည် အုံကြီးအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့တို့ပူးပေါင်းမဖြင့် နိုဝင်ဘာ ၂၈ ရက် ည ၉ နာရီက မခင်း အသိပညာပေးဟောပြောပွဲကို အုံကြီးအရှေ့အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုရဲအုပ်ကျော်စိုးဟန်က ပြစ်မှုဆိုင်ရာများနှင့် ပြစ်ဒဏ်များအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

သန်းဌေး(ဒလ)

မေတ္တာမိုးပရဟိတဖောင်ဒေးရှင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ မင်းကျောင်း ပရဟိတ ပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ ဘက်စုံပရဟိတ ဒေါက်တာဉာဏိသရ M.A.Ph.D(Thesis) India မွှာစရိယဝိနယ ကောသလ္လ အရှင်သူမြတ်မှ ဖွင့်လှစ်ထားသော ဇီဝိတဒါန အခမဲ့ဆေးကုခန်းနှင့်မဘမဲ့လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကလေးငယ် ၄၀၀ ကျော်တို့ကို စားရေးသောကရေး၊ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ထာဝရပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများ

ဆွမ်းပဒေသာပင်တစ်ပင်လျှင်	၁၀၀၀၀၀ ကျပ်
ရေပဒေသာပင်တစ်ပင်လျှင်	၁၀၀၀၀ ကျပ်
မီးပဒေသာပင်တစ်ပင်လျှင်	၁၀၀၀၀ ကျပ်
ပညာရေးပဒေသာပင်တစ်ပင်လျှင်	၁၀၀၀၀၀ ကျပ်
ဆေးပဒေသာပင်တစ်ပင်လျှင်	၁၀၀၀၀၀ ကျပ်

တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန
ဆရာတော် ဖုန်း- ၀၉-၅၃၆၀၄၃၆
ပရဟိတရုံးခန်း ဖုန်း- ၀၉-၄၂၃၆၈၀၇၆၉
အခမဲ့ဆေးပေးခန်း ဖုန်း- ၀၉-၃၁၆၅၁၉၁၂

နှစ်ပေါင်း(၁၃၅)နှစ်ရှိသော သိမ်ကျောင်းဆောင်အား အသစ်ပြန်လည်ပြုပြင်ရန်နိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ် သာယာဝတီမြို့ သာသနာ့စခန်းသော မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ နှစ်ပေါင်း (၁၃၅)နှစ်ကျော်ရှိသော သိမ်ကျောင်းအား အသစ်ပြန်လည်ပြုပြင်မည်ဖြစ်ပါသောကြောင့် လှူဒါန်းလိုသူများ

၁၀ပေပတ်လည်တစ်ခန်းလျှင်	၅၈၀၀၀၀ ကျပ်
ဘုရားခန်းတစ်ခန်းလျှင်	၁၅၀၀၀၀၀ ကျပ်
မတည်လှူဒါန်းလိုသူများ	ကျပ်သိန်း ၅၀
အပြီးအစီးဆောက်လုပ်လှူဒါန်းလိုပါက	ကျပ် ၁၈၅ သိန်း

ဖြင့် ပါဝင်လှူဒါန်းနိုင်ပါရန် စိတ္တာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဘက်စုံပရဟိတသာသနာပြုဆရာတော်အား တရားပွဲပင့်လျှောက်လိုသူများသည် အောက်ပါဌာနများသို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန
ဆရာတော် ဖုန်း-၀၉-၅၃၆၀၄၃၆
ပရဟိတရုံးခန်း ဖုန်း-၀၉-၄၂၃၆၈၀၇၆၉
အခမဲ့ဆေးပေးခန်း ဖုန်း-၀၉-၃၁၆၅၁၉၁၂

(၃၆)ကြိမ်မြောက် စွန်းလွန်းတရားစခန်း

ကျောက်ပန်းတောင်း စွန်းလွန်းဂူကျောင်းတွင် ၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက် (စနေနေ့)မှ နတ်တော်လပြည့်ကျော် ၁၃ရက် (တနင်္လာနေ့)၊ ၂၁-၁၂-၂၀၁၃ ရက်မှ ၃၀-၁၂-၂၀၁၃ ရက်အထိ ကမ္မဋ္ဌာန်းစွန်းလွန်းဆရာတော် ဦးဝရ ကိုယ်တိုင်ကြွရောက်၍ တရားဟောကြားပြသတော်မူပါမည်။

ကျောက်ပန်းတောင်း စွန်းလွန်းပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့

ဒလမြို့နယ် အလက (၂)သံကုန်းကျောင်း တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ဒလမြို့နယ်၊ အလက (၂) သံကုန်းကျောင်းခန်းမ၌ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉:၀၀နာရီတွင် အသက် (၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပူဇော်ကန်တော့ခံ ဆရာ ဆရာမကြီးများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန်နှင့်ကျောင်းသား ကျောင်းသူဟောင်းများကလည်း မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများလှူဒါန်းလိုပါက

၁။ ဦးစိုးမင်း	ဖုန်း-၀၉-၇၃၀၈၇၄၂၈	၂။ ဦးခင်ဇာမောင်	ဖုန်း-၀၉-၅၀၇၃၈၉၁
၃။ ဒေါ်ကျင်သန်း	ဖုန်း-၀၉-၇၃၀၉၇၄၃၉	၄။ ဦးစန်းကြည်	ဖုန်း-၀၉-၄၂၀၁၄၄၃၂၇
၅။ ဒေါ်ခင်မျိုးကြွယ်	ဖုန်း-၀၉-၄၂၀၁၇၀၉၅၉	၆။ ဒေါ်ခင်မျိုးကြွယ်	ဖုန်း-၀၉-၄၄၈၀၄၇၇၁၉
၇။ ဒေါ်စန်းစန်းတင့်	ဖုန်း-၀၉-၇၃၁၀၀၀၇၃	၈။ ဒေါ်လှလှစိန်	ဖုန်း-၀၉-၄၀၁၆၀၁၀၈၇
၉။ ဒေါ်လွင်လွင်ဦး	ဖုန်း-၀၉-၅၁၉၈၀၉၈	၁၀။ ဒေါ်အေးအေးသန်း	ဖုန်း-၀၉-၅၀၄၀၉၃၁
၁၁။ ဒေါ်စန်းစန်းနု	ဖုန်း-၀၉-၅၁၈၈၂၇၇		

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

အမြန်ရောင်းမည်(ဝယ်မည့်သူသာဆက်သွယ်ပါ)

ပြင်ဦးလွင်မြို့သစ်၊ နဝရတ်လမ်းမပေါ်ရှိ (45'x60') ဧပ ခရေ၊ မီးစုံ မြေကွက်အား(၆၂၀)သိန်း၊

ဆက်သွယ်ရန်ဖုန်း:- 09 86 27 286 (ရုံးချိန်အတွင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ဂ)ရပ်ကွက်၊ နီလာ(၅)လမ်း၊ အမှတ်(၂၉၉၅)၊ မြေအကျယ်ပေ (၂၀×၆၀)ရှိမြေနှင့် နေအိမ်အကျိုးခံစားခွင့်မှာဒေါ်ခင်နု၏ နစ(၆၀)မြေငှားဂရန်အမည်ပေါက်မှတဆင့် ဒေါ်သန်းသန်းဌေးမှဝယ်ယူပြီး ၎င်းမှတဆင့် ဒေါ်ခင်ညို ၁၂/ဗဟန(နိုင်)၀၂၆၇၇၉မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေတစ်စိတ်တစ်ဒေသကိုကပေးချေထားပြီးဖြစ်ရာကန့်ကွက်လိုသူများရှိပါကခိုင်လုံသောအထောက်အထား၊စာရွက်စာတမ်းမူရင်းများ၊စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ရက်(၇) ရက်အတွင်း ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင် (စ) ဒေါ်မြမြဌေး(စဉ-၆၆၀၅) တရားလွှတ်တော်ရှေ့နေ

ဒေါ်ဝါဝါရွှေ (စဉ-၉၅၅၈၆) အထက်တန်းရှေ့နေ

အမှတ် (ယ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉၅၄၀၇၂၂၉

သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက် ပိုင်းဆောင်ကျွန်းလမ်း အမှတ် ၁၁၆၉နေ ဦးယူနုစ် MHG-၁၂၄၂၆၄၏သမီး မလွင်(ခ)မရော်ဟီးမား (မှတ်ပုံတင်လျှောက်ထားဆဲ)သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူလုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးယူနုစ် MHG -၁၂၄၂၆၄

မှုခင်းသတင်းနှင့်ကြော်ငြာ

ကော့ကရိတ်-မြဝတီတောင်တက်ကားလမ်းတွင် ၀၂ ဘီးယာဉ် တိမ်းမှောက်

ကော့ကရိတ် ဒီဇင်ဘာ ၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဒီဇင်ဘာ ၃ ရက် နနက် ၁၀ နာရီခဲက ကော့ကရိတ-မြဝတီတောင်ပေါ် ကားလမ်း အလုပ်သမားကွေ့ အပေါ် ယာဉ်တိမ်းမှောက်မဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကော့ကရိတ်မြို့မရဲစခန်းမ စခန်းမှူးရဲအုပ်မြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကျင်းပမည့်နေရာ - Ball Room (2) Traders Hotel ၊ ရန်ကုန်မြို့။

- ဘွဲ့ရပြီးသူများ ၊ HND သင်ယူနေသူများ ပညာရေးကိုစိတ်ပါဝင်စားသူများ(အခမဲ့) တက်ရောက်နိုင်ပါသည်။
- (ခုံနေရာအတွက် ကြိုတင်မှာကြားနိုင်ပါသည်။)

ကျောင်းသားရေးရာဌာန - MMB Tower ၊အမှတ် (၁၆၆) အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း - 01-383132, 383133, 095104748

PYI KYAW GROUP TRAINING CENTRE

"ပြည့်ကျော်" စက်ကြီးမောင်းသင်တန်း နှင့် ကားကြီးမောင်းသင်တန်း

- အတွေ့အကြုံရင့် သင်တန်းဆရာများ နှင့် လုပ်ငန်းခွင် ... ကိုယ်တိုင် စာတွေ့/လက်တွေ့ သင်ကြားပေးမည်။
- စက်ကြီးမောင်းသင်တန်း (၂)လခြင်း အထူးသင်ကြားပေးမည်။

ဆက်သွယ်ရန် 09-43175836, 09-8101758 09-2401093, 09-43022142

ဒီဇင်ဘာလအတွက် သင်တန်းသားလက်ခံပြီ ။

UNITED AMARA BANK LTD.

Vacancy Announcement (Local)

ယူနိုက်တက်အမရဘဏ်လီမိတက်၏ ရန်ကုန်ရုံးခွဲနှင့် အသစ်ဖွင့်လှစ်မည့် ရန်ကုန်ဘဏ်ခွဲများ (မြောက်ဒဂုံဘဏ်ခွဲ၊ လမ်းမတော် (ဘုန်းကြီးလမ်း)ဘဏ်ခွဲ၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ အင်းစိန်(စော်ဘွားကြီးကုန်း)ဘဏ်ခွဲ၊ သိမ်ဖြူဘဏ်ခွဲ၊ လှိုင်ဘဏ်ခွဲ နှင့် နယ်ဘဏ်ခွဲများ (ကျောက်ပန်းတောင်းဘဏ်ခွဲ၊ မကွေးဘဏ်ခွဲ၊ လားရှိုးဘဏ်ခွဲ၊ မြင်းခြံဘဏ်ခွဲ၊ တောင်ငူဘဏ်ခွဲ) များအတွက် အောက်ပါရာထူးများ လျှောက်ထားနိုင်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ရန်ကုန်ရုံးခွဲ

(၁) Manager (Customer Relationship/ Risk & Credit) (၆) ဦး (ကျား/မ)

- MBA /MPA /International Degree ရရှိထားသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၇)နှစ်နှင့်အထက်ရှိသူ (ဘဏ်လုပ်ငန်းတွင် လုပ်ဆောင်နေသူဦးစားပေး) ဖြစ်ရမည်။ English (4) Skills ကျွမ်းကျင်ရမည်။ Microsoft Office ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ မိမိလက်အောက်ရှိဝန်ထမ်းများအား စီမံခန့်ခွဲအုပ်ချုပ်နိုင်သူဖြစ်ရမည်။

(၂) Deputy Manager (Corporate Banking / Product Management) (၅) ဦး (ကျား/မ)

- MBA /MPA /International Degree ရရှိထားသူ၊ Sales & Marketing / Banking Product နှင့်ပတ်သက်၍အတွေ့အကြုံအနည်းဆုံး (၅)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။ English (4) Skills ကျွမ်းကျင်ရမည်။ Microsoft Office ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သူ၊ ဦးဆောင်နိုင်သူဖြစ်ရမည်။

(၃) Assistant Manager (Corporate Banking / Public Relation/ Compliance) (၅) ဦး (ကျား/မ)

- ဘွဲ့ရ (MBA ဦးစားပေး)၊ Sales & Marketing / Compliance နှင့်ပတ်သက်သောလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်နှင့်အထက်ရှိသူ ဖြစ်ရမည်။ English (4) Skills ကျွမ်းကျင်ရမည်။ Microsoft Office ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ အသင်းအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်နိုင်သူ၊ ဦးဆောင်နိုင်သူဖြစ်ရမည်။

ဘဏ်ခွဲများ

(၄) Sr.Manager/ Manager/ Deputy Manager (၂၀) ဦး (ကျား/မ)

- ဘွဲ့ရ၊အသက်(၃၅-၅၀နှစ်)၊ သက်ဆိုင်ရာရာထူးဖြင့် ဘဏ်ခွဲတာဝန်ခံ၊ ဒုတိယတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁၀)နှစ်အထက်ရှိသူဖြစ်ရမည်။

(၅) Assistant Manager (Account/Remittance/Cash/Admin/Loan/Customer Relationship) (၁၅) ဦး (ကျား/မ)

- ဘွဲ့ရ၊ အသက်(၃၀- ၄၅နှစ်)၊ သက်ဆိုင်ရာရာထူးဖြင့်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၈)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။

(၆) Supervisor /Assistant Supervisor (Account/Remittance/Cash/Admin/Loan/Customer Relationship) (၂၅) ဦး (ကျား/မ)

- ဘွဲ့ရ၊ အသက်(၂၃ -၃၀နှစ်)၊ သက်ဆိုင်ရာရာထူးဖြင့်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်နှင့် အထက်ရှိသူရမည်။

(၇) ယာဉ်မောင်း (၂၅) ဦး (ကျား)

- အသက်(၂၅-၄၀)နှစ်၊ ယာဉ်မောင်းလိုင်စင်အနီ/အညိုကိုင်ဆောင်ထားသူ၊ ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်အထက် ရှိသူဖြစ်ရမည်။ ရိုးသားပြီးကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ (ရန်ကုန်ရုံးချုပ်နှင့်ဘဏ်ခွဲများအတွက်-၂၀ ဦး နှင့် နယ်ဘဏ်ခွဲများအတွက် - ၅ ဦး)

(၈) လုံခြုံရေး (၄၅) ဦး (ကျား)

- အသက်(၂၅-၃၅)နှစ်၊ အခြေခံပညာအထက်တန်းအဆင့်၊ အနည်းဆုံးအရပ် (၅ ပေ ၅ လက်မ)၊ ရိုးသား၍ ဆက်ဆံရေးပြေပြစ်ပြီး ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။ (ရန်ကုန်ဘဏ်ခွဲများအတွက်-၂၅ ဦး နှင့် နယ်ဘဏ်ခွဲများအတွက် - ၂၀ ဦး)

(နယ်ဘဏ်ခွဲများအတွက် ဒေသခံများအားဦးစားပေးခန့်အပ်သွားပါမည်။)

လျှောက်ထားသူများသည် အောက်ပါလိပ်စာအတိုင်း မိမိတို့၏ကိုယ်ရေးရာဇဝင်အကျဉ်းအား လုပ်ငန်းအတွေ့အကြုံထည့်သွင်းရေးသား၍ ဓါတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ လေဘာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ တို့အားပူးတွဲ၍ (၃၁.၁၂.၂၀၁၃) နေ့နောက်ဆုံးထား၍ စာတိုက်မှတဆင့်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - အမှတ်(520/A4)၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။(ပွင့်သစ်စမ်းစားသောက်ဆိုင်(ဒုတိယထပ်))
- အမှတ်(15/187)၊ 26 (B) လမ်း၊ 87 လမ်းနှင့် 88 လမ်းကြား၊ ဘုရင့်နောင်လမ်း၊ အောင်မြေသာစံမြို့နယ်၊မန္တလေး။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် - 01-8603009~18 (HR Department ရန်ကုန်)၊ 02-24810 ~ 24824 (Coordination Office ၊မန္တလေး)

Email Address - uabhohr@unitedamarabank.com

ဗီဒီယို၊ ဓာတ်ပုံ အာကိုင်း

AKAI Video & Photo Services

Office -
အမှတ် (၈)၊လသာလမ်း(အောက်လမ်း)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

Photo Studio -
အမှတ် (ဒီ ၉)၊ မင်္ဂလာလမ်း ၊ မင်းရဲ...
တာမွေကလေး(ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအနီး)၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့ ။

Ph - 01 710491, 09 4211 62666 , 09 86 18988 , 09 86 16669 , 01 86 03595

ယာဉ်/ယန္တရားများငှါးမည်

မြေသားလုပ်ငန်းနှင့် လမ်းလုပ်ငန်းများ လုပ်ကိုင်ရန် အတွက်ယာဉ်/ ယန္တရားကြီးများရှိပါသည်။ငှါးရမ်း ဆောင်ရွက်လိုသူများ ဆက်သွယ်နိုင်ပါသည်။

Electrum Services Co., Ltd

PH . 09-5002288

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၁၅၁၆၊ L mini LMN, 01, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝေ ၁၂/ဥကတ(နိုင်)၀၅၁၀၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

သီတဂူရှေပြည်ဟိန်းစကျွဒါနဆေးရုံ ဒီဇင်ဘာ ၂၈၊ ၂၉ (၃၀) ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ(၂၈၊၂၉)ရက်တွင် ဦးရေ(၃၇၀၀)ပြည့် ၃၀-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZ Bank(Account No.00730200701690301)နှင့် အခြားဘဏ်များ အရှင်ခေမာသိရိလင်္ကာရ (၁၂/ရကန(သ)၀၀၀၀၈၅)၊ ဖုန်း-၀၉ ၅၁၀ ၂၁၉၇၊ ၁၁-၅၄၁၄၉၃ သို့လည်းကောင်း။

ရွှေပြည်ဟိန်းကျောင်း၊ပြည်သာယာ၊ရန်ကင်း၊ကျိုက္ကဆံရပ်ဝန်း၊ တာမွေလေး၊ သိလမ်းအနီး ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀ ၂၁၉၇) သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ ဒီဇင်ဘာ ၂၈-၂၉၊ (၃၀) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

ခန္ဓာဗေဒဌာန ဆေးတက္ကသိုလ် (၂) မိသားစုတို့က ကျပ်ငွေ ၁၀ သိန်း လှူဒါန်းစဉ်

ခန္ဓာဗေဒဌာန ဆေးတက္ကသိုလ် (၂) မိသားစုတို့၏ စုပေါင်းအလှူ	ကျပ်ငွေ ၁၀ သိန်း	(ဦးထွန်းကြည်) + ဒေါ်ရှုတင် မိသားစု ၂၁ လမ်း၊ လသာ	၂၀၀၀၀၀
ဗိုလ်မှူးကြီးခွဲဝင်းမြင့်၊ သမီး မခိုင်ဇင်သန်း(မွေးနေ့ဒါန)မလိခလမ်း၊ မရမ်းကုန်း	၂၀၀၀၀၀	ဒေါ်ခင်ငွေကြယ် အမှတ် ၁/၁၁ ဟသ်ာတမြို့ (ဘက်လွှဲလှူ)	၁၂၀၀၀၀
Dr. နန်းထက်မင်း၊ ကန်တော်မှုန်အိမ်ရာ၊ လေးထောင့်ကန်၊ သယ်န်းကျွန်း	၂၀၀၀၀၀	ဦးမြင့်ထွေး (မွေးနေ့ဒါန) ၄၈ လမ်း၊ ဗိုလ်တထောင်	၁၀၀၀၀၀
ဦးမျိုးမင်း + ဒေါ်ခင်သိန်းအေး မိသားစု (၃၅) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်	၁၂၀၀၀၀	(ဦးလှစိန်) + ဒေါ်ကျင်တီ၊ သား ဦးပြုံး + ဒေါ်နန်းထွေး ကျောက်တံတား	၁၀၀၀၀၀
ဦးစွမ်ခင် + ဒေါ်အေးစန်း မိသားစု တာမွေလေး	၁၀၀၀၀၀	(ဦးအေး + ဒေါ်တီတီရင်) ဦးမင်းနိုင်၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်လှဲလှဲဝင်း	၈၀၀၀၀
ဦးတင်အုန်း + ဒေါ်စန်းစန်းလွင် ဒေဝါဇလမ်း (င) ရပ်ကွက်၊ မ/ဥ	၈၀၀၀၀	ဒေါ်သက်နိုမြင့်၊ သမီး နန်းယုနန္ဒီ၊ မြေး လင်းသန့်နန္ဒီ၊ ကမာရွတ်	၈၀၀၀၀
ကိုမြင့်သူ + မချိုတူး၊ သမီးမြို့သီရိနိုင် (မွေးနေ့ဒါန) တ/ဒဂုံ	၅၀၀၀၀	ဒေါ်နီလာမြင့်၊ ဒေါ်မြင့်မြင့်ခိုင် မိသားစု ပင်းယ (၁၀) လမ်း၊ တ/ဥ	၈၀၀၀၀
ဦးညွှန့်အောင် + ဒေါ်ခင်စန်းသွယ် သုမင်္ဂလာလမ်း၊ ၁၂-ရပ်ကွက်၊ တ/ဥ	၅၀၀၀၀	ဦးအောင်မြင့်ဦး၊ သားရဲသီဟအောင် (မွေးနေ့ဒါန) ၁၆၃ လမ်း၊ တာမွေ	၈၀၀၀၀
ဒေါ်သန်းသန်းအေး (မွေးနေ့ဒါန) သုခလမ်း၊ ကျောက်မြောင်း	၅၀၀၀၀	ဒေါ်တင်ရွှေ (မွေးနေ့ဒါန) ငါးထပ်ကြီးတောင်ရပ်၊ ပဟန်း	၄၀၀၀၀
ဗိုလ်ကြီးအောင်ခင်ဦး + ဒေါ်ခင်ခင်စု မိသားစု၊ မင်းကြီးလမ်းရွာမ၊ အင်းစိန်	၄၀၀၀၀	ဦးသိန်းဇော် + ဒေါ်နှင်းနွယ်အေး၊ သမီး အိမ့်အိမ့်ခြွင်၊ ဗိုလ်တထောင်	၄၀၀၀၀
မနီနီမြင့် မွေ့ဒါနလမ်း၊ နတ်ချောင်းလမ်း၊ တာမွေ	၄၀၀၀၀	ဒေါက်တာ အောင်ကြည် + ဒေါ်ဌေးဌေးလှိုင် ဆေးသိပ္ပံပညာဦးစီးဌာန	၄၀၀၀၀
ဦးဘိုးသိန်း + ဒေါ်မြင့်မြင့်ယဉ် မိသားစု ကျိုက္ကဆံအိမ်ရာ၊ တာမွေ	၄၀၀၀၀	ဦးအောင်ကျော် + ဒေါ်ဆွေဆွေလတ် ဝေပုလ္လ (၃) လမ်း၊ မ/ဥ	၄၀၀၀၀
ဒေါ်ချယ်ရီအောင် (မွေးနေ့ဒါန) ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း	၄၀၀၀၀	ဦးဝင်းမြင့် + ဒေါ်ရီရီပြုံး သား မောင်းဝင်းရန်နိုင်ထွဋ် ပုဇွန်တောင်	၄၀၀၀၀

WIN YE KYAW SERVICES CO.,LTD.
DMA အသိအမှတ်ပြု OOW-CoC Class III သင်တန်း

ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် နိုင်ငံခြားရေကြောင်းကောလိပ်တွင် သင်ကြားပေးခဲ့သည့် ဆရာများက ဦးစီးသော ၂၀၁၄ ဖေဖော်ဝါရီလတွင်ဖွင့်လှစ်မည့် ပထမအသုတ်သင်တန်းအတွက် ကျောင်းသားများ စတင်လက်ခံနေပါပြီ။

သင်တန်းသားများအတွက် လိုအပ်သော Management, Security, Safety သင်တန်းများကိုလည်း အခမဲ့သင်ကြားပို့ချပေးမည်။

သင့်အရည်အချင်းဖြင့် အလုပ်အကိုင်နှင့် အခွင့်အလမ်းအတွက် အာမခံသည်။

သင်တန်းကြေး-ကျပ် ၃၂သိန်း

သင်တန်းသားဦးရေ(၃၀) ကန့်သတ်ထားပါသဖြင့် စာရင်းအမြန်သွင်းကြပါရန်။

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်

တိုက်(၁၁)၊ မြေညီထပ်၊ အေးရိပ်မွန်(၈) လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၆၆၂၃၉၈၊ ၀၁-၆၆၇၂၆၉၊ ၀၉-၇၃၁၇၇၂၀၆

UK's Top Computing Diploma in Yangon

Gusto Institute နှင့် UK နိုင်ငံ၏ အကြီးမားဆုံးပညာရေး အဖွဲ့အစည်းဖြစ်သည့် Edexcel တို့ပူးပေါင်းဖွင့်လှစ်မည်

HND Diploma in Computing (Batch 8)အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်း အကောင်း ဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုသူများ လျှောက်ထား နိုင်ပါသည်။

၂။ စာသင် ကာလ (၂) နှစ် အတွင်း အဆင့်မြင့် ကွန်ပျူတာ နည်းပညာ ဘာသာရပ် (၁၆) ခုကို နိုင်ငံ တကာ တက္ကသိုလ် ကြီးများကဲ့သို့ Student-Centered Learning Approach ဖြင့် စာတွေ့လက်တွေ့ လေ့လာသင်ယူရမည်ဖြစ်သည်။

၃။ သင်တန်း အောင်မြင်ဆုံးပါက နိုင်ငံတကာ တက္ကသိုလ် ကြီးများ၏ ဒုတိယနှစ် နှင့်ညီမျှသော Higher National Diploma (HND) ကို Edexcel (UK) မှ တိုက်ရိုက် ချီးမြှင့် မည်ဖြစ်သည်။

၄။ HND Diploma ရရှိပြီးပါက ပြည်တွင်း ရှိ Gusto Institute တွင်ဖြစ်စေ ၊ နိုင်ငံတကာ တက္ကသိုလ် ကြီးများသို့ သွားရောက် ၍ ဖြစ်စေ နောက်ဆုံး ၁ နှစ်သာ တက်ရောက်ပြီး B.Sc (Hons:) Computing ဘွဲ့ ကိုရ ယူနိုင်ပါသည်။

၅။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ တွင် တန်းခွဲအသစ် တစ်ခုဖွင့်လှစ် မည်ဖြစ်ပြီး ၊ လူဦးရေကန့်သတ် ထားပါသဖြင့် ကြိုတင် စာရင်းပေးသွင်း နိုင်ပါသည်။

GUSTO INSTITUTE
School of Computing & Software Engineering

edexcel
Approved Centre No.93683

#289(A), Pyay Road, Sanchaung Township,Yangon.
Call Us: 09-86 28806, 09 4500 56104, 09-730 31 302

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဂ)တွင် ပါရှိသော အများသိစေရန်ကြော်ငြာ အမှတ်စဉ်-၁၂မှ ဦးနေဝင်း ၁၂/မရက(နိုင်)၀၁၂၂၆၉အစား ၁၂/မရက(နိုင်)၀၁၂၂၆၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဃ)တွင်ပါရှိသော အများသိစေရန်ကြော်ငြာ အမှတ်စဉ်-၁၇ မှ ဦးအောင်သိန်း ၁၂/မရက(နိုင်)၀၇၈၀၉၅ အစား၁၂/မရက(နိုင်)၀၇၈၀၉၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်-၁၁၊ အခန်း-၁၁နေ ဦးကျော်သူသန်း ၁၂/ကတတ(နိုင်)၀၈၆၉၁၅သည် ဖခင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးမြသန်း ၁၂/ကတတ(နိုင်)၀၁၆၉၈၄ထံမှ အမွေဝေစုငွေကြေးများ ခွဲဝေရရှိထားပြီးဖြစ်ပါလျက် ၂၀၁၃ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် ဖခင်ဦးမြသန်းအား ရိုင်းစိုင်းစွာပြောဆိုခြင်း၊ ရန်သူသဖွယ် ကိုယ်ထိလက်ရောက်နာကျင်အောင်ပြုမူဆောင်ရွက်ခြင်းတို့ကြောင့် ၎င်းအားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးမြသန်း၏ညွှန်ကြားချက်အရ-

ဒေါ်သီယုဆွေ LL.B,D.B.L
အထက်တန်းရှေ့နေ

ဦးဝင်းဆွေ LL.B,D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ

အမှတ်-၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အကျအခိုက်ရောမလို ကောင်းတူရုံဖြင့် သိန်း ၄၂၀/၅၀၀/၁၀၀၀/ သိန်း ၁၅၀၀/ စသည်များ ကြိုဟီးသေပေါက်ဒေသ

ထိဘုရင်မြတ်ဆွေဦး၏အသင်တွက်ပြိုး

မင်္ဂလာစုံတွဲ၊၅၊တွဲ လက်ဆောင်ထိ ၅၅၀၀၀/-၊၁၀၊တွဲလက်ဆောင်ထိ ၁၁၀၀၀၀/-

နယ်မှထိုထိလိုက ဖန်းဖြစ်ကြိုးတစ်မျာ်ကြားပါ။

ဃ/၂၈၉၊ ခေမာသီလမ်းမ (ဝေပုလ္လ)အနီး။ မ/ဥက္ကလာ၊ ရန်ကုန်။
01-691492, 09-5010196

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊သစ်ဆိမ့်ကုန်းရပ်ကွက်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ် ၄၁၊ အကျယ်ပေ (၁၅၅×၁၆၀)ရှိ မြေနှင့်အိမ်အားဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်ကေသီဦး ၁၀/မလမ(နိုင်)၁၂၂၁၈၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)

အမှတ် ၂၂၂၊ စံပါယ်လမ်း၊ ၂ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်

ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆ အနောက်ရပ်ကွက်၊ ဝေဇယန္တာ ၁၇ လမ်း အနောက်၊ အမှတ် ၇၃၃(ခ)၊ ပေ (၂၀×၆၀) မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးဝင်းကြိုင် ၁၂/သကတ(နိုင်) ၀၉၆၅၄၀-ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်)၀၉၆၅၄၁ တို့ထံမှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဦးစိုးမိုးလှိုင် ၁၂/တမန(နိုင်)၀၀၄၁၉၆ ထံမှ ကျွန်တော် ဦးကျော်မြ ၁၁/စတန(နိုင်)၀၅၀၂၉၀က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက် အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြ

ဖုန်း-၀၁-၂၁၄၂၉၀၊ ၀၉-၈၅၀၂၂၇၉၊ ၀၉-၇၃၂၂၄၇၆၆

ဦးတင်ထူးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ (က/၇) လမ်း၊ အမှတ်-၁၈၆ နေ ဒေါ်ဥမ္မာသင်း (၁၄/ပတန (နိုင်) ၀၀၀၆၈၇) နှင့် ဦးကျော်ထက်အောင် (၁၂/အစန (နိုင်) ၁၈၉၇၄၄) မောင်နှမနှစ်ယောက်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ (က/၇) လမ်း၊ အမှတ်-၁၈၆ တွင် ကျွန်ုပ်၏မိတ်ဆွေ မောင်နှမနှစ်ဦးနှင့်အတူနေ အဒေါ်ဖြစ်သူ (ကွယ်လွန်သူ) ဒေါ်မြင့်မြင့်သိန်းသည် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဌာနမှူး (သင်တန်းရေးရာ) ရာထူးဖြင့် ၎င်း၏လုပ်သက်တစ်လျှောက်လုံးနှင့် ကွယ်လွန်သည့်အချိန်အထိ အိမ်ထောင်မရှိ အပျိုကြီးတစ်ဦးအဖြစ် ဂုဏ်သိက္ခာရှိစွာ နေထိုင်ခဲ့သူတစ်ဦးဖြစ်ပါသည်။

ဦးတင်ထူး၏ (၂၉-၁၁-၂၀၁၃) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂) ၏ **"ကျေးဇူးအထူးတင်ရှိခြင်း"** ဖော်ပြချက်တွင် ဒေါ်မြင့်မြင့်သိန်းအား ဇနီးအဖြစ် လည်းကောင်း၊ ကျန်ရစ်သခင်ပွန်း ဦးတင်ထူးအဖြစ်လည်းကောင်း ဖော်ပြခဲ့ခြင်းမှာ ကွယ်လွန်သူဒေါ်မြင့်မြင့်သိန်းအပေါ် များစွာဂုဏ်သိက္ခာကျဆင်းစေပါသည်။ သို့ဖြစ်၍ အဆိုပါမြန်မာ့အလင်းသတင်းစာပါ ဖော်ပြချက်များအား ကျေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ရုတ်သိမ်းပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ထို့အပြင် ရက်လည်နေ့မတိုင်မီ ကွယ်လွန်သူ၏အိမ်မှ ရာဖွေရယူသွားခဲ့သော ဒေါ်မြင့်မြင့်သိန်းအမည်ပေါက် မြေငှားဂရန်မူရင်းနှင့် မာဇဒါဒီမိုရို (၅င/၄၅၂၇) ကားနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ကျေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ပေးအပ်ရန်နှင့် ပြန်လည်ပေးအပ်ခြင်းမရှိက ၎င်းစာရွက်စာတမ်းများကို အသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေများမသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း စသည့်ကိစ္စရပ်များ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာ ဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်ထူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးဇော်ဦး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၅)

အမှတ်-၅၁၄/၅၁၈၊ ၃-လွှာ၊ အခန်းအမှတ် (၃-A)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Ph : ၀၉-၇၃၀၇၁၄၄၇ ၊ ၀၉-၄၃၀၅၁၀၃၃

☎ :01-512443, 09-73017656

အရောက်ပို့ ပွဲတော်အုပ် သန့်စင်ပြီး ပေါ်ဆန်းမွှေး

ရွှေဘို - Ks 42000/
ဖျာပုံ - Ks 34000/
ဆန်သစ် - Ks 26000/

ဟိုက်ခြောလစ်/လေဗီအား
Full Auto အလော်ရှိက်ခက်

ဘိလပ်မြေမှုစက်၊ ဘုတ်ပျဉ်ချ (ရောင်း/ငှား)
(၆၇)၊သံသုမာလမ်း၊သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး

PH:09 731 99 410
09420035882, 73199257

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။

09 31589922
09 31268183

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၊မြေကွက်အမှတ်၃၂၃၊ မြေကွက်တည်နေရာအမှတ်-၃၂၃၊ မိဂသီ (၁၉)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအာခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအာခင် ကွယ်လွန်သဖြင့် ဒေါ်ယိပိုးတီ(ခ)ဒေါ်ပိုးတီ ၇/ပခန(ပြု) ၀၀၀၁၀၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊မြေတိုင်းရပ်ကွက် အမှတ်၁၀၊ မြေကွက်အမှတ် ၅၈၄ ၊ မြေအမည်ပေါက် ဒေါ်ပြုံးပြုံးဆင ၁၂/ဥကမ(နိုင်) ၁၄၉၈၁၂၏ မြေချပါမစ်မူရင်းသည် ပျက်စီးပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးကဏ္ဍ

27th SEA Games Special

2013, December 7, Saturday

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအဖြစ် မြန်မာနှင့်ကမ္ဘောဒီးယားတို့ ကစားမည်

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၇ရက် **(ယနေ့)**မှစ၍ ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ပွဲစဉ်များဖြင့် စတင်မည်ဖြစ်ပြီး သုဝဏ္ဏကွင်းတွင် ညနေ ၄ နာရီ၌ တီမောနှင့်တိုင်း၊ ညနေ ၆ နာရီ ၄၅ မိနစ်တွင် အိမ်ရှင်မြန်မာနှင့် ကမ္ဘောဒီးယားတို့ ကစားကြမည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဖိလစ်ပိုင်အသင်းမှလွဲ၍ ကျန် ၁၀ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ တီမောနှင့်ကမ္ဘောဒီးယားတို့ပါဝင်ကြသည်။ မြန်မာအသင်းအနေဖြင့် အုပ်စုတတ်ရောက်ရေးအတွက် အဖွင့်ပွဲစဉ်မှာ အရေးကြီးပြီး အမှားအယွင်းမရှိ အမှတ်ပြည့်ရယူထားရန်လိုအပ်ပေသည်။ မြန်မာ၊ ကမ္ဘောဒီးယားအသင်း၏ ပြိုင်ပွဲအကြို ပြင်ဆင်ထားမှုအနေအထားအရ မြန်မာအသင်းအနေဖြင့် အားကန်ထုတ် ထစားရဖွယ်ရှိနေသည်။

မြန်မာယူ-၂၃ အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် အပြီးသတ်ကစားသမား ၂၀ ကို ဒီဇင်ဘာ ၆ ရက်က ရွေးချယ်ခဲ့ရာ စိုးကျော်ထျော်၊ ဖြိုးကိုကိုသိန်း၊ ထူးတူးအောင်၊ အောင်သူ၊ ဇာနည်တက်၊ ရန်အောင်လင်း(ဂိုး)နှင့် မျိုးမင်းလတ်တို့ ခုနစ်ဦး ကျန်ရစ်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးမိုးကျော်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ နည်းပြဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန်၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ ယန်ယောင်မင်၊ ကာယနည်းပြ အဇာ၊ ကစားသမားများအဖြစ် **ဂိုး**-ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ **နောက်တန်း**-ရန်အောင်ဝင်း၊ သက်နိုင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ဇန်ဘိထွန်း၊ စည်သူအောင်၊ **အလယ်တန်း**-ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ကျော်မင်းဦး၊ နိုင်လင်းဦး၊ ဆက်ဖြိုးဝေ၊ ရဲလင်းအောင်၊ သိန်းသန်းဝင်း၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ **ရှေ့တန်း**-ကျော်ကိုကိုနှင့် ကောင်းစည်သူတို့ ပါဝင်ကြသည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်

ရန်ကုန်မြို့တွင်ကျင်းပမည့် အမျိုးသားဘောလုံး(ခ)အုပ်စုမှ နည်းပြချုပ်များ၏ပွဲကြိုရင်ဖွင့်စကား

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ၌ တျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက် (ယနေ့)ညနေ ၄ နာရီတွင် စတင်တျင်းပတော့မည်ဖြစ်သည်။ အုပ်စု(တ)ပွဲစဉ်များတို နေပြည်တော်တွင် တျင်းပမည်ဖြစ်ပြီး အုပ်စု(ခ) ပတ်သည်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ ဘောလုံးဝါသနာရှင်များ ကြည့်ရှုနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုကဲ့သို့အုပ်စုခွဲ၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အကြိုအဖြစ် ယနေ့မွန်းလွဲ ၂ နာရီတွင် သတ်ဆိုင်ရာဘောလုံးအသင်း နည်းပြချုပ်များတွေ့ဆုံဆွေးနွေးပွဲနှင့် ပြိုင်ပွဲအကြိုမီဒီယာရှင်းလင်းပွဲတို့ ရန်ကုန်မြို့ ပြည်လမ်းရှစ်မိုင်ရှိ ရန်ကုန်ဟိုတယ်၌ တျင်းပခဲ့သည်။

မီဒီယာတွေ့ဆုံရှင်းလင်းပွဲတွင် ကိုရီးယားနိုင်ငံသား မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာတ "အခုတ ကျွန်တော်တို့ အကြိတ်အနယ်ယှဉ်ပြိုင်တစားရမှာကတော့ ထိုင်းအသင်းပါပဲ။ ကျန်တဲ့အသင်းတွေကိုတော့ မိမိတို့နဲ့အဆင့်တူတဲ့အတွက် အိမ်ရှင်အားသာချက်ရှိပေမယ့်လည်း ပေါ့ဆလို့တော့ မရပါဘူး။ ဖိုင်နယ်တတ်နိုင်အောင်ထုပ်ပြီး ရွှေရအောင်အစွမ်းတုန်ကြိုးစားယှဉ်ပြိုင်သွားမယ်လို့ ဆုံးဖြတ်ချတ်ချတားပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ထိုင်းအသင်းနည်းပြချုပ် ထိုင်းလက်ရွေးစင်ဘောလုံးသမားဟောင်း ကိုင်တီဆက်ကလည်း "ကျွန်တော်တို့ ဒီပြိုင်ပွဲအတွက် စာမျက်နှာ ၄ »

အမျိုးသမီးခြင်းလုံး ရွှေရမည်မှန်း

သတင်း-ခင်ရတနာ
ဓာတ်ပုံ
သူရ(တောင်ငူ)

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက်ဆီးဂိမ်း၏ ပွဲဦးထွက်ပြိုင်ပွဲ ခြင်းလုံးအားကစား၏ အခြေခံအချက်ခြောက်ချက် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး၌ မြန်မာအသင်းများက အနိုင်ရရှိကာ ဒီဇင်ဘာ ၇ ရက်၌ ဗိုလ်လုပွဲများ အသီးသီးယှဉ်ပြိုင်ကြရမည် ဖြစ်ပြီး အမျိုးသမီးခြင်းလုံးအားတစားနည်းမှ ရွှေတံဆိပ်ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ကြောင်း ခြင်းသုံး(အမျိုးသမီးအသင်း) က ပြောကြားသည်။

ယနေ့တွင် အမျိုးသား Event-1 အခြေခံခြောက်ချက် အခတ်ပြိုင်ပွဲ(မျိုးကွဲ)ပွဲ၌ စင်ကာပူအသင်းကို မြန်မာအသင်းက ၃၄၉-၁၅၉ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး တမ္ဘောဒီးယားအမျိုးသမီးအသင်းကို မြန်မာအမျိုးသမီးအသင်းက ၂၈၁-၁၄၅ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒီဇင်ဘာ ၇ရက်၌ အမျိုးသား မျိုးကွဲ Event-1 ပြိုင်ပွဲတွင် မြန်မာက ကမ္ဘောဒီးယားအသင်းနှင့်လည်းကောင်း၊ အမျိုးသမီးအသင်းမှာ လာအိုအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမျိုးသမီး Event-1 ပြိုင်ပွဲ၌ မြန်မာအသင်းသည် တမ္ဘောဒီးယားအသင်းနှင့် ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မျိုးကွဲအခတ်ပြိုင်ပွဲဝင်များအဖြစ် ခြေဖျားခတ်ကို အေးအေးသန့်၊ ခြေခွင်အခတ်ကို ဖြူဖြူဝင်း၊ ဒူးအခတ် တင်တင်လင်း၊ ဖဝါးအခတ် စန်းစန်းမော်၊ ဖနောင့်အခတ် သူဇာအောင်၊ ဖမျက်အခတ် ခင်ချောစုတို့က စည်းလုံးညီညွတ်စွာ စာမျက်နှာ ၄ »

အမျိုးသမီး Event-1 ပြိုင်ပွဲ၌ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်နေစဉ်။

မြန်မာဘတ်စကက်ဘော အကောင်းဆုံးပြင်ဆင်

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာဘတ်စကက်ဘောအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးရန် အပြင်းအထန်ကြိုးစားလေ့ကျင့်ထားကြောင်း မြန်မာနိုင်ငံ ဘတ်စကက်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ မြန်မာဘတ်စကက်ဘောအားကစားသမားများအနေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားဖို့ ပြင်ဆင်ထားပါတယ်။ ထိုက်သင့်တဲ့ ဆုတစ်ခုခုဝင်ဖို့လည်း ကြိုးစားနေပါတယ်။ မြန်မာအသင်းရဲ့ အဓိကပြိုင်ဘက်တွေက ဖိလစ်ပိုင်နဲ့ မလေးရှားဖြစ်နိုင်ပါတယ်။ ဆီးဂိမ်းမှာတော့ ဒီပြိုင်ဘက်တွေက အခြေအနေကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ကစားသမားတွေ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဆီးဂိမ်း ဘတ်စကက်ဘောပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများနှင့် အမျိုးသမီးပြိုင်ပွဲများ နှစ်မျိုးစလုံးထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာအပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ဘတ်စကက်ဘောအားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းတို့မှာ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းတို့ဖြစ်ကြသည်။

မြန်မာဘတ်စကက်ဘောပြိုင်ပွဲများအတွက် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၁၆ ဦးတို့ကို စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ မြန်မာအမျိုးသားဘတ်စကက်ဘောအသင်းအတွက် အမေရိကန်နည်းပြများဖြင့် လေ့ကျင့်ခဲ့ပြီး အမေရိကန်နာမည်ကြီး ဘတ်စကက်ဘောကစားသမားအချို့နှင့် ပူးတွဲလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ ထို့အတူ မြန်မာအမျိုးသမီးဘတ်စကက်အဖွဲ့ကို တရုတ်နည်းပြများ၊ ကစားသမားများနှင့် လေ့ကျင့်ပေးခဲ့သည်။ ဆီးဂိမ်းဘတ်စကက်ဘောပြိုင်ပွဲများကို ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ နေပြည်တော် ဇေယျာသိရိအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်သည်။

ဘတ်စကက်ဘောအားကစားနည်း၏ မူလဇာစ်မြစ်သည် အမေရိကန်နိုင်ငံမှလာသော အားကစားနည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘတ်စကက်ဘောအားကစားနည်း ရောက်ရှိလာသည်မှာ ကြာပြီဖြစ်သည်။ကျွန်းဆွယ်ခေတ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ဆီးဂိမ်းတွင် ဘတ်စကက်ဘော အားကစားပါဝင်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် ကစားသမားနည်းပါးလာခြင်းနှင့်အတူ တိုးတက်မှုမှာလည်း နည်းပါးခဲ့ရသည်။ ယခု ယှဉ်ပြိုင်မည့်ဆီးဂိမ်းတွင် မြန်မာဘတ်စကက်ဘောကစားသမားများအနေဖြင့် အတွေ့အကြုံကောင်းများ ရယူပြီး နောင်ပြိုင်မည့်ပြိုင်ပွဲများတွင် အကောင်းဆုံးဖြစ်လာနိုင်သည်။

မောင်ရွှေရိုး

အမျိုးသား၊ အမျိုးသမီး ပစ္စတိုသေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်ပြိုင်ပွဲဝင်ပုံစံများ တူညီကြ

စိုးထင်း(SP)

ရန်ကုန် ဒီဇင်ဘာ ၆

"သေနတ်ပစ် အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်အံ့" ဟူသောဆောင်ပုဒ်အတိုင်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် သေနတ်ပစ်အားကစားသမားများ၏ ပစ္စတိုလေ့ကျင့်နည်းများကို နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

အမျိုးသမီး ၂၅ မီတာ sport pistol လေ့ကျင့်စဉ်တွင် အနှေးပစ်ခတ်စဉ်နှင့် အမြန်ပစ်ခတ်စဉ်ဟု နှစ်မျိုးသတ်မှတ်ထားရှိသည်။ ပထမ အနှေးပစ်ခတ်စဉ်တွင် ပစ်ခတ်ချိန် ငါးမိနစ်နှင့် ကျည်ငါးတောင့်(စီးရီးတစ်တွဲ)ကို နည်းပြမှ အမိန့်ပေးပြီးသည်နှင့် ငါးမိနစ်အတွင်း အပြီးပစ်ခတ်ရသည်။ အဆိုပါကျည်ငါးတောင့်(စီးရီးတစ်တွဲ)ကို ခြောက်စီးရီးဖြင့် ကျည်အတောင့် ၃၀ ပစ်ခတ်ရသည်။ ယင်းကျည်အတောင့် ၃၀ မပစ်မီ ဆိုက်တာ(ဆိုက်စမ်း) ကျည် ငါးတောင့်ကို ကနဦးပစ်ခတ်ရပြီး စုစုပေါင်း ကျည် ၃၅ တောင့် ပစ်ရခြင်းဖြစ်သည်။

ဒုတိယ အနှေးပစ်ခတ်စဉ်တွင်လည်း ဆိုက်တာ(ဆိုက်စမ်း) ကျည်ငါးတောင့်ကို ကနဦးပစ်ခတ်ရပြီး စက္ကန့်ပေါ် ၇ စက္ကန့် ပျောက်နှင့် ခြောက်စီးရီးကျည်အတောင့် ၃၀ ကို ပစ်ခတ်ရသည်။

ယင်းနောက် အနှေးပစ်ခတ်စဉ်အမှတ်နှင့် အမြန်ပစ်ခတ်စဉ်အမှတ်ပေါင်းပြီး အမျိုးသမီး ၂၅ မီတာ sport pistol ပစ်ခတ်စဉ်အမှတ်များထွက်လာမည်ဖြစ်ကာ စုစုပေါင်းအမှတ် ၃၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အမျိုးသား မီတာ ၅၀ sport pistol (စိတ်ကြိုက်ပစ္စတို)တွင်စိုက်ညှိပစ်ခတ်ချိန် ၁၅ မိနစ်အတွင်း ကျည်အတောင့်ရေ အကန့်အသတ်မရှိပစ်ခတ်နိုင်သည်။ ပြိုင်ပွဲတွင်လည်း ကျည်အတောင့် ၆၀ကို အချိန်တစ်နာရီခွဲအတွင်း ပြီးအောင်ပစ်ခတ်ရကြောင်း သိရသည်။ ကျည်အရေအတွက် ၆၀ အရ အမှတ်အများဆုံးကို ၆၀၀ မှတ်သတ်မှတ်ထားရှိသည်။

"၂၀၀၇ ခုနှစ်မှာ ပြုလုပ်တဲ့ ဗန်ကောက်ပြိုင်ပွဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံက စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲမှာ ကစားသမားမောင်ကြူးက အမှတ် ပေါင်း ၅၆၃ နဲ့ စံချိန်တင်ခဲ့ပါတယ်။ အခု ကျင်းပမယ့် ဆီးဂိမ်းပွဲတော်ကြီးမှာလည်း သူပါဝင်ယှဉ်ပြိုင်မှာပါ။ (Qualification) လက်ရွေးစစ်ပြီးရင် ရှစ်ဦးက ဖိုင်နယ်တက်မယ်။ အဲ့ဒီဖိုင်နယ်မှာ စုစုပေါင်းအချက် ၂၀ ပစ်ရမယ်။ ရှုံးထွက်စနစ်နဲ့ ပစ်ရမှာပါ။ နောက်ဆုံးကျန်သူက ပထမရရှိမှာဖြစ်ပါတယ်။ အမျိုးသား Air pistol ကလည်း ဒီအတိုင်းပါပဲ။ အမျိုးသမီး Air pistol မှာတော့ ကျည်အတောင့် ၄၀ ကို ပစ်ခတ်ရပါမယ်။ သေနတ်ပစ်ပြိုင်ပွဲတွေမှာ ပထမဆုံးအနေနဲ့ (Qualification) လက်ရွေးစစ်ခြင်းကို အရင်ဆုံးပြုလုပ်ပါတယ်။ ပြီးရင် ဖိုင်နယ်အဆင့်ဝင်ရပါမယ်"ဟု ပစ္စတိုနည်းပြ ဦးမြင့်အောင်ကရှင်းပြပြီး လေ့ကျင့်မှုနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပုံစံများတူညီကြောင်း သိရသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့ အကောင်းဆုံးလေ့ကျင့်မှုနှင့်အတူ ပြန်လာမည်

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံမှ ငါးလကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြန်လည်ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်မှ သိရသည်။

မြန်မာပြေးခုန်ပစ်အားကစားသမားများသည် ဇွန်လမှ စက်တင်ဘာလအထိ တရုတ်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများ သွားရောက်လေ့ကျင့်ခဲ့ကြသည်။ အားကစားသမား ၁၉ ဦးသည် သုံးလပြည့်ပြီး ပြန်လာခဲ့ကြသော်လည်း ၁၁ ဦးမှာ ပိုမိုလေ့ကျင့်မပြည့်ဝစေရန် နှစ်လထပ်မံလေ့ကျင့်ခဲ့ကြသည်။ ၎င်း ၁၁ ဦး အားကစားအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

တရုတ်နိုင်ငံက အားကစားနည်း ၁၁ မျိုးမှ မြန်မာအားကစားသမား ၁၇၆ ဦးအား ဖိတ်ကြားခဲ့ပြီး တရုတ်နိုင်ငံ၌ ရက်ပေါင်း ၉၀ ကြာ လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရှိ အားကစားနည်းများတွင် နည်းပြလုပ်ပေးရန် နည်းပြ ၂၈ ဦး စေလွှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည် ဆီးဂိမ်းပြိုင်ပွဲ၌ ဆုမျှော်မှန်းထားသော အားကစားနည်းများတွင် ပြေးခုန်ပစ်အားကစားသည်လည်း အပါအဝင်ဖြစ်သည်။ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြေးခုန်ပစ် အားကစားနည်းများမှာ လမ်းလျှောက်၊ သံပြားပစ်၊ သံလုံးပစ်၊ အမြင့်ခုန်၊ အလျားခုန်၊ လှံတံပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၀၀၊ မီတာ ၄၀၀ ပြေးပွဲများ၊ မီတာ ၈၀၀ ပြေးပွဲများ၊ မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲများနှင့် မာရသွန်ပြေးပွဲများ ပါဝင်မည်ဖြစ်သည်။

ပြေးခုန်ပစ် အားကစားသည် မြန်မာ အားကစားသမိုင်းတွင် အောင်မြင်မှု အစဉ်အလာကြီးမားခဲ့သည့် အားကစားဖြစ်သည်။ မြန်မာပြေးခုန်ပစ် အားကစားသမားများအနေဖြင့် တစ်ချိန်က အောင်မြင်ခဲ့မှုများအပေါ် ယခုပြိုင်ပွဲတွင် ပြန်လည်အောင်မြင်မှုရရှိရန် အပြင်းအထန်ကြိုးစားလျက်ရှိသည်။ **ကြီးတိုင်းအောင်**

ဆီးဂိမ်းသတင်

❖ ဝဏ္ဏသိဒ္ဓိအားကစားကွင်း သန့်ရှင်း
အလုပ်သမား ၂၀၀ ကျော်က တာ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲ
နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး
များ ဆောင်ရွက်ရန် ဝန်ထမ်းအင်အား ၂၀
၇ နာရီမှ ညနေ ၆ နာရီအထိ သန့်ရှင်းမှုပြု

"သန့်ရှင်းရေးဝန်ထမ်းတစ်ဦးကို တစ်
ပေးပါတယ်။ ဒီဇင်ဘာတစ်လလုံး သန့်ရှင်း
ယှဉ်ပြိုင်ကွင်းတွေကို အဓိကထားပြီး ဆော
အပြင် လုံခြုံရေးသတိကိုလည်း ပူးတွဲလေ့ကျ
ရေးကို စနစ်တကျ တာဝန်ယူနိုင်အောင် ကြိ
တယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသ

❖ ဆီးဂိမ်း၌ Lactasoy က နေ့စဉ်

နေပြည်တော်ရှိ ဆီးဂိမ်းပြိုင်ပွဲအဓိကကျ
ကွင်းကြီးနှင့် ဇေယျာသီရိအားကစားကွင်းမ
နေ့စဉ် ပုလင်း ၂၆၈၀ ခန့် လှူဒါန်းဝေမည်

ဆီးဂိမ်းပြိုင်ပွဲများသို့ လာရောက်ကြ
အားကစားသမားများ၊ မီဒီယာသမားများအ
ခြင်းဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ သိရသ

ဒီဇင်ဘာ ၇ ရက် ယှဉ်ပြိုင်ကစားကြမည့်ပွဲစဉ်များ

အချိန်		အားကစားအမျိုးအစား	အသင်းများ	နေရာ
နံနက်	၁၀နာရီ	ဝါတာပိုလို	ထိုင်း-မလေးရှား	ဇေယျာသိရိ
မွန်းတည့်	၁၂နာရီ	ဝါတာပိုလို	မြန်မာ-အင်ဒိုနီးရှား	ဇေယျာသိရိ
နံနက်	၁၀နာရီ	ခြင်းလုံး (အမျိုးသမီး) Event(1)	မြန်မာ-လာအို	ဝဏ္ဏသိဒ္ဓိ
နံနက်	၁၀နာရီ	ခြင်းလုံး (အမျိုးသား) Event(1)	မြန်မာ-ကမ္ဘောဒီးယား	ဝဏ္ဏသိဒ္ဓိ
ညနေ	၄နာရီ	ဘောလုံးပြိုင်ပွဲ (အမျိုးသား)	တီမော-ထိုင်း	သုဝဏ္ဏ
ညနေ	၆နာရီ ၄၅	ဘောလုံးပြိုင်ပွဲ (အမျိုးသား)	မြန်မာ-ကမ္ဘောဒီးယား	သုဝဏ္ဏ
နံနက်	၉နာရီ	ဝူရှူးသရုပ်ပြယှဉ်ပြိုင်မှု	မြန်မာ-ကမ္ဘောဒီးယား	ဝဏ္ဏသိဒ္ဓိ

ခင်ရတနာ

ရိုးရာခြင်းလုံး မြန်မာအမျိုးသား၊ အမျိုးသမီး ဖိုင်နယ်ပွဲတက်

နေပြည်တော် ဒီဇင်ဘာ ၆

ဆီးဂိမ်းပြိုင်ပွဲ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲမူလအဆင့် မျိုးကွဲပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲ၌ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့လည်းတောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ မြန်မာနှင့်လာအိုအသင်းတို့လည်းကောင်း ဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

အမျိုးသားမူလအဆင့် မျိုးကွဲပြိုင်ပွဲတွင် မြန်မာက ၃၄၉ မှတ်ဖြင့် အပ်စုပထမ၊ ကမ္ဘောဒီးယားက ၂၉၃ မှတ်ဖြင့် ဒုတိယ၊ မလေးရှားက ၂၅၉ မှတ်ဖြင့် တတိယ၊ စင်ကာပူက ၁၅၉ မှတ်ဖြင့် စတုတ္ထရရှိကြပြီး အမျိုးသမီး မူလအဆင့် မျိုးကွဲပြိုင်ပွဲတွင် မြန်မာက ၂၈၁ မှတ်ဖြင့် အုပ်စုပထမ၊ လာအိုက ၂၃၀ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဒီးယားက ၁၄၅ မှတ်ဖြင့် တတိယ၊ မလေးရှားက ၁၀၀ မှတ်ဖြင့် စတုတ္ထရရှိခဲ့ကြသည်။ ဖိုင်နယ်ပွဲများကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - စိုးညွှန့်

ဆီးဂိမ်းအား ဂုဏ်ပြုလျက်ရှိသော ဦးတင်ဦး ဒီဇင်ဘာ ၉ ရက်တွင် ပန်းဝင်မည်

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မိုင် ၅၅၀ (ကီလိုမီတာ ၈၈၀) ကျော် ပြေး၍ ဆီးဂိမ်းကို ဂုဏ်ပြုနေသော နေပြည်တော်ပျဉ်းမနားမြို့ မိးရထားဝင်း ရန်အောင် (၂)ရပ်ကွက်တွင် နေထိုင်ပြီး အသက် ၅၀ အရွယ် ဦးတင်ဦးသည် လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိ စုစုပေါင်း ရှစ်မြို့နယ် နေပြည်တော် တစ်ပတ် ၁၉ ရက်ကြာ ခရီးအားခြေကျင်ပြေး၍ ဂုဏ်ပြုလျက်ရှိရာ ဒီဇင်ဘာ ၉ ရက်တွင် ပန်းဝင်မည်ဖြစ်သည်။

ဦးတင်ဦးသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှစတင်ပြီး လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့မှ စတင်တာထွက်ပြီး ပျဉ်းမနား-လယ်ဝေး၊ လယ်ဝေး-ပျဉ်းမနား၊ ဇေယျာသီရိ-ပျဉ်းမနား၊ ပျဉ်းမနား-ဇေယျာသီရိ အသွား/အပြန် နှစ်ခေါက်ပြေး၍လည်းကောင်း၊ အလားတူ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိမြို့နယ်များသို့ အသွားအပြန်နှစ်ခေါက်ပြေး၍နေပြည်တော်အားတစ်ပတ်လှည့်၍အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။ မြို့နယ်ကြခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံးများတွင် ပန်းဝင်ပြီး ဒီဇင်ဘာ ၉ ရက်တွင် မိုင် ၅၅၀ (ကီလိုမီတာ ၈၈၀) ပြေး၍ ဂုဏ်ပြုမှု ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယခုလို မပြေးမီ ဆီးဂိမ်းကို ကြိုဆိုသောအားဖြင့် မိုင် ၁၀၀၀ ခရီး စက်ဘီးနင်း ကြိုဆိုခဲ့ကြောင်းလည်း သိရသည်။ ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ဆီးဂိမ်းဂုဏ်ပြုသီချင်း နှစ်ပုဒ်ကိုလည်း စပ်ဆိုခဲ့ကြောင်း သိရသည်။ ၎င်းသီချင်းနှစ်ပုဒ်မှာ မြန်မာ့မြေပုံ မြစ်လေးစင်းနှင့် ခါးပတ်ပတ်လမ်းကြောင်းတို့ဖြစ်ပြီး သီချင်းများကို ဖြူးကျော်အမည်ဖြင့် ကိုယ်တိုင်ရေး၊ ဆို၊ တီး၍ စပ်ဆိုခဲ့ကြောင်းလည်း သိရသည်။ "ဦးက မြို့တော်ဝန်မာရသွန်ပြေးပွဲမှာလည်း အဆင့်(၇) နဲ့ အဆင့် (၉)ရဖူးပါတယ်။ ကယားပြည်နယ်ကျောင်းသားအားကစားပွဲတော်မှာလည်း လက်ရွေးစင်ဖြစ်ဘူးတယ်။ ၁၉၉၄ ခုနှစ် အလွတ်တန်း ကျောင်းသားအားကစားမှာလည်း လက်ရွေးစင်ဖြစ်ဖူးပါတယ်" ဟု ဦးတင်ဦးထံမှ သိရသည်။ ဦးတင်ဦးသည် ၎င်း၏ အပြေးခရီးစဉ်တွင် ပစ္စည်းများထည့်ရန် ကျောပိုးအိတ်ကို အုန်းသားဖြင့် ပြုလုပ်ထားကြောင်းကိုလည်း သိရသည်။

အလားတူ ၎င်း၏ နေအိမ်တွင်လည်း သစ်သားဖြင့် ပြုလုပ်ထားသော အသုံးအဆောင်အများအပြားရှိကြောင်းလည်း သိရသည်။

သတင်း - ဇင်ဦး
ဓာတ်ပုံ - ကိုကိုနေ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပတ်လည်ငါးပွဲ ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ လက်ရှိချန်ပီယံ ထိုင်း၊ ဒုတိယရရှိထားသည့် ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာအမျိုးသမီး ဘော်လီဘောသမားများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးဘော်လီဘော တတိယဆုနေရာမျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွင်း အမျိုးသမီးဘော်လီဘောအသင်းမှ အမြင့်ဆုံးမျှော်မှန်းသည့် တတိယဆုရရှိရန်အတွက် မြန်မာအသင်းနည်းပြများနှင့် ထိုင်းနည်းပြ မစ္စတာ ဘန်တမ်ဟာဘွန်တို့ဖြင့် အပြင်းအထန် လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

စခန်းသွင်းလေ့ကျင့်

"အမျိုးသမီးဘော်လီဘောအသင်းအတွက် လက်ရွေးစင်ကစားသမား ၁၂ ဦး ရွေးချယ်ထားပါတယ်။ မြန်မာအသင်းက မလေးရှားနိုင်ငံ ဆီးဂိမ်းပြိုင်ပွဲမှာ ကြေးနစ်ဆုရရှိခဲ့ဖူးပေမယ့် အလှမ်းဝေးနေခဲ့တာ ကြာပါပြီ။ ပထမရွှေတံဆိပ်ကိုတော့ လက်ရှိချန်ပီယံ ထိုင်းကပဲရရှိမယ်လို့ ခန့်မှန်းပါတယ်။ ကျွန်မတို့ အသင်းကတော့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာပါ။ ကျွန်မတို့ လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းအတွက် အဓိက အခက်အခဲကတော့ ကစားသမားရှားပါးတဲ့ ပြဿနာဖြစ်ပါတယ်။ မျိုးဆက်သစ်တွေများများ မွေးထုတ်ပေးနိုင်မှသာ အောင်မြင်မှုတွေ ပိုရလာပါလိမ့်မယ်။ လက်ရှိမှာတော့ တတိယရဖို့ မျှော်မှန်းထားပါတယ်" ဟု အမျိုးသမီးအားကစားအဖွဲ့ချုပ် ဘော်လီဘောအားကစားနည်း တာဝန်ခံအမှုဆောင် လက်ရွေးစင်ဟောင်း မသန္တာမောင်က ပြောကြားသည်။

တတိယနေရာ

"မြိုင်ပွဲအတွေ့အကြုံကလည်း အားနည်းတယ်။ နည်းစနစ်ပိုင်းမှာလည်း ထိုင်းနဲ့ယှဉ်ရင် အားနည်းပါတယ်။ အဓိက ပြဿနာကတော့ မျိုးဆက်သစ်ကစားသမား ရှားပါးနေတာပါ။ ဒီနှစ်ဆီးဂိမ်းကိုတော့ တတိယနေရာကို အဓိကရရှိအောင်ကြိုးပမ်းပြီး ရှေ့နှစ်တွေအတွက် အရပ်ရှည်ပြီး ကိုယ်ကာယကြံ့ခိုင်တဲ့ အမျိုးသမီးဘော်လီဘောကစားလိုသူတွေရရှိလာဖို့ မျှော်လင့်ပါတယ်" ဟု အမျိုးသမီးအသင်းခေါင်းဆောင် မနီလာအေးက ပြောကြားသည်။

သတင်း-ခင်ရတနာ
ဓာတ်ပုံ-သူရ(တောင်ငူ)

...မ်းသတင်းတိုများ

...းကစားကွင်း သန့်ရှင်းရေးအတွက် ...း ၂၀၀ ကျော်က တာဝန်ယူ

...က် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ပြိုင်ပွဲအများစု ကျင်းပရာ ...ဒ္ဓိအားကစားကွင်းကြီးအတွင်း သန့်ရှင်းရေးလုပ်ငန်း ... ဝန်ထမ်းအင်အား ၂၀၀ ကျော် အသုံးပြုပြီး နံနက် ...နာရီအထိ သန့်ရှင်းမှုပြုလုပ်လျက်ရှိသည်။

...န်ထမ်းတစ်ဦးကို တစ်နေ့လုပ်အားခ ငွေကျပ် ၂၅၀၀ ...ဘာတစ်လလုံး သန့်ရှင်းရေးတာဝန်ယူရမှာဖြစ်ပါတယ်။ ... အဓိကထားပြီး ဆောင်ရွက်ပါတယ်။ သန့်ရှင်းရေး ...ကိုလည်း ပူးတွဲလေ့ကျင့်ပေးထားပါတယ်။ သန့်ရှင်း ...တာဝန်ယူနိုင်အောင် ကြီးကြပ်သူတွေလည်း ထားပေး ...ရှိသူတစ်ဦးက ပြောပြသည်။

...ctasoy က နေ့စဉ် ပဲနို့ဗူး ၄၀ လှူဒါန်း

... ဆီးဂိမ်းပြိုင်ပွဲအဓိကကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစား ...ာသီရိအားကစားကွင်းများအတွင်း Lactasoy က ...၀ ခန့် လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။ ...များသို့ လာရောက်ကြည့်ရှုကြမည့် ပရိသတ်များ၊ ...း၊ မီဒီယာသမားများအတွက် ယခုကဲ့သို့ လှူဒါန်းပေး ...ဆိုပါ ကမ္ပဏီမှ သိရသည်။ **သတင်း - ပြီးပြီးခိုင်**

မြန်မာဝါတာပိုလို အားပေးသူများသော်လည်း အရေးနိမ့်

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့ကျင်းပသည့် ဝါတာပိုလို အားကစားပြိုင်ပွဲအသင်းကို လာရောက်ကြည့်ရှုအားပေးသူများပြားခဲ့သော်လည်း ကြိုတင်လေ့ကျင့်ချိန် နည်းပါးခဲ့ခြင်းနှင့် တစ်ဖက်အသင်း၏ အားသာချက်များပြားခြင်းကြောင့် ရှုံးနိမ့်ရကြောင်း မြန်မာဝါတာပိုလိုအသင်း နည်းပြချုပ် ဦးသန်းကျော်ညွန့်က ပြောကြားသည်။

ဝါတာပိုလိုအသင်းကစားမှုကို ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့ရသည့်အတွက် ပရိသတ်များစိတ်ဝင်စားမှုမြင့်တက်သော်လည်း မြန်မာအသင်းမှာမူ ထိုင်းနိုင်ငံအသင်းကို သုံးဂိုး-၂၂ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဝါတာပိုလိုပြိုင်ပွဲကို ဇေယျာသီရိအားကစားကွင်းတွင် ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာပန်ကြပ်ဆီလတ်အသင်းကို ဒိုင်အဖြစ်တာဝန်ယူရန် နေပြည်တော်သို့ ရောက်ရှိနေသည် ဖိလစ်ပိုင်နိုင်ငံသား ALISXIUS MARTIN ø PATANO က မြန်မာအသင်း၏ ကြိုးစားလေ့ကျင့်မှုများကို အားရကျေနပ်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ပန်ကြပ်ဆီလတ်ပြိုင်ပွဲအတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယား၊ လာအိုတို့မှ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ မြန်မာအသင်းက ရွှေတံဆိပ် လေးခုရရှိရန် မျှော်မှန်းထားကြောင်း အသင်းနည်းပြ ဦးဇော်ဝင်းက ပြောကြားသည်။

သတင်း-သိမ့်သိမ့်မိုး။ ဓာတ်ပုံ-ရန်နိုး

မြန်မာ့လက်ရွေးစင်အမျိုးသားအလေးမအဖွဲ့ ရွှေအောင်နိုင်ဆု ဆွတ်ခူးရန် အသင့်ဖြစ်ပြီ

ရန်ကုန် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ့လက်ရွေးစင် အမျိုးသားအလေးမ

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

အဖွဲ့အနေဖြင့် ရွှေအောင်နိုင်ဆု ဆွတ်ခူးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အလေးမအသင်းအဖွဲ့ ခေါင်းဆောင် ဦးတျော်အောင်စိုးတ ပြောကြားသည်။

"မြန်မာအမျိုးသားလတ်ရွေးစင် အလေးမအဖွဲ့အနေနဲ့ ရွှေအောင်နိုင်ဆုဆွတ်ခူးနိုင်ဖို့ အသင့်ဖြစ်နေပါပြီ။ အတတ်နိုင်ဆုံး ရွှေအောင်နိုင်ဆုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ အထူးသဖြင့် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်တ အလေးမအားကစားသမားတွေက အိုလံပစ်မှာဝင်ရောက်ယှဉ်ပြိုင်နေတဲ့ အားကစားသမားဆိုတော့သတိကိုပိုပြီး အထူးဂရုပြုယှဉ်ပြိုင်ရမယ်။ ဗီယက်နမ်နိုင်ငံတ အမျိုးသားအလေးမ ၅၆ ကီလိုတန်းဆိုရင် အိုလံပစ်ပြိုင်ပွဲမှာ ဆုတံဆိပ်ဆွတ်ခူးထားတယ်။ အင်ဒိုနီးရှားနိုင်ငံက ၆၂ ကီလိုတန်းနဲ့ ၆၉ ကီလိုတန်းတွေဆိုရင်လည်း အိုလံပစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ အလေးမအားတစားသမားတွေပဲ။ ထိုင်းအသင်း အလေးမအားတစားသမားတွေလည်း ကောင်းကြတယ်။ ဘာပဲဖြစ်ဖြစ် အမျိုးသား အမျိုးသမီး အနည်းဆုံး ဆုတံဆိပ်ခြောက်ခုကိုတော့ အိမ်ရှင်အနေနဲ့ ရယူနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားဖို့ မှန်းထားပါတယ်" ဟု မြန်မာ့လက်ရွေးစင်အလေးမအသင်း အဖွဲ့ခေါင်းဆောင် ဦးကျော်အောင်စိုးက ဆက်လက်ပြောကြားသည်။

မြန်မာအမျိုးသားအလေးမအဖွဲ့ကို ရန်ကုန်မြို့၌ နှစ်နှစ်နီးပါး တရုတ်နိုင်ငံ နည်းပြဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မကြာမီကျင်းပတော့မည့် အားကစားပြိုင်ပွဲကြီးအတွက်နောက် အားကစားသမားများကို ရွေးချယ်ပြီးဖြစ်သည်။ (၂၇) ကြိမ်မြောက် ဆီး... ဆန်ခါတင်

ဝိတ်တန်းအလိုက်ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသား အလေးမအားတစားသမားများမှာ ပြည့်ဖြိုး၊ မြင့်ကြည်၊ ကျော်မိုးဝင်း၊ စောအောင်နိုင်၊ စသန်းထိုက်ဝင်း၊ ကျော်ထွန်းအောင်၊ ဝင်းနိုင်ထွန်းတို့ဖြစ်ကြပြီး ထည့်သွင်းထားသည့် ဝိတ်တန်းများမှာ ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုကန်း၊ ၇၇ ကီလိုတန်း၊ ၈၅ ကီလိုတန်းနှင့် ၉၄ ကီလိုကန်း စုစုပေါင်း ကီလိုတန်းခြောက်ခု ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ငါးတန်းကို ရွေးချယ်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်း၌ အမျိုးသားအလေးမပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံများမှာ အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ဖြစ်ကြပြီး စုစုပေါင်း ပြိုင်ပွဲဝင်ခြောက်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြမည့်ဖြစ်သည်။

အဆိုပါ အမျိုးသားအလေးမပြိုင်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူ အားကစားရုံ၌ ဒီဇင်ဘာ ၁၃ ရက်မှစတင်ပြီး ၁၆ ရက်အထိ နေ့စဉ်ပြိုင်ပွဲနှင့် ဆုပေးပွဲများကို တစ်ပါတည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေအောင်နိုင်ဆုဆွတ်ခူးရန် အပြင်းအထန် လေ့ကျင့်နေသည့် မြန်မာအမျိုးသား အလေးမအဖွဲ့။

» စာမျက်နှာ ၁ မှ

ဘာဖိအားမှမရှိဘဲ ယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာအသင်းတ အိမ်ရှင်ဖြစ်ပေမယ့်လည်း ကျွန်တော်တို့ ဘာစိုးရိမ်မှုမှမထားပါဘူး။ အိမ်ရှင်အားသာချက်တော့ရှိတာပေါ့။ မျှော်မှန်းထားတဲ့ အောင်မြင်မှုရရှိပြီးတော့ ပြန်သွားမှာပါ" ဟု ပြောပြသည်။

တီမောလက်စ်တေဘောလုံးအသင်းနည်းပြချုပ် ဘရာဇီးနိုင်ငံသား Mr. Emerson ကလည်း "ကျွန်တော်တို့ အိမ်ရှင်အသင်းကိုတော့ အထူးဂရုပြုယှဉ်ပြိုင်သွားမှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ ပြည်ပနိုင်ငံတွေက မွေးထားတဲ့ ကစားသမားခြောက်ဦးပါဝင်ပါတယ်။ ဥပမာ ပြင်သစ်နိုင်ငံမှ မွေးထားတဲ့ အားကစားသမားနှစ်ဦးလည်း အသင်းထဲကို ထည့်သွင်းထားပါတယ်။ ဒါကြောင့်မို့ မထင်မှတ်တဲ့ရလဒ်မျိုးကို ရရှိအောင် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံသား ကမ္ဘောဒီးယားဘောလုံးအသင်းနည်းပြချုပ် Mr. Taehoon lee က "ဒီပြိုင်ပွဲက ဘယ်အသင်းမှ လျှော့တွက်ထားလို့မရပါဘူး။ အိမ်ရှင်မြန်မာအသင်းကိုပဲ နည်းနည်းစိုးရိမ်ပါတယ်။ ဘောလုံးဆိုတာကတော့ အတတ်ပြောလို့မရတဲ့ အထဲမှာပါဝင်ပါတယ်။ ထိုင်းအသင်းကလည်း နာမည်ကြီးအသင်းကောင်းတစ်ခုပါပဲ။ ဒါပေမယ့် အကောင်းဆုံးတော့ ယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားသည်။

အသင်းတိုင်းကို လျှော့တွက်လို့မရပါဘူး။ တီမောလက်စ်တေဆိုလည်း ခုမှပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုပေမယ့် တောင့်တင်းတဲ့အသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ ယှဉ်ပြိုင်ကစားသွားဖို့ရှိပါတယ်" ဟု အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ် Mr. Rachmat က မီဒီယာများအား ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာပြေးခုန်ပစ်အဖွဲ့ အကောင်းဆုံးလေ့ကျင့်မှုနှင့်အတူ ပြန်လာမည် စာ-၂
ရိုးရာခြင်းလုံး မြန်မာအမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲတက် စာ-၃
ဒီဇင်ဘာ ၇ ရက် ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်များ စာ-၃
အမျိုးသမီးဘော်လီဘော တတိယဆုနေရာမျှော်မှန်း စာ-၃

» စာမျက်နှာ ၁ မှ

အပေးအယူမျှတစွာဖြင့် ကမ္ဘောဒီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားရာ Step(1) ၁၀ မိနစ်အတွင်း ၄၆-၉၃ မှတ်ဖြင့်လည်းကောင်း၊ Step(2) အတွင်း ၉၆-၁၈၆ မှတ်ဖြင့် လည်းကောင်း၊ နောက်ဆုံး Step အတွင်း၁၄၅-၂၈၁ မှတ်ဖြင့်လည်းကောင်း အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့အနေနဲ့ မြန်မာ့ရိုးရာအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိလို့ ဝမ်းသာပါတယ်။ အနိုင်မရရှိပေမယ့် ကစားနည်းအသစ်ကို ဆီးဂိမ်းပြိုင်ပွဲမှာ ပထမဆုံးပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အပြင် မြန်မာအမျိုးသမီးအသင်းနဲ့ လွန်ခဲ့တဲ့ နှစ်လကတည်းက Joint Trainner လုပ်ခဲ့တဲ့ အတွေ့အကြုံတွေအခြေခံပြီး ရှေ့နှစ်တွေမှာ အကောင်းဆုံးကြိုးစားမယ်" ဟု ကမ္ဘောဒီးယားအမျိုးသမီးခြင်းလုံးအသင်း၏ အုပ်ချုပ်သူတစ်ဦးက ပြောကြားသည်။

နည်းစနစ်ပိုင်နိုင်မှု၊ ရိုးရာအားကစားနည်းဖြစ်ခြင်းကြောင့် အတွေ့အကြုံများပြားမှုနှင့် ပြင်ဆင်သည့်ကာလ များပြားထားခြင်းကြောင့် မြန်မာခြင်းလုံးအသင်းအနေဖြင့် ယခုနှစ်ဆီးဂိမ်းအတွက် ရွှေတံဆိပ်ငါးခုမှ ခြောက်ခုအထိ ရယူပေးနိုင်မည်မှာ သေချာနေသော်လည်း ကြိုးပမ်းအားထုတ်မှုနှင့် လေ့ကျင့်မှုအားကောင်းသည့် ထိုင်းအသင်းကိုလည်း လာမည့်ဆီးဂိမ်းများတွင် သတိထားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြင်းလုံးအသင်းအုပ်ချုပ်သူ ဦးအေးသောင်းက ပြောကြားသည်။

"မနက်မြန် Final မှာရွှေရမှာ ကျိန်းသေပါတယ်။ ကျွန်မတို့အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရပြီး အခုလိုနိုင်ငံ့ဂုဏ်ကိုဆောင်နိုင်တဲ့အတွက် ဂုဏ်ယူပါတယ်။ စည်းစနစ်ပိုင်းနဲ့ အမှတ်ပေးစည်းမျဉ်းစည်းကမ်းတွေကို နိုင်ငံတကာအားကစားနည်းတွေနဲ့ ကိုက်ညီတဲ့အခြေအနေဖြစ်အောင်လုပ်ပေးထားတာလည်း အားရမှုရှိပါတယ်။ ကျွန်မတို့ မြင်းလုံးကစားနည်းမှာ ကိုယ်ကာယကြံ့ခိုင်မှုအပြင် စုစည်းမှုနဲ့စိတ်တည်ငြိမ်မှုက လိုအပ်ပါတယ်။ အရှေ့တောင်အာရှအသင်းတွေက စိတ်ပါဝင်စားစွာနဲ့ ကျွန်မတို့နဲ့ ပူးပေါင်းပြီး လေ့ကျင့်မှုတွေလုပ်ပေးတာကိုလည်း ကျေနပ်ပါတယ်။ ရွှေတံဆိပ်ဆိုတာ ကြိုးစားတဲ့သူတိုင်းအတွက်ဖြစ်လာမှာပါ။ ပြိုင်ဘက်အသင်းတွေကို ကြိုဆိုပါတယ်။ အဲဒါမှလည်း မြန်မာ့ခြင်းလုံးအသင်းက ကမ္ဘာကျော်မှာဖြစ်ပါတယ်" ဟု မျိုးကွဲခြောက်ချက် event ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းကို အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်လျက်ရှိသည် မြန်မာခြင်းလုံးအမျိုးသမီး အားကစားသမား မတင်တင်လင်းက ပြောကြားသည်။

ခြန်မာအမျိုးသမီးခြင်းလုံးကစားသမားများအနေနှင့် ရိုးရာအားကစားခြင်းလုံး လေ့ကျင့်ခန်းကာလများအတွင်း ခြေဖျား၊ ဒူး စသည့် အခတ်တစ်မျိုးစီအတွက် ဆက်တိုက်အချက်ရေ ၁၂၀၀၀ အထိ ခတ်ခဲ့ဖူးကြောင်း သိရှိရသည်။

ဆီးဂိမ်းသတင်းထုတ်ပြန်ရေးနှင့် မီဒီယာသမားများတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

ဆီးဂိမ်းပြိုင်ပွဲကာလအတွင်း ပြည်တွင်း ပြည်ပမီဒီယာသမားများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ဆီးဂိမ်း Main Press Center မှ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ် ယနေ့ပြုလုပ်သည်။ အဆိုပါ ရှင်းလင်းပွဲအတွင်း မီဒီယာများ FOB အတွင်းဆင်း၍ သတင်းယူခွင့်ရရှိစေရန်အတွက် မီဒီယာသမားများ၏လိုအပ်ချက်ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း MPC တာဝန်ရှိသူများတ ဆိုသည်။

အချက်အလက်ရရှိရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာများအပြင် မီဒီယာသမားများအတွက် အခက်အခဲများ၊ ဒစ်ဂျစ်တယ်ပစ္စည်းများ ရုတ်တရက်ပျက်စီးမှုအတွက် အရေးပေါ်ပြင်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနေသည့်အပြင် Myanmar IBC ဝတ်ဘ်ဆိုက်၌လည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်တု ပြောကြားသည်။

မဇ္ဈိမသတင်းဌာနသို့ လျှောက်ထားသည် ပြည်တွင်း ပြည်ပသတင်းမီဒီယာများအတွက် ဆီးဂိမ်းအတိမ်းအမှတ်အတိုျများတို ထုတ်ယူနိုင်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လတ်အောတ် မီဒီယာများအတွတ် ပါဝင်ခြင်းမရှိကြောင်း၊ မီဒီယာသို့ တုတ်ပေးသည့် ဝင်ခွင့်တတ်များတွင် သွားလာရေးအတွတ် စီစဉ်ထားမှုပါဝင်သော်လည်း အကြောင်းကြောင်းကြောင့် စီစဉ်မပေးနိုင်သေးခြင်းနှင့် ကတ်မရရှိသေးမြင်း၊ တားဝင်ခွင့်မရရှိခြင်း၊ မီဒီယာသတ်မှတ်နေရာများလုပ်ဆောင်ရန် အားနည်းခြင်းတို့တု မီဒီယာသမားများတ ဝေဖန်မှုများရှိနေသည်။

(မြန်မာ့အလင်းသတင်းအဖွဲ့)